# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 13 August 2021 ၁၀၄၆၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိအား အများပြည်သူအလုပ်ပိတ်ရက်အဖြစ် တိုးမြှင့်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၂၂၆ /၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ပိုမိုထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အများပြည်သူအလုပ်ပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

အများပြည်သူအလုပ်ပိတ်ရက်အတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လေးကြိမ်သတ်မှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကို ဆက်လက်ထိန်းချုပ်ပြီး ပုံမှန်အခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့မှ ၂၂ ရက်နေ့အထိအား တစ်ဆက်တစ်စပ်တည်း အများပြည်သူအလုပ်ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ တိုးမြှင့်သတ်မှတ်ကြေညာလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## အခြေခံပညာကျောင်းများအား ရက်သတ္တ(၁)ပတ် ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
Coronavirus Disease 2019 (COVID–19)
ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

လက်ရှိအခြေအနေအရ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ဟန့်တားထိန်းချုပ်ရန်လိုအပ်သည့်အတွက် အခြေခံပညာကျောင်းများ (ပုဂ္ဂလိကကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအပါအဝင်) အား ၁၆-၈-၂၀၂၁ ရက်နေ့မှ ၂၂-၈-၂၀၂၁ ရက်နေ့အထိ ရက်သတ္တ(၁)ပတ် ဆက်လက်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

### ကြေးမုံ ယနေ့ ဖတ်စရာ


**ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်**

စာမျက်နှာ » ၅

**ကိုဗစ်-၁၉ ရောဂါ ကုသမှုဌာနများတွင် စနစ်တကျ လိုက်နာကုသမှုခံယူခြင်းဖြင့် ကျန်းမာစွာပြန်လည်ဆုံတွေ့ကြပါစို့**

စာမျက်နှာ » ၆


## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ



ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့သို့ ရောက်ရှိလာသည့် နေရပ်ပြန်မြန်မာနိုင်ငံသားများအား T.B.C ကားကြီးကွင်းမှတစ်ဆင့် သက်ဆိုင်ရာဒေသအသီးသီးသို့ ပို့ဆောင်ပေးစဉ်။ ခရိုင်(ပြန်/ဆက်)

နေပြည်တော် ဩဂုတ် ၁၂

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၁၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်စစ်ဆေးရေးဂိတ် နမ့်ဖာဟော် တံတားမှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၃၀ နှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်စစ်ဆေးရေးဂိတ် ရန်လုံကျိုင်းတံတားမှ အမျိုးသားတစ်ဦးတို့ကိုလည်းကောင်း၊ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ပုံဆိပ်ကမ်းမှ အမျိုးသား ၁၉၇ ဦး၊ အမျိုးသမီး ၁၀၄ ဦး စုစုပေါင်း ၃၀၁ ဦးကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

ကြေးမုံ

# လူသားချင်းထောက်ထားသက်ညှာစွာစဉ်းစား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိရောက်စွာ ဟန့်တား၊ ထိန်းချုပ်၊ ကာကွယ်၊ ကုသနိုင်ရန် အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်များကြောင့် တရားရုံးအသီးသီးတွင် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိသဖြင့် ချုပ်ရက်ရှည်ကြာနေသည့် တရားခံများကို ထောက်ထားငဲ့ညှာသည့်အတွက်လည်းကောင်း သတ်မှတ်ထားသည့် ပြစ်မှုများကို အမှုမှလွှတ်ရန် ၂၀-၇-၂၀၂၁ ရက်စွဲပါ အမိန့်အမှတ် ၁၄၇/၂၀၂၁ ကို ထုတ်ပြန်၍ အမှုများမှ လွှတ်ပေးခဲ့ပြီးဖြစ်သည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားနေဆဲဖြစ်သော ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကန့်သတ်ထားသော အမိန့်၊ ညွှန်ကြားချက်၊ စည်းကမ်း အမျိုးမျိုးနှင့် ရောဂါနှင့်ပတ်သက်သည့် နောက်ဆက်တွဲအကျိုးဆက်များကြောင့် ပြည်သူများအနေဖြင့် လူမှုရေး၊ စီးပွားရေးအခက်အခဲအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ အခက်အခဲဖြစ်နေသည့်အကြောင်းကိစ္စများတွင် တရားရင်ဆိုင်နေရသည့် အမှုကိစ္စအမျိုးမျိုးလည်းပါဝင်နေရာ တရားရင်ဆိုင်နေရသောအမှုသည်များနှင့် ၎င်းတို့နှင့်ပတ်သက်သည့် မိသားစု၊ ဆက်နွယ်မှုများကြား၌ အခက်အခဲများဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့သောအခက်အခဲများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူသားချင်းစာနာထောက်ထားသောအားဖြင့် အမှုပိတ်သိမ်းခြင်းတို့ကို အကြိမ်ကြိမ်ပြုလုပ်ပေးခဲ့သည်။

ယခုကဲ့သို့ ရင်ဆိုင်နေရသည့်အမှုများမှ လွတ်မြောက်စေရန် ဆောင်ရွက်ပေးမှုသည် တရားရင်ဆိုင်နေရသော အမှုများအားလုံးကို ဆိုလိုခြင်းမဟုတ်ဘဲ လွှတ်ပေးသင့် လွှတ်ပေးထိုက်သည့် အမှုတို့ကိုသာ လွှတ်ပေးနေခြင်းဖြစ်သည်။ ရည်ရွယ်ချက်မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ဆက်လက်ဟန့်တား၊ ထိန်းချုပ်၊ ကာကွယ်ကုသနိုင်ရန်နှင့် ကျန်ရှိနေသည့် ချုပ်ရက်ရှည်ကြာနေသောတရားခံများကို သတ်မှတ်ချက်များနှင့်အညီ သက်ညှာစွာဖြင့် အမှုပိတ်သိမ်းနိုင်ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အမှုအားလုံးအားဆိုလိုခြင်းမဟုတ်သည်ကို သိရှိထားရန်လိုအပ်သည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပါ ပြစ်မှုများ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေပါပြစ်မှုများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပါပြစ်မှုများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးဆိုင်ရာဥပဒေပါ ပြစ်မှုများ (အမိန့်အမှတ် ၁၄၇/၂၀၂၁ ၏ အပိုဒ် ၂(စ)နှင့်(ဆ)ပါ ပြစ်မှုများမပါ)၊ မတရားအသင်းအက်ဥပဒေပါပြစ်မှုများ၊ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ရာဇသတ်ကြီး ပုဒ်မ ၁၂၂)၊ အကြည်ညိုပျက်အောင်ပြုလုပ်မှု {ရာဇသတ်ကြီးပုဒ်မ ၁၂၄ (က)} အရ စွဲဆိုထားသည့်အမှုများ၊ ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေးအမှုများ၊ တရားရုံးတွင် ဦးတိုက်လျှောက်ထားစွဲဆိုထားသောအမှုများ၊ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းအသီးသီးက လုံလောက်သောအကြောင်းပြချက်ဖြင့် ပိတ်သိမ်းခြင်းမပြုသင့်ကြောင်း ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့မတိုင်မီ သက်ဆိုင်ရာတရားရုံးများတွင် လျှောက်ထားသည့်အမှုများမှအပ ကျန်အမှုများသည် ကင်းလွတ်ခွင့်ရှိသည်။

ထို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီ အထက်ပါအမှုများမှအပ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရပြီး ကြားနာစစ်ဆေးနေဆဲ ပြစ်မှုဆိုင်ရာအမှုများအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရမည်ဖြစ်သည်။ သို့ရာတွင် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ဦးဦးအား ထိခိုက်နစ်နာစေသည့်ပြစ်မှု၊ လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူပုဂ္ဂိုလ်များ၏ ငွေကြေး သို့မဟုတ် ပစ္စည်းဆုံးရှုံးနစ်နာစေသည့် ပြစ်မှုများနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်းမပြုလိုကြောင်း ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ နောက်ဆုံးထား၍ သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားခြင်းမရှိမှသာ အဆိုပါအမှုကို ပိတ်သိမ်း၍ တရားခံအား လွှတ်ရမည်ဖြစ်သည်။ ကိုယ်တိုင်ထိခိုက်နစ်နာသူက အမှုပိတ်သိမ်းခြင်းမပြုလိုကြောင်း လျှောက်ထားသည့်အခါ သက်ဆိုင်ရာတရားရုံးသည် ရောက်ရှိသည့်အဆင့်မှစ၍ ဆက်လက်စစ်ဆေးရမည်ဖြစ်သည်။ ကိုယ်တိုင်ထိခိုက်နစ်နာသူဆိုသည်မှာ နစ်နာသူကိုယ်တိုင်၊ နစ်နာသူ၏ တရားဝင်ဇနီး၊ ခင်ပွန်းနှင့် သားသမီးတို့သာဖြစ်သည်။ နစ်နာသူတွင် အိမ်ထောင်မရှိပါက နစ်နာသူကိုယ်တိုင်နှင့် နစ်နာသူ၏ မိဘ၊ မောင်နှမများကို ဆိုလိုသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူသားချင်းစာနာထောက်ထားငဲ့ညှာသောအားဖြင့် အထက်ဖော်ပြပါ ကင်းလွတ်ခွင့်မရှိသောအမှုများမှအပ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ကြားနာစစ်ဆေးနေဆဲ ပြစ်မှုဆိုင်ရာအမှုများအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်မြောက်ရသည်တို့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပါကြောင်း။ ။

## ရွှေပြည်သာမြို့နယ်၌ သံဃာတော်နှင့် သီလရှင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး



ရွှေပြည်သာ ဩဂုတ် ၁၂

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် သာသနာ့ဗိမာန်တော်ကြီးတွင် ယနေ့ မွန်းတည့် ၁၂ နာရီက သံဃာတော်နှင့် သီလရှင်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံရန် လာရောက်သည့် သံဃာတော်နှင့် သီလရှင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအဖွဲ့နှင့် ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များ ပူးပေါင်း၍ အဝင်ဝတွင် လက်သန့်ဆေးရည်များ ဖျန်းပေးခြင်း၊ သတ်မှတ်နေရာများတွင် ထိုင်စေခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှု ပမာဏတိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ စာရင်းမှတ်တမ်း ပေးသွင်းစေခြင်းတို့ကို ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးပြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများက ကာကွယ်ဆေးများကို ထိုးနှံပေးခဲ့ကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်နှင့် ကိုဗစ်ကော်မတီဝင်များက လာရောက်ကြည့်ရှု၍ အားပေးစကားများပြောကြားပြီး ရွှေပြည်သာမြို့ပေါ်ရှိ အမှတ်(၅)၊ အမှတ်(၆)၊ အမှတ်(၇)၊ အမှတ်(၈)ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းတိုက်များနှင့် သီလရှင်ကျောင်းတိုက်များမှ သံဃာတော်နှင့် သီလရှင်အပါး ၃၅၀ ခန့် လာရောက်ထိုးနှံမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသော သံဃာတော်နှင့် သီလရှင်များအား တေဇာရာမကျောင်းတိုက်နှင့် အနောက်အုတ်ကျင်းကျောင်းတိုက်တို့၌ သက်ဆိုင်ရာ ရပ်ကွက်များအလိုက် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်းကို သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၂ - ၈ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၃ | ၂၇,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၂၀၈ | ၆၈၂,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၂ | ၁၅,၈၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁၉ | ၃၇၀,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၅၀ | ၅၂ | ၁၃၅,၃၀၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၉၁ | ၂၇၇,၅၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၃ | ၁၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၇.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၄.၈၅ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၉၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၉.၉၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၂၁၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၁၅.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၁၆.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၄.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။



ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအောဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေး

နိုင်ငံစီးပွားရေးတိုးတက်ရေးအတွက် သမာအာဇီဝနည်းဖြစ်သည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ရန်အတွက် ဈေးကွက်လိုအပ်ချက်ရှိသည့်ပစ္စည်း၊ အရည်အသွေးပြည့်မီသည့် ပစ္စည်းဖြစ်ရန်လိုကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၃/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နေပြည်တော်ရှိ နိုင်ငံပိုင်သတင်းစာတိုက်များနှင့် နေပြည်တော်ပုံနှိပ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့သည် နံနက် ၁၀ နာရီတွင် ခရေပင်လမ်းခွဲရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဘိုးဝဇီရခန်းမသို့ ရောက်ရှိကြပြီး သတင်းစာတိုက်များမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ပုံနှိပ်စက်ခန်းများနှင့် သတင်းခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော်ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ နေပြည်တော်ပုံနှိပ်စက်ရုံအတွင်း အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည့်ကာလဖြစ်သော်လည်း ကျောင်းသုံးပုံနှိပ်စာအုပ်များ အချိန်မီပြီးစီးရေးအတွက် ကိုဗစ် -၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပုံနှိပ်စက်များ ကြံ့ခိုင်ရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်စက်များ စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် စက်များ



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြေးမုံသတင်းစာတိုက် သတင်းခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

မွမ်းမံပြင်ဆင်ရေး၊ မီးဘေးလုံခြုံရေးအတွက် ဂရုပြုဆောင်ရွက်ရေးတို့ကို မှာကြားပြီး ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

နိုင်ငံပိုင်သတင်းစာတိုက်များနှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့နိုင်ငံပိုင်မီဒီယာများသည် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် ပေါင်းကူးဆက်သွယ်ခြင်းသာမက ပြည်ပနိုင်ငံများကပါ မိမိတို့၏ သတင်းမှန်၊ အခြေအနေမှန်များကို သိရှိစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါ အိမ်စောင့်အစိုးရအဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို မူဝါဒအဖြစ် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်တွင်းပြည်ပမှ သိရှိအောင် သတင်းမှန်ပြန်ကြားခြင်းကို မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ပုံနှိပ်မီဒီယာ အပါအဝင် မီဒီယာ၏အခန်းကဏ္ဍကို အထူးအလေးထားပါကြောင်း၊ ပြောင်းလဲတိုးတက်လာသော နည်းပညာများဖြင့် မီဒီယာကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကာ ပြည်သူများ၏ သတင်းအချက်အလက် သိရှိပိုင်ခွင့်ကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းစဉ်များတွင်လည်း ပညာပေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံပိုင်မီဒီယာများတွင်သာမက မြို့နယ်တိုင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများက ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုကို အရှိန်အဟုန်မပျက် ဆက်လက် လုပ်ဆောင်သွားရန် လိုအပ်ကြောင်း။

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအနေဖြင့် ပြည်သူများ ဖတ်ရှုသင့်သည့်စာအုပ်ကောင်းများကို မပြတ်ထုတ်ဝေသွားရန် လိုအပ်ကြောင်း၊ လူငယ်ကဏ္ဍကို ဦးစားပေးပြီး လူငယ်လူရွယ်များ ဖတ်ရှုသင့်သည့်စာအုပ်ကောင်းများကိုလည်း ဦးစားပေးရွေးချယ်ထုတ်ဝေစေလိုကြောင်း၊ နိုင်ငံသားတစ်ယောက်၏ တာဝန်ကို သိရှိစေရန် စာပေဖြင့် အသိပညာပေးရမည်ဖြစ်ကြောင်း၊ ခေတ်နှင့်လျော်ညီသည့်စာအုပ်ကောင်းများ ထုတ်ဝေနိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ လုပ်ငန်းခွင်တွင်လည်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာလုပ်ဆောင်သွားရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**

*** ရှေ့ဖုံးမှ**

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်–၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## “ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး” ခေါင်းစဉ်နှင့် “ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ” ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၂**

ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက် လည်းကောင်း၊ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ပြည်သူများ အသိပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေးအတွက် လည်းကောင်း **“ကိုဗစ်– ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး”** ခေါင်းစဉ်နှင့် **“ကိုဗစ်–၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ”** ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား(၂)မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို **“ကိုဗစ်–၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့်ပြိုင်ပွဲကို **“ကိုဗစ်–၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ”** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

ပြိုင်ပွဲသို့ ကိုဗစ်–၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့် အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀–၉–၂၀၂၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်–၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁–၈၃၇၁၃၄၂၊ ၀၁–၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ကြရမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ ပုလဲများတန်ဖိုးဖြတ်ခြင်းနှင့် အချိုးတူခွဲဝေခြင်း ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၂**

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်လျက်ရှိသော ပုလဲမွေးမြူထုတ်လုပ်ရေးကုမ္ပဏီ၏ ဖော်ယူပြီးသော ပုလဲများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှ နေပြည်တော်သို့ မြန်မာ့လေကြောင်း စင်းလုံးငှား လေယာဉ်ဖြင့် သယ်ယူ၍ တန်ဖိုးဖြတ်ခြင်းနှင့် အချိုးကျခွဲဝေခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက် စစ်ဆေးကြည့်ရှုသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူဖက်စပ်ဆောင်ရွက်လျက်ရှိသော ပြည်ပကုမ္ပဏီလေးခု၊ ပြည်တွင်းကုမ္ပဏီ ခုနစ်ခုနှင့် နိုင်ငံပိုင်ပုလဲစခန်း တစ်ခု၊ စုစုပေါင်း ပုလဲထုတ်လုပ်ရေးစခန်း ၁၂ ခုဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပုလဲအလုံးရေ စုစုပေါင်း ၁,၂၉၀,၀၇၆ လုံး၊ အလေးချိန် ၇၆၄,၁၅၁ မိုမီ ထုတ်လုပ်ရရှိခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ ကုမ္ပဏီ ရှစ်ခုမှ စုစုပေါင်း ပုလဲအလုံးရေ ၁,၀၃၄,၂၁၇ လုံး၊ အလေးချိန် ၆၅၁,၉၄၅ မိုမီကို ထုတ်လုပ်ရရှိခဲ့ပြီး ကုမ္ပဏီ သုံးခုနှင့် နိုင်ငံပိုင်ပုလဲစခန်း တစ်ခုမှာ ပုလဲဖော်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကုမ္ပဏီအနေဖြင့် ဘဏ္ဍာနှစ်အတွင်း ထုတ်လုပ်ရရှိခဲ့သည့် စုစုပေါင်း ပုလဲအလုံးရေ ၃၃၇,၉၁၂ လုံး၊ အလေးချိန် ၂၄၂,၇၈၂ မိုမီကို မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ(က)အရ တန်ဖိုးဖြတ်၊ အချိုးကျခွဲဝေခြင်းကို ဆောင်ရွက်ခဲ့သဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန်ရရှိခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြန်လည်ဖွင့်လှစ်နိုင်ရန် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကာ ကျောက်စိမ်းအချောထည် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း



**နေပြည်တော် ဩဂုတ် ၁၂**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေးအထောက် အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) သို့ အောက်ဆီဂျင်အိုး ၂၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် ဗိုလ်တထောင်မြို့နယ်များရှိ နယ်မြေခံတပ်မတော်ဆေးရုံများနှင့် ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သို့ တပ်မတော်ရေမှပြုလုပ်သည့် အောက်ဆီဂျင်အိုးတင်လှည်းများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် အိမ်မဲမြို့များရှိ ပြည်သူ့ဆေးရုံများနှင့် ပရဟိတအသင်းများသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၅၅ လုံးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ်အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြည်သူ့ဆေးရုံကြီးသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀ နှင့် မိတ္ထီလာပြည်သူ့ဆေးရုံသို့ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၄၀ တို့ကို လည်းကောင်း တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လူမှုကူညီရေးအဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင်လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အောက်ဆီဂျင်စက်ရုံများကို တိုးမြှင့်တပ်ဆင်လည်ပတ်လျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးတွင် အောက်ဆီဂျင်စက်ရုံများကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏစက်မှုဇုန်ရှိ စိမ်းတက်အောင်ကုမ္ပဏီပိုင် စက်ရုံဝင်းအတွင်းရှိ အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်နေမှုများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြည်သူ့ဆေးရုံအနီးရှိ အောက်ဆီဂျင်စက်ရုံနှင့် လှည်းကူးမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀)၌ စေတနာရှင် အလှူရှင်တစ်ဦးက လှူဒါန်းထားသည့် အောက်ဆီဂျင်စက်ရုံတို့၌ စက်လည်ပတ်နိုင်မှုနှင့် အောက်ဆီဂျင်ထုတ်လုပ်နိုင်မှုများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ရွှေစေတီဘုန်းကြီးကျောင်းအတွင်း အောက်ဆီဂျင်စက်ရုံ(ရွှေစေတီ)တည်ဆောက်နေမှု၊ ဝမ်းတွင်းမြို့ အမှတ်(၂)ရပ်ကွက်၊ မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်နှင့် ရမည်းသင်းမြို့တို့၌ အောက်ဆီဂျင်စက်ရုံများ တည်ဆောက်နေမှုတို့ကို လည်းကောင်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကောင်စီဥက္ကဋ္ဌများ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တွံတေးမြို့နယ် မချောချောင်းအတွင်း ငါးမျိုးများစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ တွံတေးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝမြစ်ချောင်းအင်းအိုင်များအတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုဖမ်းယူစားသုံးနိုင်ရေးတို့အတွက် ဩဂုတ် ၁၂ ရက်က တွံတေးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀၀၀ အား မချောချောင်းအတွင်းသို့ တွံတေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်နှင့်ဝန်ထမ်းများ၊ တွံတေးငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးရဲဝင်းသောင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက စက်လှေများဖြင့် ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

# ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) သို့ လှူဒါန်းနိုင်သည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပါဝင်လှူဒါန်းလိုကြသော ပြည်သူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ မြန်မာကျပ်ငွေစာရင်းအမှတ်(OA 013733)သို့ အောက်ပါနည်းလမ်းများဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲနှင့် နိုင်ငံပိုင်ဘဏ်များ၏ ဘဏ်ခွဲအားလုံး၊ ပုဂ္ဂလိကဘဏ်များ၏ ဘဏ်ခွဲအားလုံးတို့တွင် ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) နိုင်ငံပိုင်ဘဏ်ခွဲများတွင်ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများနှင့် ပုဂ္ဂလိကဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသောစာရင်းများမှ စာရင်းပြောင်းနည်းလမ်း(Account Transfer)ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) Mobile Banking/Mobile Wallet မှလှူဒါန်းလိုပါက သက်ဆိုင်ရာ Service Provider/ ပုဂ္ဂလိကဘဏ်များ၏ Mobile App များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) MPU Card (ATM Card)များမှ လှူဒါန်းလိုပါက MPU မှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(င) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ Website မှတစ်ဆင့် MPU Debit/Credit ကတ်များဖြင့်ဖြစ်စေ၊ ပြည်တွင်း/ပြည်ပ Visa/Master Credit ကတ်များဖြင့်ဖြစ်စေ ချိတ်ဆက်ထားသော Over-the-Counter ဆိုင်များ၌ ငွေသားပေးသွင်းခြင်းဖြင့်ဖြစ်စေ အလှူငွေများကို လှူဒါန်းနိုင်ပါသည်။

၂။ မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ နိုင်ငံခြားငွေစာရင်းအမှတ် (EDC 600012) သို့ အောက်ပါနည်းလမ်းများဖြင့် နိုင်ငံခြားငွေများကို ထည့်ဝင်လှူဒါန်းနိုင်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ နိုင်ငံခြားငွေလုပ်ငန်းနှင့် နိုင်ငံခြားငွေလုပ်ငန်းလုပ်ကိုင်ခွင့် AD လိုင်စင်ရ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မည်သည့်နိုင်ငံခြားငွေအမျိုးအစားကိုမဆို ငွေသားဖြင့် တိုက်ရိုက်လှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် ဖွင့်လှစ်ထားသော နိုင်ငံခြားငွေစာရင်းများမှတစ်ဆင့် စာရင်းပြောင်းနည်းလမ်း (Account Transfer)ဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) မြန်မာ့စီးပွားရေးဘဏ်၏ SWIFT Code-MYEBMMMY ကို အသုံးပြု၍ Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ဟုဖော်ပြ၍ ပုဂ္ဂလိကဘဏ်များနှင့် နိုင်ငံခြားဘဏ်များမှတစ်ဆင့် လှူဒါန်းနိုင်ပါသည်။

(ဃ) ပြည်ပဘဏ်များမှတစ်ဆင့် ငွေလွှဲသည့်အခါ အထက်ဖော်ပြပါ SWIFT Code နှင့် Donation to COVID-19 Vaccination Fund (Account EDC 600012) Myanma Economic Bank ကို ဖော်ပြ၍ ငွေလွှဲနိုင်ပြီး ငွေလွှဲပို့သည့် ပြည်ပဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်တို့အကြား တိုက်ရိုက်ဆက်သွယ်မှုမရှိပါက အောက်ပါမြန်မာ့စီးပွားရေးဘဏ်၏ ပြည်ပအဆက်အသွယ်ဘဏ်များမှတစ်ဆင့် ဘဏ်အချင်းချင်းချိတ်ဆက်ငွေလွှဲပို့နိုင်ပါသည်-

| | |
|---|---|
| UOB Bank (Singapore) | OCBC Bank (Singapore) |
| DBS Bank (Singapore) | May Bank (Singapore/Kuala Lumpur) |
| Sumitomo Mitsui Banking Corporation (Tokyo) | Bank of Tokyo Mitsubishi UFJ (Tokyo) |
| Mizuho Bank (Tokyo) | Bangkok Bank (Bangkok) |
| Siam Commercial Bank(Bangkok) | Krung Thai Bank (Bangkok) |
| Thanachart Bank (Bangkok) | ICBC Bank (China) |
| OCBC Wing Hang Bank(Shanghai) | China Construction Bank (China) |
| Sonali Bank (Bangladesh) | AB Bank (Bangladesh) |

၃။ သို့ပါ၍ ပြည်တွင်းနေရာဒေသအသီးသီးရှိ မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်ခွဲများနှင့် အခြား ပြည်တွင်း ပုဂ္ဂလိကဘဏ်အသီးသီးတွင် ငွေသားဖြင့်လှူဒါန်းနိုင်မည့်အပြင် အထက်ပါနည်းလမ်းများဖြင့် ပြည်တွင်း/ပြည်ပမှ တိုက်ရိုက်လှူဒါန်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ဒက္ခိဏသီရိစက်မှုဇုန်၌ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်လည်ပတ်မှုအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ထိရောက်စွာဆောင်ရွက်နိုင်ရန် အောက်ဆီဂျင်လုံလောက်စွာ ရရှိနိုင်ရေးအတွက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော် ဒက္ခိဏစက်မှုဇုန်ရှိ Sein Tet Aung (စိမ်းတက်အောင်)ကုမ္ပဏီပိုင် စက်ရုံဝင်းအတွင်း အောက်ဆီဂျင် ထုတ်လုပ်သည့်စက်ရုံမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် Sein Tet Aung (စိမ်းတက်အောင်) အောက်ဆီဂျင်စက်ရုံတာဝန်ခံက စက်ရုံလည်ပတ်နေမှု၊ အောက်ဆီဂျင်ထုတ်လုပ်ပုံ ထုတ်လုပ်နည်းအဆင့်ဆင့်နှင့် ဖြန့်ဖြူးရောင်းချနေမှုများကို အသေးစိတ် လိုက်လံရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့က လိုအပ်သည်များကို မှာကြားသည်။


အဆိုပါစက်ရုံမှ ယခုအောက်ဆီဂျင်ထုတ်လုပ်သည့်စက်မှာ တရုတ်နိုင်ငံထုတ် PSA အမျိုးအစား Mobile Oxygen ထုတ်စက် $30m^3/hr$ ထုတ်လုပ်မှုစွမ်းအား-120/24hr အောက်ဆီဂျင်စက်အား NZO အမျိုးအစားဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့အိုး ၁၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း၊ ထွက်ရှိသည့်အောက်ဆီဂျင်အိုးများကို တစ်လုံးလျှင် ငွေကျပ် ၇၀၀၀ ဖြင့် ပြည်သူ့ဆေးရုံများနှင့် ပရဟိတအဖွဲ့များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ တစ်ရက်လျှင် အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုး ၂၄၀ ခန့်ထွက်ရှိမည့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ကို ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန် အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် မြိတ်တပ်နယ်၌ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှုနှင့် မြိတ်မြို့ ပုဂ္ဂလိကပိုင် ဥစားကြက်မွေးမြူရေးခြံ တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၁ ရက်တွင် တွံတေးမြို့နယ် အရိုင်းတောင်ကျေးရွာအုပ်စု ဇော်တိကကျေးရွာရှိ Kyaw Lay Kyaw Company Limited ၏ ကျွဲ၊ နွား ယာယီစုဆောင်းခြံ(ယာပုံ)နှင့် ရန်ကုန်ပေါက်ကျေးရွာအုပ်စုရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တွံတေး စိုက်ပျိုးမွေးမြူရေးစခန်း၌ ငါးမွေးမြူထုတ်လုပ်မှုနှင့် ထူးသစ်ကုမ္ပဏီမှ ဧက ၃၅၀ ၌ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှုများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကုသမှုဌာနများတွင် စနစ်တကျလိုက်နာကုသမှုခံယူခြင်းဖြင့် ကျန်းမာစွာပြန်လည်ဆုံတွေ့ကြပါစို့

**ကိုဇေ**

ယခုလို ကိုဗစ်-၁၉ တတိယလှိုင်းကာလမှာ ကူးစက်မှုများပြားတဲ့အလျောက် ရောဂါပြင်းထန်မှုအနည်း၊ အများအလိုက် ကုသမှုပေးနိုင်မယ့် နေရာမျိုးစုံစီစဉ်ပြီး ဆေးကုသမှုပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်အခြေအနေတွေမှာကဲ့သို့ ရောဂါဖြစ်ရင် ဆေးရုံတက်ဆေးကုသမှုခံယူရတာမျိုးမဟုတ်တော့ဘဲ လူနာအရေအတွက် အဆမတန်များပြားတဲ့အပြင် ကူးစက်ရောဂါဖြစ်တဲ့အတွက်ကြောင့် စင်တာတွေဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေရပါတယ်။ အဲဒီလို ဆေးရုံပတ်ဝန်းကျင်အနေအထားမျိုး မဟုတ်တဲ့အပြင် လူနာတွေဟာလည်း သာမန်ရောဂါခံစားနေရသူမျိုးမဟုတ်ဘဲ ကူးစက်ရောဂါရှိနေသူတွေဖြစ်တာကြောင့် အဲဒီစင်တာတွေမှာ ဆေးကုသမှုခံယူနေသူတွေအနေနဲ့ နေထိုင်လိုက်နာရမယ့် စည်းကမ်းချက်တွေဟာ တစ်မူထူးခြားပါတယ်။

လူဦးရေများများကို အကန့်အသတ်ရှိနေတဲ့ နေရာမှာ နေထိုင်စားသောက်ရေး၊ ကုသမှုပေးနိုင်ရေး ဆောင်ရွက်ပေးထားရတာဖြစ်တဲ့အတွက် သာမန်နဲ့မတူတဲ့အခက်အခဲတွေ၊ သည်းခံနေထိုင်ရမှုတွေ ရှိနေမှာလည်း ဖြစ်ပါတယ်။ ကူးစက်ရောဂါကုစင်တာတွေရဲ့ အဓိကရည်ရွယ်ချက်တွေကတော့ ပိုးကူးစက်ခံရသူရဲ့ ကျန်းမာရေးကို စောင့်ကြည့်ပြီး လိုအပ်တဲ့ကုသမှုမျိုးတွေကို အချိန်မဆိုင်းဘဲ ပေးနိုင်ဖို့နဲ့ ပိုးကူးစက်ခံနေရသူကနေတစ်ဆင့် လူအများကို မကူးစက်နိုင်အောင် သီးခြားခွဲခြားထားဖို့တို့ဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် မိမိအတွက်ကော မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက်ပါ အဲဒီစင်တာတွေမှာ သွားရောက်ကုသမှုခံယူခြင်းဟာ ကောင်းပါတယ်။

အခုလို လူအများ စုဝေးနေထိုင်ရတဲ့ (camp) ပုံစံမျိုးမှာ အနည်းဆုံး ၁၀ ရက်လောက် နေထိုင်ရတဲ့အပြင် ရောဂါကူးစက်ခံထားရတဲ့အနေအထားဖြစ်တဲ့အတွက် တခြားသည်းခံနေထိုင်ရမှုတွေအပြင် အရေးအကြီးဆုံးဖြစ်တဲ့ မိမိအနေနဲ့ ရောဂါကို အမြန်ဆုံးတိုက်ထုတ်နိုင်ရေးနဲ့ မိမိကတစ်ဆင့် တခြားသူတွေကို မကူးစက်နိုင်ရေး၊



အဲဒီစင်တာတွေမှာ ကာလရှည်တာဝန်ထမ်းဆောင်နေရတဲ့ စေတနာ့ဝန်ထမ်းတွေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို မကူးစက်စေရေးတို့အတွက် အဲဒီစင်တာတွေမှာ ကျန်းမာရေးနဲ့ညီညွတ်အောင် ဘယ်လိုနေထိုင်ရမယ်ဆိုတာကို မျှဝေပေးချင်ပါတယ်။

**(၁) ရောဂါပိုးကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် လိုက်နာရမည့်အချက်များ**

ကိုဗစ်-၁၉ကုသမှုစင်တာတွေမှာ နေထိုင်သူတွေအနေနဲ့ မိမိအတွက် သတ်မှတ်ထားတဲ့နေရာ/အခန်းမှာသာ နေရပါမယ်။ အခြားအခန်းတွေကို သွားရောက်လည်ပတ်တာ၊ တခြားသူနေရာတွေကို သွားရောက်တာ၊ စုဝေးစားသောက်တာ၊ စုဝေးတွေ့ဆုံစကားပြောတာတွေကို ရှောင်ကြဉ်ရပါမယ်။ မလွှဲရှောင်နိုင်တဲ့ အခြေအနေအရ အခြားလူတွေနဲ့ ဆက်ဆံတဲ့အခါမှာ ပါးစပ်နှာခေါင်းစည်း (Mask) တပ်ဆင်ပြီး အနည်းဆုံးခြောက်ပေအကွာမှာ နေသင့်ပါတယ်။ လက်ကိုလည်း ဆပ်ပြာနဲ့ဖြစ်စေ၊ အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါဝင်တဲ့ လက်သန့်ဆေးနဲ့ဖြစ်စေ မကြာခဏ စနစ်တကျဆေးသင့်ပါတယ်။ အစာစားခြင်းနဲ့ အရည်သောက်ခြင်းတွေအတွက် ပန်းကန်ခွက်ယောက်ကို သီးသန့်ခွဲသုံးသင့်ပါတယ်။

အများသုံးပစ္စည်းတွေ မကိုင်တွယ်မီနဲ့ ကိုင်တွယ်ပြီးတိုင်း၊ အိမ်သာအသုံးပြုပြီးတိုင်း၊ အစာမစားမီနဲ့ စားပြီးတိုင်း၊ နှာချေ၊ ချောင်းဆိုးပြီးတဲ့အခါတိုင်း၊ ပါးစပ်နှာခေါင်းစည်း (Mask) ကို မကိုင်မီနဲ့ ကိုင်ပြီးတိုင်း လက်ကို စနစ်တကျဆေးကြောရပါမယ်။ အသုံးပြုပြီးတဲ့ ပါးစပ်နှာခေါင်းစည်း (Mask)၊ တစ်ရှူး၊ ရေသန့်ဘူးစတဲ့ တစ်ခါသုံးပစ္စည်းတွေကိုလည်း အမှိုက်ပုံးထဲမှာ စနစ်တကျစွန့်ပစ်ရမှာဖြစ်ပါတယ်။ စည်းကမ်းမဲ့ တံတွေးထွေးတာ၊ အမှိုက်ပစ်တာမျိုးကို ရှောင်ကြဉ်ရပါမယ်။ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းတွေက လမ်းညွှန်ထားတဲ့ဆေးဝါးတွေကို အချိန်မှန်သောက်ရန်လည်း လိုအပ်ပါတယ်။

**(၂) တစ်ကိုယ်ရေကျန်းမာရေးအခြေအနေ တိုးတက်လာစေရန် လိုက်နာသင့်သည့်အချက်များ**

ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူတွေအနေနဲ့ တချို့လည်း မည်သည့်လက္ခဏာမျှ မခံစားသူတွေရှိသလို တချို့ကတော့ သာမန်ဖျားနာရုံလောက်သာ ခံစားကြရပြီး တချို့ကတော့ အောက်ဆီဂျင်ရှူဆေးထိုးဆေးသောက်လုပ်မှ ပြန်လည်သက်သာလာနိုင်သူတွေ၊ တချို့လည်း ပြင်းထန်အဆုတ်ရောင်ရောဂါနဲ့ တခြားနောက်ဆက်တွဲရောဂါတွေ ခံစားရကာ တိမ်းပါးရသူတွေလည်း ရှိတတ်ပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ရောဂါ ကုသမှုစင်တာတွေမှာ ကုသမှုခံယူနေသူတွေအနေနဲ့ ပေါ့ဆမှုမရှိဘဲ မိမိခန္ဓာကိုယ်ကို အစဉ်သတိထားစောင့်ကြည့်ကာ ကျန်းမာရေးတိုးတက်စေမယ့်၊ ကိုယ်ခံစွမ်းအား တိုးတက်စေမယ့် အောက်ဖော်ပြပါ အပြုအမူအနေအထိုင်မျိုးတွေကို လိုက်နာကြဖို့လိုပါတယ်။

- ☆ ကောင်းစွာအနားယူပါ၊ အခြားသူများနှင့် ခပ်ခွာခွာနေပါ။
- ☆ ရေဓာတ် အလုံအလောက်ရှိသော အရည်များများသောက်ပါ၊ အခြားသူများနှင့်အတူ အခန်းအတွင်းရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း တပ်ထားပါ။
- ☆ အသက်ရှူလေ့ကျင့်ခန်းလုပ်ပါ။
- ☆ ကိုယ်ခံအားကောင်းအောင် စားပါ၊ အသီးအနှံစားသုံးပါ။
- ☆ အားဆေးများ အမြဲသောက်ရန် မလိုအပ်ပါ။
- ☆ ဆီးဝမ်းမှျတစေရန် နေထိုင်ပြုမူပါ။
- ☆ ကိုယ်ပူ၍ ကိုယ်လက်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်းများအတွက် ပါရာစီတမော သောက်ခြင်းမှလွဲ၍ ဆေးများကို ကိုယ်တိုင်ဆုံးဖြတ်၍ သောက်ခြင်းကို ရှောင်ကြဉ်ပါ။
- ☆ မလိုအပ်ဘဲ အွန်လိုင်းမှ ကြော်ငြာသောဆေးများ၊ ဒက်ဆာကဲ့သို့ စတီးရွိုက်ဆေး၊ ပိုးသတ်ဆေးများကို မိမိသဘောအတိုင်း မသုံးစွဲရပါ။ ဆေးယဉ်ပါးပြီး ဘေးထွက်ဆိုးကျိုးများပါသည်။
- ☆ ဝမ်းပျက်ဝမ်းလျှောဖြစ်ပါက (ORS) ဓာတ်ဆားအား ရေသန့် တစ်လီတာနှင့်ဖျော်သောက်ပါ။ (၂၄ နာရီအတွင်း သောက်ရမည်)
- ☆ လည်ပင်းနာလျှင် ဆားရည်ငုံပါ။ ဆားရည်ပလုတ်ကျင်းပါ။ ရေများများသောက်ပါ။
- ☆ အဖျားကြီးခြင်း၊ မောပန်းအသက်ရှူရကျပ်ခြင်း၊ မူးဝေခြင်းနှင့် အိပ်ငိုက်ခြင်း၊ မှိန်းခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှုတ်ခမ်း (သို့) မျက်နှာပြာလာခြင်း၊ လေဖြတ်သကဲ့သို့ ခံစားရခြင်း၊ ခြေထောက် သွေးကြောများတစ်လျှောက် နာကျင်ခြင်း၊ ခြေသလုံးများ ရောင်လာခြင်း စသည့်ထူးခြားသည့်လက္ခဏာများ ခံစားလာရပါက သက်ဆိုင်ရာ ကျန်းမာရေးတာဝန်ရှိသူထံ သတင်းပို့ပါ။

ကိုဗစ်-၁၉ ကုသမှုစင်တာတွေမှာ တက်ရောက်ကုသမှုခံယူနေသူ ကိုဗစ်-၁၉ လူနာတစ်ဦးဟာ အထက်မှာ ပြောခဲ့တဲ့နည်းလမ်းတွေအတိုင်း ပြုမူနေထိုင်သင့်ပါတယ်။ ၁၀ ရက်ကြာနေထိုင်ပြီးသည့်နောက်မှာ အနည်းဆုံး ၂၄ နာရီအတွင်း အဖျားမရှိသူ၊ ရောဂါလက္ခဏာတွေ လျော့နည်းသက်သာလာသူ၊ ရောဂါလက္ခဏာ မပြတဲ့သူတွေဟာဆိုရင်တော့ ကုသမှုစင်တာတွေကနေ မိမိနေအိမ်ကို ပြောင်းရွှေ့ပြီး ပြန်လည်နေထိုင်နိုင်မှာ ဖြစ်ပါတယ်။ နေအိမ်တွေမှာ ခုနစ်ရက်ခန့် နားနေပြီးတဲ့အခါမှာ ပုံမှန်အတိုင်း လူနေမှုဘဝတွေကို ပြန်လည်ပြုမူနေထိုင်နိုင်မှာ ဖြစ်ပါတယ်။

ကမ္ဘာ့လူသား မျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဘေးအန္တရာယ်ကို စုပေါင်းတိုက်ဖျက်လျက်ရှိရာမှာ သိပ္ပံနည်းကျ ဖော်ထုတ်တွေ့ရှိထားတဲ့ ဖော်ပြပါ ကာကွယ်ရေးနည်းလမ်းတွေ၊ ရောဂါလျော့ပါးသက်သာစေရေးနည်းလမ်းတွေ၊ ကုသရေးနည်းလမ်းတွေကို ယုံယုံကြည်ကြည်နဲ့ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် ကပ်ရောဂါဆိုးကြီးကို တွန်းလှန်ကာ ကျန်းမာစွာ ပြန်လည်ဆုံတွေ့နိုင်ကြမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

**ကူးစက်ရောဂါကုစင်တာတွေရဲ့ အဓိကရည်ရွယ်ချက်တွေကတော့ ပိုးကူးစက်ခံရသူရဲ့ ကျန်းမာရေးကို စောင့်ကြည့်ပြီး လိုအပ်တဲ့ ကုသမှုမျိုးတွေကို အချိန်မဆိုင်းဘဲ ပေးနိုင်ဖို့နဲ့ ပိုးကူးစက်ခံနေရသူကနေတစ်ဆင့် လူအများကို မကူးစက်နိုင်အောင် သီးခြားခွဲခြားထားဖို့ဖြစ်တဲ့အတွက် ယေဘုယျအားဖြင့် မိမိအတွက်ကော မိမိပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွက်ပါ အဲဒီစင်တာတွေမှာ သွားရောက်ကုသမှုခံယူခြင်းဟာ ကောင်းပါတယ်**

❒ ကျောဖုံးမှ

နိုင်ငံတော်တာဝန်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် အိမ်စောင့်အစိုးရ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အိမ်စောင့်အစိုးရအနေဖြင့် တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီသို့ နိုင်ငံတော်တာဝန်အား ပြန်လည်လွှဲပြောင်းပေးမည်ဖြစ်ကြောင်း အပြည့်အဝ ကတိကဝတ်ပြုမှုကို သိသာထင်ရှားစွာ ထုတ်ဖော်ကြေညာထားပြီးဖြစ်သည်။

အိမ်စောင့်အစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး အစီအစဉ်အား နိုင်ငံတစ်ဝန်းထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် တရားမဝင် အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw–CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government– NUG)နှင့် ၎င်းတို့ကို ထောက်ခံသူများမှ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသည့်နေရာများတွင် တိုက်ခိုက်မှုများရှိကြောင်း ဝမ်းနည်းဖွယ် တွေ့ရှိရသည်။ အထူးကိုယ်စားလှယ်အနေဖြင့် ပြောကြားရာတွင် အကြမ်းဖက်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ဖော်ပြထားခြင်းမရှိဘဲ နိုင်ငံ၏အခြေအနေကို ပြင်ပမှ ဝင်ရောက်စွက်ဖက်လိုသူများဘက်မှ ချဲ့ကားပြောကြားခဲ့သည်ကို တွေ့ရှိရသည်။

သို့ပါ၍ အထူးကိုယ်စားလှယ်အနေဖြင့် သူမအား ပေးအပ်ထားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝ ဘက်လိုက်မှုမရှိ၊ ဓမ္မဓိဋ္ဌာန်ကျကျ ဆောင်ရွက်သွားရန် တိုက်တွန်းသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်၏ ပြောကြားချက်များသည် ကုလသမဂ္ဂမှ ပြဋ္ဌာန်းထားသည့် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများအပါအဝင် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများကို ချိုးဖောက်ရာရောက်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကန့်ကွက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၂၁ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်**

❖ ရန်ကုန်မှ

မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆေးဂိုဒေါင်ပိုင်ရှင်နှင့် ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ဂိုဒေါင်လက်ကျန်စာရင်းကောက်ယူခြင်း၊ ကုန်ပစ္စည်းအဝင်အထွက်လယ်ဂျာများ စစ်ဆေးခြင်း၊ ခွင့်ပြုချက်လိုင်စင် ရှိ၊ မရှိ၊ ယခင်ကပင် ဆေးပစ္စည်းများ တင်သွင်းရောင်းချခြင်း (သို့မဟုတ်) ယခုကာလမှသာ ဈေးကွက်အတွင်းမှ ဆေးပစ္စည်းများကို ဝယ်ယူသိုလှောင်ခြင်း၊ ပစ္စည်းများကို ထိန်းချုပ်ထားခြင်း(သို့မဟုတ်) အမြတ်ကြီးစားရောင်းချရန် ရည်ရွယ်သိုလှောင်ခြင်း ရှိ၊ မရှိ ဖော်ထုတ်စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စိစစ်နေစဉ်ကာလအတွင်း ဆေးဝါးများ ပုံမှန်ရောင်းချခြင်းလုပ်ငန်း ထိခိုက်မှုမရှိစေရန် ဈေးကွက်အတွင်းသို့ ပို့ဆောင်လိုပါကလည်း ပို့ဆောင်မည့်ပစ္စည်းစာရင်းနှင့် ပို့ဆောင်မည့်ဒေသကို မှတ်သား၍ လွတ်လပ်စွာပို့ဆောင်ခွင့်ပြုထားသည်။ ဩဂုတ် ၁၁ ရက်တွင် ဂိုဒေါင် ၂၄ လုံးကို ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခြင်းပြုလိုက်သဖြင့် ဆေးဝါးဈေးကွက်အတွင်း လက်လီလက်ကားရောင်းချသော ဈေးများတွင် အများပြည်သူအသုံးများသော ဆေးများ၏ ဈေးနှုန်းများ သိသိသာသာ ကျဆင်းသွားကြောင်းလည်း သိရသည်။

ပထမအသုတ်စစ်ဆေးနေသော ဆေးဂိုဒေါင် ၂၄ ခုအနက် ကိုးခုသာ ဈေးနှုန်းမြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ထိန်းချုပ်ရောင်းချခြင်း၊ ပြည်တွင်းပြည်ပမှ ဝယ်ယူတင်သွင်းသည့် အထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း၊ သိုလှောင်ထားသည့် ပမာဏများပြားသဖြင့် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်းများ တွေ့ရှိရသဖြင့် ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်သည်။



အများပြည်သူအတွက် ဆေးဝါးဈေးနှုန်း မြင့်မားခြင်းမရှိစေရန် ရည်ရွယ်၍ ဆေးဂိုဒေါင်တစ်ခုအား တာဝန်ရှိသူများက စစ်ဆေးစဉ်။

ပုံမှန်ရောင်းချလျက်ရှိသည့် ဂိုဒေါင်များကို ဆေးဝါးများ ဈေးနှုန်းမြင့်မားစေရန်၊ ဈေးကွက်အတွင်း ဆေးဝါးဖြန့်ဖြူးမှုထိန်းချုပ်ခြင်းမပြုရန်၊ အမြတ်ကြီးစားရောင်းချခြင်းမပြုရန် သတိပေးပြီး ခံဝန်ကတိ လက်မှတ်ရေးထိုးစေမည်ဖြစ်သည်။ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံမှန်တင်သွင်းဖြန့်ဖြူး ရောင်းချသော ကုမ္ပဏီများကို တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းပြုမည်မဟုတ်ကြောင်း သိရသည်။ ဩဂုတ် ၁၂ ရက်တွင်လည်း အိမ်သုံးဆေးဝါးသိုလှောင်သည့် ဂိုဒေါင် ၁၉ လုံးကို ပူးပေါင်းအဖွဲ့ဖြင့် ထပ်မံစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❍ အာဆီယံမှ

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပြိုင်ပွဲကိုးခုပြုလုပ်ရန် စီစဉ်ထားသော်လည်း ကပ်ရောဂါကြောင့် နောက်ဆုတ်ထားရပြီး စက်တင်ဘာလတွင် စတင်ပြုလုပ်ရန် ကြိုးပမ်းနေကာ ယင်းပြိုင်ပွဲအပေါ်မူတည်၍ နောက်ထပ်ပြိုင်ပွဲများ ထပ်မံပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာဖူဆယ်ကလပ်အသင်းများ ပုံမှန်ယှဉ်ပြိုင်နေသည့် ပြိုင်ပွဲလည်းဖြစ်သည်။ သို့သော် မြန်မာဖူဆယ်ကလပ်အသင်းများသည် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပြီးဆုံးသည့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလကတည်းက လေ့ကျင့်မှုရပ်နားထားပြီး နောက်ပိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် တစ်နှစ်ကျော်ကြာ လေ့ကျင့်မှုရပ်နားထားခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာဖူဆယ်ကလပ် အသင်းများအနေဖြင့် ယခုနှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မသေချာသေးဘဲ ယှဉ်ပြိုင်ဖြစ်ပါက နောက်ဆုံး ဖူဆယ်လိဂ်ချန်ပီယံအသင်းဖြစ်သော MIU အသင်းက ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ ချုပ်သည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှစ်စဉ်ပြုလုပ်နေသည့်ပြိုင်ပွဲဖြစ်သော်လည်း ပြီးခဲ့သည့်နှစ်တွင် ကပ်ရောဂါကြောင့် ပြုလုပ်နိုင်ခြင်းမရှိခဲ့ပေ။ ကျင်းပပြီးစီးခဲ့သည့် ငါးကြိမ်တွင် မြန်မာဖူဆယ်ကလပ်များဖြစ်သည့် MIU အသင်း (ယခင် MIC အသင်း)က လေးကြိမ်နှင့် PU အသင်းကတစ်ကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ MIU အသင်းသည် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၁၉ လေးကြိမ်စလုံး တတိယဆုရခဲ့ပြီး ၂၀၁၇ ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့သော PU အသင်းမှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အရှေ့တောင်အာရှ ဖူဆယ်လောကကို ထိုင်းနိုင်ငံက စိုးမိုးထားပြီး လက်ရွေးစင်အသင်းအပြင် ကလပ်အသင်းပြိုင်ပွဲဖြစ်သည့် ယခုအာဆီယံဖူဆယ် ကလပ်ပြိုင်ပွဲတွင်လည်း ထိုင်းကလပ်အသင်းများကသာ ငါးကြိမ်စလုံး ဗိုလ်စွဲထားသည်။ **ကိုညီလေး**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ်(စနေနေ့တိုင်း) ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




ဩဂုတ် ၁၄ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ပညာရှာရမည့်အရွယ်တွင် ပညာမရှာဖွေခဲ့၍ အသိဉာဏ်နည်းကာ မိဘအမွေပစ္စည်းများကို သုံးဖြုန်းပစ်သော မောင်ချမ်းသာအကြောင်းကို ပညာပေးတင်ဆက်ထားသည့် ''နေရောင်အောက်မှာ အဖြေရှာ'' မျက်နှာဖုံးဇာတ်လမ်း၊ ကလေးများ အစာအာဟာရကို မျှတစွာစားသုံးသင့်ကြောင်းကို ရေးဖွဲ့ထားသည့် ''အာဟာရ မျှတအောင် စားသုံးကြပါစို့'' သုတဆောင်းပါး၊ မိမိနှင့်အတူ ကြီးပြင်းလာသူများအပေါ် မာနထားကာ သူတစ်ပါးအရပ်ဒေသကို အထင်ကြီးမိ၍ ဒုက္ခရောက်ရသော ဖိုးမုန်လာဥအကြောင်းကို ပညာပေး တင်ဆက်ထားသည့် ''ဘဝမေ့သူ'' နှစ်မျက်နှာကာတွန်း၊ လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန် မိမိအိမ်၌သာ နေထိုင်သင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် ''ကိုဗစ်အန္တရာယ် သတိထားဖွယ်'' ဝတ္ထု၊ ကလေးများ ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြထားသည့် ''ရွှေသွေးတို့ လက်ရာ''ကဏ္ဍ၊ ကျောင်းဖွင့်ရက်၌ ဘောင်းဘီအသစ်၊ အင်္ကျီအသစ်၊ လွယ်အိတ်အသစ်နှင့် သွားသော ဖိုးလပြည့် အကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် ''ဖိုးလပြည့်'' တစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်များကို ချစ်ခင်တတ်သော တိုးတိုးအကြောင်းကို ရေးဖွဲ့ထားသော ''တိုးတိုးနဲ့ ဇီးကွက်လေး'' ပုံပြင်၊ ကလေးများအနေဖြင့် ငယ်ရွယ်စဉ်ကာလကတည်းမှစ၍ အတတ်ပညာများကို စုံလင်စွာ သင်ယူထားသင့်ကြောင်း ပညာပေးတင်ဆက်ထားသည့် ''မိုးရွာသောနေ့'' နှစ်မျက်နှာကာတွန်း၊ Personal pronouns များအကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသည့် ဆရာ MKL၏ ရွှေသွေးအင်္ဂလိပ်သဒ္ဒါ၊ အင်္ဂလိပ်စာသင်ခန်းစာ ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခြောက်လတာ ခရီးမှတ်တိုင်

**ကနောင်**

(ယမန်နေ့မှ အဆက်)

**ငြိမ်းချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေး**

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအပြင် နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးယန္တရားများအား နှောင့်ယှက်ထိပါးတိုက်ခိုက်ချိန်မှအပ တပ်မတော်၏စစ်ရေးဆိုင်ရာကိစ္စရပ်များကို ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိနှင့် ထပ်မံ၍လည်း ဩဂုတ်လ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်သိရှိရပါသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံးသည် ဇူလိုင်လ ၅ ရက်က တရားမအထူးအယူခံမှုလေးမှုကို ရုံးထိုင်ကြားနာခဲ့ပြီး လေးမှုကိုစီရင်ချက်များချမှတ်နိုင်ခဲ့ကြောင်း သိရသည်။ ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းပြီး တရားခံများအား အမှုမှလွှတ်ရမည်ဟူ၍ပါရှိကာ အကျုံးဝင်သောအမှုအမျိုးအစားများကို စနစ်တကျစိစစ်ခဲ့ပြီး အကျဉ်းသားအကျဉ်းသူ ၄၂၉၇ ဦးကို သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးမှ ပြန်လွှတ်ပေးခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။

**ရွေးကောက်ပွဲကော်မရှင်၏ဆောင်ရွက်ချက်များ**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဇူလိုင်လ ၅ ရက်က ကချင်ပြည်နယ် နောင်မွန်း၊ ခေါင်လန်ဖူး၊ ဆော့လော်၊ အင်ဂျန်းယန်နှင့် ဖားကန့်မြို့နယ်၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ မြေပြင်အခြေအနေမှန်ကို ဖော်ထုတ်ခဲ့သည်။ ဇူလိုင်လ ၆ ရက်တွင် ကချင်ပြည်နယ် မြို့နယ် ၁၈ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးဖော်ထုတ်ခဲ့သကဲ့သို့ ဇူလိုင်လ ၇ ရက်တွင် ကရင်ပြည်နယ် မြို့နယ်ခုနစ်မြို့နယ်၏ မဲပေးခဲ့မှုအခြေအနေများ မြေပြင်စစ်ဆေးဖော်ထုတ်မှုရလဒ်တို့ကို သတင်းထုတ်ပြန်ပေးခဲ့သည်။

ဇူလိုင်လ ၈ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့သည့်မြို့နယ် ၃၁၅ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများကို စစ်ဆေးခဲ့ရာ မြို့နယ်တိုင်း၊ မဲရုံတိုင်း၌ မဲစာရင်းအရေအတွက် များပြားစွာမှားယွင်းလျက်ရှိပြီး ယင်းမှာ မတော်တဆအမှားမျိုးမဟုတ်သည့် ကြိုတင်ကြံစည်ထားရှိမှုဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ ပွင့်လင်းမြင်သာစွာ မြေပြင်စစ်ဆေးဖော်ထုတ်ချက်များအရ မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းတွေ့ရှိချက်မှာ ၁၁၃၀၅၃၉၀ (၂၉ ဒသမ ၅၄ ရာခိုင်နှုန်း) ဖြစ်ကြောင်း ထုတ်ပြန်နိုင်ခဲ့သည်။ ဇူလိုင်လ ၁၀ ရက်ကလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ခဲ့ရာ၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိခြင်း၊ သုံးကြိမ်အထက် နှစ်ကြိမ်ခန့်မဲပေးခြင်း၊ အသက် ၁၈ နှစ်အောက်နှင့် ၁၀၀ နှင့် အထက် မဲပေးထားခြင်းစသည့်မဲမသမာမှုများကို တိကျသည့်စာရင်းဇယားများဖြင့် ထုတ်ပြန်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဇူလိုင်လ ၂၃ ရက်တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ ဇူလိုင်လ ၂၄ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဇူလိုင်လ ၂၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ၊ ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ ရွေးကောက်ပွဲရလဒ်များနှင့်စပ်လျဉ်း၍ မြေပြင်အခြေအနေများအပေါ် ပွင့်လင်းမြင်သာစွာသတင်းထုတ်ပြန်ခဲ့ပြီး ဇူလိုင်လ ၂၆ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်၌ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် ဥပဒေများနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် လွတ်လပ်၍တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာခဲ့သည်။

**မိမိအိမ်မှာသာ နေထိုင်ရေးအစီအစဉ်**

ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး မြို့နယ် ကိုးမြို့နယ်ကို ဇူလိုင်လ ၁ ရက်ကလည်းကောင်း၊ ဇူလိုင်လ ၂ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် နောင်ချိုမြို့နယ်တို့ကိုလည်းကောင်း၊ ဇူလိုင်လ ၃ ရက်က ဧရာဝတီတိုင်းဒေသကြီးမှ မြို့နယ်သုံးမြို့နယ်ကိုလည်းကောင်း၊ ဇူလိုင်လ ၆ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်နှစ်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး မြို့နယ်သုံးမြို့နယ်တို့ကို လည်းကောင်း၊ ဇူလိုင်လ ၇ ရက်က မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၄ မြို့နယ်အားလည်းကောင်း၊ ဇူလိုင်လ ၁၁ ရက်က ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ မြို့နယ်အားလည်းကောင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၁ မြို့နယ်၊ ဇူလိုင်လ ၂၅ ရက်တွင် နေပြည်တော်၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းမှ မြို့နယ်ခုနစ်မြို့နယ်၊ ဇူလိုင်လ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ မြို့နယ်ငါးမြို့နယ်၊ ဇူလိုင်လ ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့ကိုလည်း နေအိမ်တွင်နေထိုင်ရေးအစီအစဉ် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

**ကိုဗစ် – ၁၉ တတိယလှိုင်းကို အစိုးရနှင့်ပြည်သူ ပူးပေါင်းတွန်းလှန်**

ဗဟိုအဆင့်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအသီးသီးတို့တွင် ကိုဗစ် – ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ညှိနှိုင်းစည်းဝေးမှုများ၊ ကွင်းဆင်းဆောင်ရွက်မှုများ၊ ပြန်လည်သုံးသပ်ဆွေးနွေးခြင်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေပြီး ဆေးရုံများတွင် လူနာများအတွက်ပြင်ဆင်ခြင်း၊ ရောဂါဖော်ထုတ်ခြင်းနှင့် ကာကွယ်ရေးပစ္စည်းများဖြန့်ဝေခြင်းကို ဇူလိုင်လပထမပတ်နှင့် ဒုတိယအပတ်တို့တွင် အများအပြားဆောင်ရွက်ခဲ့သည်ကိုလည်း မြင်တွေ့ရပါသည်။ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို သွင်းကုန်လိုင်စင်လျှောက်ထားခြင်း ယာယီကင်းလွတ်ခွင့်ပြုပေးခြင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများကို ပိတ်ရက်မရှိ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ် – ၁၉ တတိယလှိုင်း စတင်မြင့်တက်လာသည့် ဇူလိုင်လ ၁၂ ရက်မှ ၃၁ ရက်အထိ ယာဉ်အစီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည် ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုး) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့အိုးဖြင့် ၁၁၄ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၉၁၄၆ ခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း ၁၁၀၄ တန်၊ Oxygen Plant ရှစ်ခု၊ အောက်ဆီဂျင်ဂျင်နရေတာ ၁၁ ခု၊ ဆေးရုံသုံးအောက်ဆီဂျင်ဖြည့်စက်လေးခုတို့ကို တင်သွင်းခွင့်ပြုနိုင်ခဲ့သည်။

**စာမျက်နှာ ၉ သို့** ☆




ပြည်ပမှတင်သွင်းသော အောက်ဆီဂျင်အရည် တင်ဆောင်လာသည့်မော်တော်ယာဉ် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းအမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းပြီး တရားခံများအား အမှုမှလွှတ်ရမည်ဟူ၍ပါရှိကာ အကျုံးဝင်သော အမှုအမျိုးအစားများကို စနစ်တကျစိစစ်ခဲ့ပြီး အကျဉ်းသားအကျဉ်းသူ ၄၂၉၇ ဦးကို သက်ဆိုင်ရာအကျဉ်းထောင်အသီးသီးမှ ပြန်လွှတ်ပေးခဲ့**



အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ထိန်းသိမ်းထားရှိသည့် အချုပ်သား အချုပ်သူ ၇၂၁ ဦး လွှတ်ပေးစဉ်။

☆ စာမျက်နှာ ၈ မှ

တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ဖေဖော်ဝါရီလ ၅ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ ပြင်ပလူနာပေါင်း ၂၇၆၁၈၁ ဦးနှင့် အတွင်းလူနာပေါင်း ၈၀၇၁၈ ဦးကို ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်ကိုလည်း သိရှိရသည်။ ထို့ပြင် ဆေးကုသရန်ခက်ခဲသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင်လည်း တပ်မတော်သား သမားတော်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများ ဖြည့်ဆည်းပေးလျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။

တစ်ကျော့ပြန်တွေ့ကြုံလာသည့် ကိုဗစ် – ၁၉ ရောဂါကူးစက်မှုများပြားသော တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စေတနာ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ဆောင်ရွက်ရေးအစီအမံများကိုလည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်နေသည်ကိုလည်း ဇူလိုင်လအတွင်း မြင်တွေ့ရသည်။ ထို့အတူ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများပြုလုပ်ရာတွင် လိုအပ်သည့် ရောဂါကာကွယ်ရေးပစ္စည်းများ၊ ဆေးဝါးနှင့်အသုံးအဆောင်များ၊ စားသောက်ဖွယ်ရာနှင့် လိုအပ်သည့်ပစ္စည်းများကို ဆေးရုံ၊ ဆေးခန်းများ၊ ကွာရန်တင်းစင်တာနှင့် ကိုဗစ်ကုသရေးစင်တာများသို့ တိုက်ရိုက်လှူဒါန်းကြစေရန်လည်း ကိုဗစ် – ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီက အသိပေးနှိုးဆော်ထားပါသည်။

မျိုးရိုးဗီဇပြောင်းလဲလာသော ကိုဗစ်–၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများပြားလာသဖြင့် အခြေခံပညာကျောင်းများ(ပုဂ္ဂလိကနှင့်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင်)ကို ဇူလိုင်လ ၉ ရက်မှ ၂၃ ရက်အထိ ယာယီပိတ်ထားခဲ့ပြီး ထပ်တိုးအဖြစ် ဩဂုတ်လ ၈ ရက်အထိ ဆက်လက်တိုးမြှင့်၍ ယာယီပိတ်ထားခဲ့သည်။ ထို့အတူ နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကမ္ဘာ့ကပ်ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ပိတ်ရက်များနှင့်တစ်ဆက်တစ်စပ်တည်း ဇူလိုင်လ ၁၇ ရက်မှ ၂၅ ရက်အထိအား အများပြည်သူအလုပ်ပိတ်ရက်ရှည်အဖြစ်ကြေညာခဲ့ပြီး ဇူလိုင်လ ၂၆ ရက်မှ ဩဂုတ်လ ၁ ရက်အထိကိုလည်း အများပြည်သူရုံးပိတ်ရက်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။ ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီက ပိတ်ရက်ကာလများအတွင်း ရောဂါကူးစက်မှုကို ထိရောက်စွာနှိမ်နင်းနိုင်ရေးအတွက် နေအိမ်တွင်နေထိုင်ရေးအပါအဝင် အခြားစည်းကမ်းချက်များကို ထုတ်ပြန်ခဲ့ပါသည်။



အင်းစိန်ဗဟိုအကျဉ်းထောင်၌ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံရန် ကျန်းမာရေးစစ်ဆေးပေးစဉ်။

အစိုးရရုံးပိတ်ရက်များအတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်းလိုင်းများ၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မြဝတီ၊ တာချီလိတ်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်များ၊ အရည်ပါဝင်သည့် စလင်ဒါအိုးများ၊ အိုးအလွတ်များ၊ အိမ်သုံးအောက်ဆီဂျင်စက်များ၊ ကိုဗစ် Test Kit များနှင့် နှာခေါင်းစည်းများကို ဆက်တိုက်တင်သွင်းခွင့် အမြန်ဆုံးရရှိရန်အတွက် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပေးခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

အောက်ဆီဂျင်လိုအပ်ချက် ပြည့်မီစေရေးအတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မင်းဓမ္မအောက်ဆီဂျင်ဓာတ်ငွေ့စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင်ကုဗပေ ၁၄၉၀၀၀ ကျော်နှင့် မြောင်းတကာ အောက်ဆီဂျင်ဓာတ်ငွေ့စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင်ကုဗပေ ၁၂၀၀၀ကို နေ့စဉ်ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် ၁၀၀၀ နှင့် ပြည်သူ့ဆေးရုံခုတင် ၃၀၀၊ တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင် ၃၀၀ တို့တွင်လည်း အောက်ဆီဂျင်ထုတ်လုပ်နိုင်မည့် Plant များ တပ်ဆင်ထုတ်လုပ်လျက်ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။

ကုသရေးဦးစီးဌာနရှိ ဆေးရုံများနှင့် ကိုဗစ် – ၁၉ ရောဂါကုသရေးဌာနများတွင် လက်ထောက်ဆရာဝန်များကို စာချုပ်စနစ်ဖြင့်ခန့်ထားနိုင်ရန်နှင့် သူနာပြုသားဖွားများကိုလည်း ကန်ထရိုက်စနစ်ဖြင့် ခန့်ထားနိုင်ရေးအတွက် လျှောက်လွှာများကို ဇူလိုင်လ ၁၃ ရက်က စတင်ခေါ်ယူခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် အားဖြည့်ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ၊ လိုက်နာဆောင်ရွက်ရန်နှင့်ပတ်သက်၍ ပြည်သူများ သိရှိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ ဖြေကြားနိုင်ရေးအတွက် ဇွန်လကုန်မှစတင်၍ နေ့စဉ် နံနက် ၈ နာရီမှည ၉ နာရီအထိကောလ်စင်တာဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အပြင် ကိုဗစ် – ၁၉ရောဂါ ရှာဖွေရေးလုပ်ငန်း ခွင့်ပြုထားသည့် ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများကို အများပြည်သူ အဆင်ပြေလွယ်ကူစေရန် ခွင့်ပြုဆောင်ရွက်ပေးခဲ့သည်ကို မြင်တွေ့ရသည်။

ဇူလိုင်လလယ်ခန့်မှစတင်၍ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိမြို့များတွင် Oxygen Plant များ အမြန်ဆုံးတည်ဆောက်လည်ပတ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်ကိုလည်း မြင်တွေ့ရပြီး မြို့နယ်အသီးသီးတွင် ကွာရန်တင်းစင်တာများ၊ ကိုဗစ်ကုသရေးနှင့် စောင့်ကြည့်ရေးစင်တာများကို ကြိုတင်ပြင်ဆင်ရေး၊ လူနာများလက်ခံကုသရေးတို့ကိုလည်း ဇူလိုင်လအတွင်းဖွင့်လှစ်နိုင်ခဲ့ပြီး နှာခေါင်းစည်း ဖြန့်ဝေခြင်းမှသည် ကိုဗစ်သံသယလူနာများ စစ်ဆေးအတည်ပြုခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့်ဆက်သွယ်ချိတ်ဆက်၍ လူနာများကို ကယ်တင်ကုသပေးခြင်းနှင့် လိုအပ်သည့်မြို့နယ်များအတွက် အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်းခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်ပါသည်။

ဇူလိုင်လ ၂၀ ရက်က ကိုဗစ် – ၁၉ ရောဂါကုသရန်အတွက် National Strategic Investment Corporation (NSIC) မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ လှူဒါန်းသည့် Remdesivir ကုသဆေးအလုံးပေါင်း ၃၀၀၀၀ ခန့်သည် အိန္ဒိယနိုင်ငံမှတစ်ဆင့် တပ်မတော်လေယာဉ်ဖြင့် ရောက်ရှိလာခဲ့ပြီဖြစ်ပါသည်။ ထို့အတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လှူဒါန်းသည့် Sinopharm ကုမ္ပဏီထုတ် ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး Dose ၇၃၆၀၀၀ နှင့် စပ်ဆက်ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဇူလိုင်လ ၂၂ ရက်တွင် စတင်ရောက်ရှိခဲ့ပြီး ဇူလိုင်လ ၂၃ ရက်တွင် မြန်မာနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးတစ်သန်း၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့လှူဒါန်းပေးသည့် ကာကွယ်ဆေး ၅၂၈၀၀၀၊ ဇူလိုင်လ ၂၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် ကာကွယ်ဆေးနှစ်သန်းအနက်မှ တတိယအသုတ်အဖြစ် ကာကွယ်ဆေး ၇၃၆၀၀၀ နှင့် ဆေးထိုးအပ်များ ထပ်မံရောက်ရှိလာခဲ့ပါသည်။

**တရုတ်နိုင်ငံမှလှူဒါန်းသည့် Sinopharm ကာကွယ်ဆေးနှစ်သန်း၊ မြန်မာနိုင်ငံက ဝယ်ယူထားသည့် Sinovac ကာကွယ်ဆေးနှစ်သန်းအနက် တစ်သန်းရောက်ရှိနေပြီဖြစ်ခြင်းကြောင့် လူဦးရေသုံးသန်းအား ဦးတည်လူအုပ်စုများ** မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ အမြန်ဆုံးရောက်ရှိ၍ ပြည်သူများကို ကာကွယ်ဆေးအမြန်ဆုံးလွှမ်းခြုံနိုင်အောင် ဆောင်ရွက်နေကြပြီဖြစ်သည်ကိုလည်း အားရဖွယ်မြင်တွေ့ရပါသည်။ ဇူလိုင်လ ၂၆ ရက်မှစတင်၍ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်း၊အခြားဝန်ထမ်းနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ ရဟန်းသံဃာ၊ သီလရှင်များနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ လူအိုရုံများ၊ ဘဏ်လုပ်ငန်းများ၊ စေတနာရှင် ပရဟိတလုပ်အားရှင်များ၊ အကျဉ်းသားများ စသည်ဖြင့် ဦးစားပေးသတ်မှတ်ကာ ကာကွယ်ဆေးများ ထိုးနှံပေးနေပြီဖြစ်ပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

**ဇူလိုင်လ ၂၆ ရက်မှစတင်၍ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးဝန်ထမ်း၊အခြားဝန်ထမ်းနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်းများ၊ ရဟန်းသံဃာ၊ သီလရှင်များနှင့် ဘာသာရေးအဖွဲ့အစည်းများ၊ လူအိုရုံများ၊ ဘဏ်လုပ်ငန်းများ၊ စေတနာရှင် ပရဟိတလုပ်အားရှင်များ၊ အကျဉ်းသားများ စသည်ဖြင့် ဦးစားပေးသတ်မှတ်ကာ ကာကွယ်ဆေးများ ထိုးနှံပေး**

## မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း အောက်ဆီဂျင်ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**မော်လမြိုင် ဩဂုတ် ၁၂**

မွန်ပြည်နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေထွဋ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယနေ့မွန်းတည့် ၁၂ နာရီက မော်လမြိုင် စက်မှုဇုန်ရှိ လွင်အောက်စီဂျင်စက်ရုံ၌ အောက်ဆီဂျင်ကန်မှ လီတာ ၄၀ အိုးများသို့ အောက်ဆီဂျင် ဖြည့်တင်းနေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှ တာဝန်ရှိသူများအား ပြည်သူများအတွက် လိုအပ်လျက်ရှိသော အောက်ဆီဂျင်အိုးများကို လျင်လျင်မြန်မြန်ရရှိနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

### ဖြန့်ဖြူးဆောင်ရွက်ပေး

မွန်ပြည်နယ်အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင်များက လှူဒါန်းထားသော အောက်ဆီဂျင်အရည်များကို လွင်အောက်ဆီဂျင်ထုတ်လုပ်ရေးစက်ရုံမှ တစ်နေ့လျှင် လီတာ ၄၀ အိုး အလုံး ၄၀၀ ခန့်ကို မော်လမြိုင် ပြည်သူ့ဆေးရုံကြီး၊ တပ်မတော် ခုတင်(၃၀၀)ဆေးရုံ၊ ပြည်နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံများ၊ ပြည်နယ် ပရိယတ္တိဗိမာန်၌ ဖွင့်လှစ်ထားသော isolation Ward နှင့် လူမှုကယ်ဆယ်ရေး အဖွဲ့အစည်းများသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ

ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ အနေဖြင့် နိုင်ငံတကာနှင့် အာရှဒေသတွင် ထိုးနှံဆောင်ရွက်နေသော အရည်အသွေးအာနိသင်ရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို မိမိတို့အစီအစဉ်ဖြင့် တင်သွင်းဖြန့်ဖြူးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်း ဆောင်ရွက်လိုပါက အောက်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည် -

**ကာကွယ်ဆေးတင်သွင်းရာတွင် လိုက်နာရမည့်အချက်များ**

၁။ အောက်ပါသတ်မှတ်အထောက်အထားများဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ လျှောက်ထားရပါမည် -

(က) Letter of Authorization from owner
(ခ) NRA/ FDA approval of vaccine from country of origin
(ဂ) Company profile and Manufacturer License/ GMP Certificate
(ဃ) Summary of product characteristics
(င) Batch or Lot release certificate from regulatory authority
(စ) Patient information leaflet and package insert
(ဆ) Container labeling
(ဇ) Storage and distribution plan

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ တင်သွင်းခွင့်ရရှိပြီးပါက တင်သွင်းခွင့်လျှောက်ထားစဉ်က အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အဆိုပြုခဲ့သည့် ကာကွယ်ဆေးထိုးနှံအသုံးပြုမည့် ဆေးရုံ/ ဆေးခန်း၊ ဆေးထိုးစုရပ်များသို့သာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဖြန့်ဖြူးရမည်ဖြစ်ပါသည်။

၃။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် အခြားကာကွယ်ဆေးများနှင့်မတူဘဲ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရေးပေါ်အခြေအနေတွင် အသုံးပြုရန် (Emergency Use Listing)သာ ခွင့်ပြုထားသည့် ကာကွယ်ဆေးဖြစ်သောကြောင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်အရ ပြင်ပဆေးဆိုင်များသို့ လုံးဝ(လုံးဝ) ဖြန့်ဖြူးရောင်းချခွင့်မရှိပါ။

၄။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တင်သွင်းဖြန့်ဖြူးရာတွင် Risk Communication and Management plan ကို ကြိုတင်၍တင်ပြရမည်။

၅။ ကာကွယ်ဆေးများကို တင်သွင်းဖြန့်ဖြူးခွင့်ရရှိသူသည် Drug Import Approval Certificate (DIAC)ရှိရန် လိုအပ်ပြီး -

(က) အမျိုးသားဆေးဝါးဥပဒေနှင့် အမိန့်ကြော်ငြာစာပါ စည်းကမ်းချက်များကို လိုက်နာရမည်။
(ခ) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ သိုလှောင်ရာတွင် အသုံးပြုသည့် Walk in Cooler ၊ Walk in Freezer နှင့် Ice Lined Refrigerator များနှင့် ကာကွယ်ဆေးပို့ဆောင်ခြင်းအတွက် အသုံးပြုမည့် Cold Box နှင့် Vaccine Carrier များသည် ကျန်းမာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့် ပြည့်စုံရမည်ဖြစ်ပြီး WHO Standard သတ်မှတ်ချက်နှင့် ကိုက်ညီရန် လိုအပ်ပါသည်။
(ဂ) ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအမျိုးအစားအလိုက် သတ်မှတ်ထားသော အအေးလမ်းကြောင်းထိန်းစနစ် (+2 to +8 Degree Centigrade အတွင်း (သို့မဟုတ်) Ultra Cold Chain at –70 Degree Centigrade ထားရှိနိုင်ရန်) ကို တိကျစွာလိုက်နာရမည်။ လိုအပ်သည့် သင်တန်းပေးခြင်း၊ ရေခဲသေတ္တာများ တပ်ဆင်ခြင်းစသည်တို့ကို ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်ရမည်။
(ဃ) ကာကွယ်ဆေးများ သိုလှောင်ခြင်း၊ ပို့ဆောင်ခြင်းများကို အအေးလမ်းကြောင်းမပျက် ဆောင်ရွက်နိုင်ရန် သင်တန်းရရှိပြီးသော အအေးလမ်းကြောင်းထိန်းသိမ်းမှု ကျွမ်းကျင်သည့် ဝန်ထမ်းများခန့်ထား၍ ဆောင်ရွက်ရမည်ဖြစ်ပြီး အအေးလမ်းကြောင်းမှတ်တမ်း (temperature record)များကို သက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တောင်းခံစစ်ဆေးပါက အချိန်မရွေးတင်ပြနိုင်ရန် စီစဉ်ထားရှိရမည်ဖြစ်သည်။ လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ online သင်တန်းပို့ချပေးမည်ဖြစ်ပါသည်။

၆။ ကာကွယ်ဆေးထိုးနှံရာတွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်ချိတ်ဆက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် Vaccine Management Information System (vmis@mohs.gov.mm) တွင် ထည့်သွင်းရပါမည်။ သီးခြားစနစ်ထူထောင်၍ မှတ်ပုံတင်ခြင်း၊ သီးခြားကာကွယ်ဆေးမှတ်တမ်း ထုတ်ပေးခြင်းကို မပြုလုပ်ရပါ။

၇။ ကာကွယ်ဆေးထိုးနှံရာတွင် ပူးပေါင်းဆောင်ရွက်မည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းများ၊ ဆေးထိုးစုရပ်များ၏ အမည်စာရင်းကို ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၈။ ကာကွယ်ဆေးထိုးနှံရာတွင် ကာကွယ်ဆေးထိုးပေးသူ (Immunizer) များသည် ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များအား စီမံခန့်ခွဲခြင်း သင်တန်းရရှိထားသူများ ဖြစ်ရမည်ဖြစ်ပြီး လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ သင်တန်းပို့ချပေးမည် ဖြစ်ပါသည်။

၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ကာကွယ်ဆေးထိုးပေးသူများအား ပုဂ္ဂလိကအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံခြင်းတွင် ဆောင်ရွက်ခွင့်ပြုမည်မဟုတ်ပါ။

၁၀။ ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းပို့ခြင်း (Adverse Event Following Immunization Surveillance and Reporting) ကို ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းပေးပို့မှုစနစ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကာကွယ်ဆေးထိုးပြီး ပြင်းထန်သည့် နောက်ဆက်တွဲဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ သေဆုံးခြင်းများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပေးပို့ရမည်။

၁၁။ တင်သွင်းမည့် ကာကွယ်ဆေးများနှင့်ပတ်သက်၍ ကာကွယ်ဆေး အစစ်အမှန်ဖြစ်ခြင်း၊ ကာကွယ်ဆေးများ အသုံးပြု၍ ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဖြစ်ရပ်များအား တင်သွင်းသူများက တာဝန်ယူကြောင်း၊ ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုး၍ တင်သွင်းခွင့်လျှောက်ထားရမည် ဖြစ်ပါသည်။

**ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်များ မဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ လိုက်နာရမည့် သတ်မှတ်ချက်များ**

၁။ ကိုဗစ်-၁၉ ကာကွယ်ဆေး တင်သွင်းခွင့်လျှောက်ထားရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သတ်မှတ်ချက်အရ Drug Import Approval Certificate (DIAC) လိုအပ်သောကြောင့် ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်တစ်ဦးမှ တာဝန်ခံ၍ တင်သွင်းခွင့်လျှောက်ထားရမည် ဖြစ်ပါသည်။

၂။ ထိုသို့ လျှောက်ထားရာတွင် တာဝန်ခံတင်သွင်းမည့် ပုဂ္ဂလိကဆေးဝါးလုပ်ငန်းရှင်တစ်ဦးနှင့် သဘောတူလက်မှတ်ရေးထိုးထားသည့် စာချုပ်အား ပူးတွဲတင်ပြရမည်ဖြစ်ပါသည်။

၃။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တင်သွင်းရန် ခွင့်ပြုထားသည့် သတ်မှတ်ကာကွယ်ဆေးအရေအတွက်အား အသုံးပြု၍ ကာကွယ်ဆေးထိုးနှံမည့် အသေးစိတ်စီမံချက်အား ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။

၄။ တင်သွင်းမည့် ကာကွယ်ဆေးများနှင့်ပတ်သက်၍ ကာကွယ်ဆေး အစစ်အမှန်ဖြစ်ခြင်း၊ ကာကွယ်ဆေးများ အသုံးပြု၍ ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဖြစ်ရပ်များအား တင်သွင်းသူများက တာဝန်ယူကြောင်း၊ ကတိခံဝန်ချက်ကို လက်မှတ်ရေးထိုး၍ တင်သွင်းခွင့်လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများသည် မိမိတို့အစီအစဉ်ဖြင့် တင်သွင်းထားသည့် ကာကွယ်ဆေးများကို တာဝန်ခံတင်သွင်းပေးသည့် ကုမ္ပဏီများ၏ အအေးလမ်းကြောင်းထိန်း Walk in Cooler ၊ Walk in Freezer နှင့် Ice Lined Refrigerator များ အသုံးပြု၍ လည်းကောင်း၊ ကာကွယ်ဆေးထိုးစုရပ်များတွင်လည်း Cold Box နှင့် Vaccine Carrier များကို လည်းကောင်း၊ မိမိ၏အစီအစဉ်ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၆။ ကာကွယ်ဆေးထိုးနှံရာတွင် နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့်ချိတ်ဆက်ပြီး ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် Vaccine Management Information System (vmis@mohs.gov.mm) တွင် ထည့်သွင်းရပါမည်။ သီးခြားစနစ်ထူထောင်၍ မှတ်ပုံတင်ခြင်း၊ သီးခြားကာကွယ်ဆေးမှတ်တမ်း ထုတ်ပေးခြင်းကို မပြုလုပ်ရပါ။

၇။ ကာကွယ်ဆေးထိုးနှံရာတွင် ကာကွယ်ဆေးထိုးပေးသူ (Immunizer)များသည် ကာကွယ်ဆေးထိုးနှံခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်များအား စီမံခန့်ခွဲခြင်းအားလည်းကောင်း သင်တန်းရရှိထားသူများ ဖြစ်ရမည်ဖြစ်ပြီး လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနမှ online သင်တန်းပို့ချပေးမည် ဖြစ်ပါသည်။

၈။ ကာကွယ်ဆေးထိုးနှံပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများနှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းပို့ခြင်း (Adverse Event Following Immunization Surveillance and Reporting) ကို ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းပေးပို့မှုစနစ်အတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ၎င်းအပြင် ကာကွယ်ဆေးထိုးပြီး ပြင်းထန်သည့် နောက်ဆက်တွဲဖြစ်ရပ်များ ဖြစ်ပွားခြင်း၊ သေဆုံးခြင်းများဖြစ်ပေါ်ပါက သက်ဆိုင်ရာပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်းသတင်းပေးပို့ရမည်။

# ပြည်သူလူထုသို့ အသိပေးချက်

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အသိအမှတ်ပြုထားသော အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများ ဝယ်ယူ၍ ဦးစားပေးအုပ်စုများ သတ်မှတ်ကာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုကျဆင်းရေး၊ ကူးစက်မှုကွင်းဆက်ပြတ်တောက်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ဦးတည်ချက်များထားရှိကာ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပါသည်။

ကာကွယ်ဆေးများထိုးနှံရာတွင် အရည်အသွေးကောင်းမွန်၍ ဘေးကင်းစိတ်ချရသော ကာကွယ်ဆေးများဖြစ်စေရန် ထုတ်လုပ်သည့် ကုမ္ပဏီများမှ တရားဝင်ရောင်းချပြီး အအေးလမ်းကြောင်း မပျက်ထားသိုသိမ်းဆည်းထားသည့် ကာကွယ်ဆေးများဖြစ်ရန် လိုအပ်ပါသည်။

ယခုအခါ ဈေးကွက်အတွင်းတွင် ကာကွယ်ဆေးအတုအပများ Online မှတစ်ဆင့်သော်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့်သော်လည်းကောင်း ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကာကွယ်ဆေးများသည် တရားဝင်တင်သွင်းလာသည့် ကာကွယ်ဆေးများ မဟုတ်သောကြောင့် ရောဂါကာကွယ်နိုင်ခြင်းမရှိသည့်အပြင် ဘေးအန္တရာယ်ဖြစ်ပွားနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကာကွယ်ဆေးအတုအပများ တင်သွင်း၍ ရောင်းချခြင်း သို့မဟုတ် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် "ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ" အား လိုက်နာခြင်းမရှိဘဲ တင်သွင်းဖြန့်ဖြူးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
၁၂-၈-၂၀၂၁

## တရုတ်နိုင်ငံမှ CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ရောက်ရှိ

**မနီလာ ဩဂုတ် ၁၂**

တရုတ်နိုင်ငံ Sinovac ကုမ္ပဏီမှထုတ်လုပ်သည့် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဖိလစ်ပိုင်နိုင်ငံသို့ ဩဂုတ် ၁၂ ရက်တွင် ရောက်ရှိလာကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံအား တရုတ်နိုင်ငံမှ CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမဆုံးအသုတ်ကို ဖေဖော်ဝါရီ ၂၈ ရက်တွင် လှူဒါန်းပြီးနောက် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းကို မတ် ၁ ရက်တွင် စတင်ဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိအချိန်အထိ ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၄ သန်းကျော်ကို ထိုးနှံပေးနိုင်ခဲ့ပြီး နိုင်ငံအတွင်းရှိ လူပေါင်း ၁၁ ဒသမ ၄ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံပြီးစီးပြီ ဖြစ်သည်။

ဖိလစ်ပိုင်အစိုးရအနေဖြင့် ယခုနှစ်အတွင်း နိုင်ငံသား သန်း ၇၀ ကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၇ သန်းကျော်ရှိပြီး အဆိုပါရောဂါကြောင့် ၂၉၅၃၉ ဦး သေဆုံးခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**




## အာဖရိက၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၁၃၆၁၄၀ ရှိလာ



**အဒစ်အာဘာဘာ ဩဂုတ် ၁၂**

အာဖရိက၌ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၁၃၆၁၄၀ ရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၉၉၈၆ ဦးရှိကြောင်း တောင်အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ သတင်းထုတ်ပြန်သည်။

ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံဆင်းခွင့်ရသူပေါင်း ၆၂၀၇၂၁၈ ဦး ရှိသည်။

ထို့ပြင် ဒေသတွင်းရှိ ဗိုင်းရပ်စ်ကူးစက်ခံရသည့်နိုင်ငံများအနက် တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရသည်။

တောင်အာဖရိကနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၃၅၆၀၄၉ ဦး ရှိပြီး မော်ရိုကိုနိုင်ငံ၌ ၅၆၉၆၆၈ ဦး ရှိကြောင်း သိရသည်။

အာဖရိကတောင်ပိုင်းသည် ရောဂါကူးစက်မှုအရေအတွက် အမြင့်မားဆုံးဖြစ်ပြီး မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ရောဂါကူးစက်မှုအရေအတွက် ဒုတိယအများဆုံးဖြစ်သည်။ ဗဟိုအာဖရိကတွင် ရောဂါကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း အာဖရိက ရောဂါကာကွယ် ထိန်းချုပ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



## အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၄၉ ဦး ထပ်မံတွေ့ရှိ

**တီဟီရန် ဩဂုတ် ၁၂**

အီရန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၀၄၉ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၃၂၀၂၆၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ပြီးခဲ့သော တစ်ရက်အတွင်း ၅၆၈ ဦးမှာ ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၆၂၁၅ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်ဝက်ဘ်ဆိုက်မှ သိရသည်။

လက်ရှိအချိန်တွင် လူနာ ၃၆၄၇၀၁၆ ဦးမှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာပြီး ဆေးရုံမှဆင်းသွားခဲ့ကာ လူနာ ၇၀၄၈ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များတွင် ကုသမှုခံယူနေဆဲဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ ပြည်သူ ၁၄၂၂၉၁၂၀ မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ပြည်သူ ၃၅၃၁၁၄၂ ဦးမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးဖြစ်သည်။ ထို့ပြင် လက်ရှိအချိန်ထိ ပြည်သူ ၂၆၈၈၉၉၉၇ ဦးအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်- ၁၉ ရောဂါမရှိကြောင်း ဆေးလက်မှတ်အတု ပြုလုပ်ရောင်းချသူအား ဖမ်းဆီး

**ဟနွိုင်း ဩဂုတ် ၁၂**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမရှိကြောင်း ဆေးလက်မှတ်အတု ပြုလုပ်ရောင်းချသည့် စီးပွားရေးသမားတစ်ဦးအား ဗီယက်နမ်ရဲအရာရှိများက ယနေ့ဖမ်းဆီးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လျက်ရှိသည်။

ဧပြီလနှောင်းပိုင်းမှစပြီး ရောဂါကူးစက်မှုလှိုင်းအသစ် စတင်ဝင်ရောက်လာသည့်အတွက် နိုင်ငံအတွင်းရှိ ခရိုင်ပေါင်း သုံးပုံတစ်ပုံ၌ ရောဂါကာကွယ်ရေးစည်းမျဉ်းများကို ချမှတ်ထားလျက်ရှိသည်။ ယင်းဒေသများရှိ ဒေသခံပြည်သူများက တစ်နေရာမှ တစ်နေရာသို့ သွားလာမည်ဆိုပါက ကိုဗစ်-၁၉ ရောဂါမရှိကြောင်း သက်သေခံလက်မှတ် လိုအပ်ကြောင်း သိရသည်။

ဘက်စ်နန်ခရိုင်ရှိ စီးပွားရေးသမား ထရန်တူရန်ဒေါင်က အဆိုပါရောဂါမရှိကြောင်း သက်သေခံလက်မှတ်များကို ထုတ်လုပ်ရောင်းချလျက်ရှိသည့်အတွက် ရဲအရာရှိများက ဖမ်းဆီးခြင်းဖြစ်သည်။

ထရန်တူရန်ဒေါင်က ကိုဗစ်-၁၉ ရောဂါမရှိကြောင်း သက်သေခံလက်မှတ် ခြောက်ခုကို ဒေါင်တစ်သန်း (အမေရိကန် ဒေါ်လာ ၄၃ ဒသမ ၈၆)ဖြင့် ဝယ်ယူသူတစ်ဦးအား ရောင်းချလျက်ရှိစဉ် ရဲအရာရှိများက ဝင်ရောက်ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

ယင်းသက်သေခံလက်မှတ် အစောင် ၁၅၀ ခန့် ရောင်းချပြီးဖြစ်ကြောင်း အသက် ၃၄ နှစ်အရွယ်ရှိ ထရန်တူရန်ဒေါင်က ပြောကြားသည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၁၅၄၃ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၄၈၇ ဦး ရှိကြောင်း သိရသည်။

**ကိုးကား- စီအင်န်အေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အာဖဂန်နစ္စတန်သမ္မတ အာရှ်ရတ်ဖ် ဂါနီ မာဇာအီရှာရတ်ဖ်မြို့သို့ သွားရောက်

**ကဘူးလ် ဩဂုတ် ၁၂**

အာဖဂန်နစ္စတန်သမ္မတ အာရှ်ရတ်ဖ် ဂါနီက အစိုးရတပ်ဖွဲ့ဝင်များနှင့် တာလီဘန်စစ်သွေးကြွအဖွဲ့တို့အကြား ပဋိပက္ခဖြစ်ပွားလျက်ရှိသည့် မာဇာအီရှာရတ်ဖ် မြို့သို့ ယနေ့သွားရောက်ကြောင်း သိရသည်။

အာဖဂန်နစ္စတန်သမ္မတ အာရှ်ရတ်ဖ် ဂါနီက ပြည်သူ့စစ်များကို ဦးဆောင်ကာ မာဇာအီရှာရတ်ဖ်မြို့အား စစ်သွေးကြွများသိမ်းပိုက်မှု မရှိစေရန် ကာကွယ်တိုက်ခိုက်လျက်ရှိသည့် ဒုတိယသမ္မတဟောင်း အဗ်ဒူရာရှစ်ဒိုတမ်နှင့် တွေ့ဆုံကာ တာလီဘန်အရေးကိစ္စရပ်များကို ဆွေးနွေးသည်။

တာလီဘန်စစ်သွေးကြွအဖွဲ့က နိုင်ငံအတွင်း စစ်ဆင်ရေးများအပြင်းအထန် ဆင်နွှဲလျက်ရှိစဉ် သမ္မတ ဂါနီက အဆိုပါခရီးစဉ်ကို သွားရောက်ခဲ့ခြင်း ဖြစ်သည်။

မြို့တော် ကဘူးလ်၏ အနောက်တောင်ဘက်ရှိ ဂါဇနီမြို့ကို တာလီဘန်စစ်သွေးကြွများက သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း ၎င်းတို့က ယနေ့ ကြေညာသည်။ ထို့ပြင် နိုင်ငံမြောက်ပိုင်းရှိ ကန်ဒက်ဇ်မြို့ရှိ အစိုးရတပ်ဖွဲ့ဝင်များ၏ လေဆိပ်တစ်ခုကိုလည်း သိမ်းပိုက်ထားသည်။

လက်ရှိအချိန်အထိ တာလီဘန်စစ်သွေးကြွများက နိုင်ငံအတွင်းရှိ ပြည်နယ် ၃၄ ခုအနက် ၁၀ အားသိမ်းပိုက်ထားပြီးဖြစ်သည်။

အာဖဂန်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝါလီမိုဟာမက် အာမတ်ဇိုင်အား ရာထူးမှဖယ်ရှားပြီး ဗိုလ်ချုပ်ကြီး ဟီဘာတူလက်ရ် အလီဇီယာအား




အစားထိုးခန့်အပ်ကြောင်း အာဖဂန်အစိုးရအဖွဲ့က ယနေ့ကြေညာသည်။

ယင်းသို့ ကာကွယ်ရေးဦးစီးချုပ် အစားထိုးခန့်အပ်မှုသည် အစိုးရတပ်ဖွဲ့ဝင်များ ပြန်လည်စုစည်းခြင်းနှင့် ပြန်လည်အသက်သွင်းခြင်းအတွက် ရည်ရွယ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၆၆၈ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၂**

မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၆၆၈ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၄၂၂၁၅ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၅၈ ဦးမှာ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၂၁၆၁၀ မှာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန် အဗ္ဗဒူလာက သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၈ ဦးကိုရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၁၆၉၁ ဦးရှိလာပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၇၆၈၇ ဦးကို ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၁၀၉၃၅၀၃ ဦး သို့မဟုတ် ရောဂါဖြစ်ပွားမှု အရေအတွက်၏ ၈၁ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နိုင်ငံအတွင်းဆေးရုံများ၏ အထူးကြပ်မတ်ကုသဆောင်များ၌ ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသနေသူ ၁၀၅၉ ဦးအနက် ၅၄၃ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေသည့်နေရာများ ပြန်လည်ဖွင့်လှစ်မည်

**ဒါကာ ဩဂုတ် ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေသည့်နေရာများကို ဩဂုတ် ၁၉ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရက ဆုံးဖြတ်လိုက်ကြောင်း အစိုးရအဖွဲ့က ယနေ့ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေသည့်နေရာများနှင့် တည်းခိုရိပ်သာများအား ဝင်ဆံ့သည့်ပမာဏ၏ ထက်ဝက်ခန့်ကို တည်းခိုခြင်းနှင့် အပန်းဖြေခြင်းကိစ္စရပ်များအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ ဖွင့်လှစ်ခွင့်ပြုသွားမည်ဟု သိရသည်။ အထက်ပါနေရာများသို့ လာရောက်အပန်းဖြေသူများအနေဖြင့် အစိုးရကထုတ်ပြန်ထားသည့် နှာခေါင်းစည်းဝတ်ဆင်ခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်စေရေးအတွက် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို ချိုးဖောက်သူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းဧွန်လမှစတင်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ မြင့်တက်လာပြီးနောက် ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေအရ ဇူလိုင်၂၃ ရက်မှ ဩဂုတ် ၁၀ ရက်အထိ အဆင့်လိုက် အသွားအလာကန့်သတ်မှုများ ထပ်မံချမှတ်ခဲ့သည်။

လက်ရှိတွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ဖြေလျှော့ခဲ့ပြီး အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ရုံးများနှင့် ဈေးဝယ်စင်တာများကို လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပြီးနောက် အထက်ပါကြေညာချက်ထုတ်ပြန်ခြင်းဖြစ်သည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယမန်နေ့က တရုတ်နိုင်ငံ Sinopharm ကုမ္ပဏီထံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူရန် အစိုးရက အတည်ပြုခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ ၂၄၇၀၉ ဦး ရောဂါထပ်မံကူးစက်ခံရ

**ဂျကာတာ ဩဂုတ် ၁၂**

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၄၇၀၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၃၇၇၄၁၅၅ ဦးရှိလာပြီဖြစ်ကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၄၆၆ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၃၆၆၄ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူ ၃၆၆၃၇ ဦး ဆေးရုံများမှ ဆင်းသွားခဲ့ရာ ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့သူပေါင်း ၃၂၄၇၇၁၅ ဦး ရှိလာသည်။

လက်ရှိအချိန်အထိ ကာကွယ်ဆေးနှစ်ကြိမ်စလုံးထိုးနှံမှုခံယူပြီးသူ ၂၆ ဒသမ ၀၃ သန်းရှိပြီး ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံမှုခံယူပြီးသူ ၅၂ ဒသမ ၄၇ သန်းရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသစ် သုံးမျိုး လက်တွေ့စမ်းသပ်မှုပြုလုပ်မည်

**ကုလသမဂ္ဂ ဩဂုတ် ၁၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသစ် သုံးမျိုးကို လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ငှက်ဖျားရောဂါဆေး၊ ကင်ဆာရောဂါကုသဆေးနှင့် ရောင်ရမ်းနာကျင်သည့် ရောဂါကုသဆေးတို့ကို အသုံးပြုပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသုံးမျိုးကို ဖော်စပ်သွားမည်ဖြစ်သည်။ ယင်းကာကွယ်ဆေးများ၏ လက်တွေ့စမ်းသပ်မှုကို နိုင်ငံပေါင်း ၅၂ နိုင်ငံရှိ ဆေးရုံ ၆၀၀ ကျော်၌ ပြုလုပ်သွားရန် စီစဉ်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒါနွမ် ဂါဘရီယီဆက်စ်က အဆိုပါကာကွယ်ဆေးများ အမှန်တကယ် ထိရောက်မှုရှိစေရန် မျှော်လင့်ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအသစ်များ ထွက်ပေါ်လာပါက လက်ရှိကာကွယ်ဆေးများအပေါ် ဝယ်လိုအားများ လျော့ကျသွားမည်ဖြစ်ကြောင်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်လည်း ကာကွယ်ဆေးများ ရရှိနိုင်မည်ဖြစ်ကြောင်း လေ့လာသူများက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၉၃၂ ဦး ထပ်မံတွေ့ရှိ

**မော်စကို ဩဂုတ် ၁၂**

ရုရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၉၃၂ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၆၅၃၄၇၉၁ ဦးရှိလာကြောင်း ရုရှားနိုင်ငံ ရောဂါတုံ့ပြန်ရေးစင်တာက ယနေ့ပြောသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ၈၀၈ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၆၈၀၄၉ ဦးရှိလာသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ၂၀၁၉၅ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးပြန်လည်ကောင်းမွန်လာသူပေါင်း ၅၈၂၈၉၇၂ ဦး ရှိလာသည်။

ပြည်တွင်းထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sputnik V သည် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကို ၈၃ ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း လက်တွေ့စမ်းသပ်မှုရလဒ်များအရ သိရသည်ဟု ကျန်းမာရေးဝန်ကြီး မီခေးလ် မူရာရှ်ကိုက ဆိုသည်။

လက်ရှိအချိန်အထိ ပြည်သူ ၃၈ ဒသမ ၉ သန်း (လူဦးရေ၏ ၂၇ ရာခိုင်နှုန်း) အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၂ သန်းကျော်ရှိလာ

**နယူးဒေလီ ဩဂုတ် ၁၂**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၁၁၉၅ ဦးထပ်မံ စစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၃၂၀၇၇၇၀၆ ဦးအထိ မြင့်တက်လာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးရ ကိန်းဂဏန်းများအရ သိရသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၄၉၀ ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၂၉၆၆၉ ဦးရှိလာသည်။

လက်ရှိအချိန်အထိ ပိုးတွေ့ဆဲလူနာ ၃၈၇၉၈၇ ဦးရှိကြောင်း သိရသည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၃၉၀၆၉ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၁၂၆၀၀၅၀ ရှိလာကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၇၈၂ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် ဩဂုတ် ၁၂**

ထိုင်းနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၇၈၂ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၃၉၇၇၁ ဦးရှိလာကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စီမံခန့်ခွဲရေးစင်တာက ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၄၇ ဦး ထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၆၉၄၂ ဦး ရှိလာသည်။ သို့သော် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူ ၂၃၆၄၉ ဦး ဆေးရုံမှ ဆင်းသွားခဲ့ရာ ၎င်းအရေအတွက်သည် ထိုင်းနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့်အချိန်မှ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူအရေအတွက် အမြင့်ဆုံးဖြစ်သည်။

မြို့တော်ဗန်ကောက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၈၅၄ ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၇၀ ထပ်မံတွေ့ရှိသည်။

ထိုင်းအစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပိုမိုဝယ်ယူပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်အကုန်တွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ နိုင်ငံအတွင်း၌ ဩဂုတ် ၁၁ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၂ သန်းကျော် ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၂၀၅၇၃၂၆၅၃ ဦး

သေဆုံးသူ
၄၃၄၁၅၄၇ ဦး

ပြန်လည်ကျန်းမာလာသူ
၁၈၄၇၁၈၁၃၅ ဦး

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသည့် ဦးအောင်ကျော်ဇံ၊ ဦးကျော်အေးသိန်း၊ ဦးမင်းအောင်နှင့် ဦးကျော်လွင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၂**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ခဲ့သော ဦးညီပုနှင့် တာဝန်ရှိသူများ အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် အညီ လိုအပ်သလို စုံစမ်းစစ်ဆေး အရေးယူနိုင်ရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်က စုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အရ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဟောင်း ဦးညီပု၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်း နှင့် စီးပွားရေးဝန်ကြီးဟောင်း ဦးကျော်အေးသိန်း၊ ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ် ရေး ဝန်ကြီးဟောင်း ဦးအောင်ကျော်ဇံနှင့် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်း ဝန်ကြီးဟောင်း ဦးကျော်လွင်တို့သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည့်အချိန်က ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ရွာမရပ်ကွက်နှင့် ကင်းရုံး ရပ်ကွက်ကြားရှိ ဂွချောင်းအတွင်း သောင်ထွန်းလျက် ရှိသည့် မြစ်ချောင်းရေအောက်မြေ အမျိုးအစား ဂုံးသောင်မြေနေရာပေါ်တွင် တန်ဖိုးနည်းမြေကွက် ဖော်ထုတ်ရေးဆောင်ရွက်ရာ၌ နိုင်ငံတော် သမ္မတရုံး ၏ ညွှန်ကြားချက်အမှတ်(၁/၂၀၁၇)ကို လိုက်နာ ဆောင်ရွက်ခြင်းမရှိဘဲ လုပ်ငန်းဆက်စပ်သည့် ကုမ္ပဏီတစ်ခုအား ကုမ္ပဏီအချက်အလက်များ၊ ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံ ငွေကြေးနှင့် လုပ်ငန်းအတွေ့ အကြုံ နည်းပညာကျွမ်းကျင်မှုများ၊ ကျွမ်းကျင် လုပ်သားနှင့် လိုအပ်သည့် ယာဉ်၊ ယန္တရားများ အသုံး ပြုနိုင်မှုတို့ကို စိစစ်ခြင်းမပြုဘဲ ဆောင်ရွက်စေခဲ့ခြင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကုမ္ပဏီတို့ "တန်ဖိုး နည်းမြေယာ ဖော်ထုတ်ခြင်းလုပ်ငန်း စီမံခန့်ခွဲရန် သဘောတူစာချုပ်"ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်၊ ပြည်နယ်ဥပဒေချုပ်ရုံး၏ ဥပဒေအကြံပြုချက်နှင့် စီမံကိန်းနှင့် သက်ဆိုင် ဆက်နွှယ်သည့်ဌာနများမှ သဘောထားမှတ်ချက် များ တောင်းခံရယူမှုမရှိဘဲ လုပ်ပိုင်ခွင့်ကိုအလွဲသုံး စားပြု၍ ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ် ချက်ဖြင့် ချုပ်ဆိုခဲ့ခြင်း၊ စီမံကိန်းဆောင်ရွက်သည့် မြေအမျိုးအစားမှာ မြစ်ချောင်းနှင့်ရေအောက် မြေအမျိုးအစားဖြစ်သဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ သို့ မြေယာလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြ ဆောင်ရွက်မှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးနိုင်မှုများအပေါ် လေ့လာဆန်းစစ်မှု မရှိဘဲ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုခဲ့သည့် အတွက် ရေကြီး ရေလျှံ၊ ရေတိုက်စားမှုဖြစ်ပေါ်ကာ သဘာဝအလျောက် ပေါ်များရှင်သန် ကျက်စားနေ သည့် ခုံးကောင်များ၊ သဘာဝဖြစ်ထွန်းနေသော ကျောက်သံပင်များပျက်စီး၍ ငါးဖမ်းဆီးရရှိမှု နည်းလာသည့်အတွက် ဒေသခံပြည်သူတို့၏ အသက် မွေးဝမ်းကျောင်းမှုကိုပါ ထိခိုက်ခဲ့ခြင်း၊ ခုံးသောင် မြေယာ ဖော်ထုတ်ရေးစီမံကိန်း တန်ဖိုးနည်းမြေယာ ဖော်ထုတ်ခြင်းလုပ်ငန်းတွင် စာချုပ်သဘောတူချက် တွင်မပါဝင်ဘဲ ကုန်ကျစရိတ်နှင့် နစ်နာကြေး အကြောင်းပြကာ ငွေကျပ် ၅၃၅ သန်းကျော်ကို ကုမ္ပဏီသို့ ပေးအပ်ခဲ့ခြင်းတို့သည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်း ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီး ချုပ်ဟောင်း ဦးညီပု၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဟောင်း ဦးကျော်အေး သိန်းနှင့် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးအောင်ကျော်ဇံတို့ သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တွင် တာဝန် ထမ်းဆောင်ခဲ့သည့်အချိန်က လုပ်ငန်းဆက်စပ်သည့် ကုမ္ပဏီတစ်ခုကို နိုင်ငံပိုင်အဆောက်အဦ သုံးလုံးကို ကုမ္ပဏီ၏ အချက်အလက်များကို သေချာစွာ စိစစ် မှုမရှိဘဲ ဒေသခံများ အလုပ်အကိုင်ရရှိရေး ခေါင်းစဉ် ဖြင့် အထည်ချုပ်လုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခဲ့ခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို စိစစ်မှုမရှိဘဲ အဆောက်အဦ ပြင်ဆင်ရန်အတွက် အကြောင်းပြကာ အမှန်တကယ် ပြင်ဆင်မှုမရှိဘဲ စုစုပေါင်း ငွေကျပ် ၅၅ သန်းကျော်ကို ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ရန်ပုံ ငွေမှ ထောက်ပံ့ကြေး ပေးအပ်ခဲ့ခြင်း၊ ကုမ္ပဏီ၏ လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းမရှိသော်လည်း အဆောက်အဦ သုံးလုံးကို လက်ရှိအချိန်အထိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ အဆောက်အဦများ ပြန်လည်အပ်နှံစေရေး ဆောင်ရွက်မှုမရှိခြင်းတို့ သည် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှု များကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်းဖြစ် ကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီး ချုပ်ဟောင်း ဦးညီပု၊ ပြည်နယ်ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဟောင်း ဦးကျော်အေး သိန်းနှင့် ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးဟောင်း ဦးအောင်ကျော်ဇံတို့ သည် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွင် တာဝန် ထမ်းဆောင်ခဲ့သည့်အချိန်က ရခိုင်ပြည်နယ် စာရင်းစစ်ချုပ်ရုံး၏ အစီရင်ခံစာအရ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁ ရက် စာရင်းဖွင့်လက်ကျန် ပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ ရန်ပုံ ငွေကျပ် ၈၆၅ သန်းကျော်ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၅၈/၂၀၁၉ ပါ ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေသို့ လွှဲပြောင်းထည့်သွင်းခဲ့မှုမရှိဘဲ လုပ်ထုံး လုပ်နည်းများကို ဖောက်ဖျက်လျက် ဆက်လက် သုံးစွဲခဲ့သည့်အတွက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်း နှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ဆုံးရှုံးစေခဲ့ ကြောင်း။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးဟောင်း ဦးမင်းအောင်သည် ပြည်နယ်ဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိသည့် လွှတ်တော်၏ ခွင့်ပြုချက်မရှိသော ဈေး ငါးဈေး တည်ဆောက်ခြင်း လုပ်ငန်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် အမှတ်(၁/၂၀၁၇)ပါ တင်ဒါဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့်အညီ ဆောင်ရွက်ခဲ့မှု မရှိခြင်း၊ တောင်ကုတ် မြို့ မြို့မဈေး တင်ဒါအောင်မြင်သည့် ဆောက်လုပ် ရေးကုမ္ပဏီဖြင့် စာချုပ်ချုပ်ဆိုရာတွင် တင်ဒါ အောင်မြင်သည့် ဈေးနှုန်းတန်ဖိုး ငွေကျပ်သန်း ၁၄၅၀ ကျော်ဖြင့် စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ တင်ဒါ သတ်မှတ်ချက်ဈေးနှုန်း တန်ဖိုးငွေကျပ် သန်း ၁၅၇၀ ကျော်ဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စာချုပ် ချုပ်ဆိုစေခဲ့ခြင်း၊ ပထမအရစ် ၂၅ ရာခိုင်နှုန်း ငွေကျပ် သန်း ၃၉၀ ကျော်ကို ၂၀၁၈ ခုနှစ် မတ် ၂၁ ရက်တွင် ဆောက်လုပ်ရေးကုမ္ပဏီကို ထုတ်ပေးခဲ့ရာ ငွေကျပ် သန်း ၃၀ ကျော်ကို ပိုမိုထုတ်ပေးခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေကျပ် သန်း ၃၀ ကျော်ကို ဆုံးရှုံးစေခဲ့ခြင်းဖြစ်သည့်အပြင် တောင်ကုတ်မြို့မဈေး သည် ယနေ့အချိန်အထိ မြေပြင်၌ ပျက်စီးယိုယွင်း နေသည့် အခြေအနေအဖြစ် တည်ရှိနေခြင်းတို့ ကြောင့် ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ် စီမံဆောင်ရွက် ရသည့် လုပ်ငန်းစဉ်တွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းကို ဖောက်ဖျက်၍ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာ ဆုံးရှုံးစေခြင်းဖြစ်ကြောင်းတို့ကို စစ်ဆေးပေါ်ပေါက် သဖြင့် ဝန်ကြီးချုပ်ဟောင်း ဦးညီပုနှင့် ပြည်နယ် ဝန်ကြီးဟောင်းများဖြစ်ကြသည့် ဦးအောင်ကျော်ဇံ၊ ဦးကျော်အေးသိန်း၊ ဦးမင်းအောင်နှင့် ဦးကျော်လွင် တို့အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ ရခိုင်ပြည်နယ် စစ်တွေမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက် ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ကြံပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးသေဆုံးကာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရ

**နေပြည်တော် ဩဂုတ် ၁၂**

အကြမ်းဖက်သူများသည် ပြည်တွင်း ပြည်ပနိုင်ငံများတွင် နေထိုင်ကြသော အစွန်းရောက် အကြမ်းဖက်လိုသူများ၏ မြှောက်ပင့် သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ကာ အေးချမ်းစွာ နေထိုင်ကြသော ပြည်သူများကို တစ်ဖက်သတ် အစွန်းရောက် ဂိုဏ်းဂဏစွဲကာ ရက်စက်ယုတ်မာစွာဖြင့် ချောင်းမြောင်းလုပ်ကြံသတ်ဖြတ်ခြင်း၊ တိုက်ခိုက်ခြင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြုလုပ်လျက်ရှိသည်။



**အပြစ်မဲ့ကလေးငယ် တစ်ဦး သေဆုံး**

ထိုသို့ ချောင်းမြောင်းလုပ်ကြံခြင်းများ ပြုလုပ်ခဲ့ရာ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ အစွန်းရောက် အကြမ်းဖက် သောင်းကျန်းသူများ၏ ဆင်ခြင်တုံတရားကင်းမဲ့၊ ရက်စက်ယုတ်မာစွာ လုပ်ကြံပစ်ခတ်မှုကြောင့် အပြစ်မဲ့ကလေးငယ် တစ်ဦး သေဆုံးကာ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၇ နာရီတွင် မြင်းခြံမြို့ အမှတ်(၄)ရပ်ကွက်နေ ဦးငြိမ်းချမ်း ၂၆ နှစ် (ဘ)ဦးပြည့်စုံ သည် ၎င်း၏နေအိမ်ရှေ့လမ်းဘေး၌ မုန့်ဟင်းခါးရောင်းချရန်အတွက် ရှစ်လအရွယ် သမီးဖြစ်သူ မငြိမ်းငြိမ်းကို ရင်ခွင်ပိုက်ကာ ဆိုင်ခင်းကျင်း ပြင်ဆင်နေစဉ် အစွန်းရောက် အကြမ်းဖက်သောင်းကျန်းသူ အမျိုးသား လေးဦးက ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး "မုန့်ဟင်းခါးရပြီလား" ဟု မေးမြန်းကာ ၎င်းတို့ လေးဦးအနက်မှ အမျိုးသား တစ်ဦးက သေနတ်ဖြင့် လေးချက်ခန့်ပစ်ခတ်၍ ဆိုင်ကယ်များဖြင့် မောင်းနှင်ထွက်ပြေးသွားခဲ့သည်။

**နဖူးကျည်ဖောက်ဝင်**

ထိုကဲ့သို့ အစွန်းရောက် အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ယုတ်မာစွာ လုပ်ကြံပစ်ခတ်ခဲ့မှုကြောင့် ရှစ်လအရွယ် မငြိမ်းငြိမ်း၏ နဖူးကျည်ဖောက်ဝင်ဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ပြီး ဦးငြိမ်းချမ်း၏ ယာဘက်လက်မောင်း ကျည်ဖောက်ထွက်ဒဏ်ရာ တစ်ချက်၊ ဝဲလက်မောင်း ကျည်ရှပ်ထိဒဏ်ရာ တစ်ချက်နှင့် အဆိုပါဆိုင်သို့ မုန့်ဝယ်ရန် ရောက်ရှိနေသော တစ်ရပ်ကွက်တည်းနေ ဒေါ်တင်တင်မာ(ဘ)ဦးထွန်းလှ၏ ယာဘက်ခြေထောက်ခြေမျက်စိ ကျည်ရှပ်ထိဒဏ်ရာတစ်ချက်တို့ ရရှိခဲ့သည်။

ထိုသို့ အပြစ်မဲ့ အသက်ရှစ်လအရွယ် ကလေးငယ် သေဆုံးအောင် သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားသည့် အစွန်းရောက် အကြမ်းဖက်သမားများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး စုံစမ်းရှာဖွေလျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ထိုကဲ့သို့ ရက်စက်ယုတ်မာစွာ လုပ်ကြံပစ်ခတ်ခဲ့သည့် အစွန်းရောက် အကြမ်းဖက်သမားများကို မိမိတို့ ပတ်ဝန်းကျင်တွင် တွေ့ရှိရပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့စခန်းများသို့ သတင်းပေးပို့နိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုဂ္ဂလိက ကဏ္ဍကလည်း မိမိနိုင်ငံ၊ မိမိတိုင်းသူပြည်သားတွေအတွက်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် မိမိရဲ့သွေးချင်းတွေအတွက် အရည်အသွေးမီတဲ့ ကာကွယ်ဆေးတွေကို တင်သွင်း ဖြန့်ချိပါ

ဒေါက်တာခင်ခင်ကြီး

## ကိုဗစ်–၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၁၁ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာအစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

**အစီအစဉ်မှူး ။ ။** နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေတာနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် အရေးပါတဲ့ ကာကွယ်ဆေးထိုး လုပ်ငန်းစဉ်တွေမှာ အစိုးရနဲ့ ပုဂ္ဂလိကအခန်းကဏ္ဍရဲ့ ဟန်ချက်ညီညီ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုတွေကို ပြောပြပေးပါဦး။

**ဒေါက်တာခင်ခင်ကြီး ။ ။** ကိုဗစ် – ၁၉ ရောဂါပိုး ကကမ္ဘာပေါ်မှာရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုက မြင့်တက်နေဆဲဖြစ်ပါတယ်။ ဒီနေ့ရရှိတဲ့ ဂျွန်ဟော့ကင်းတက္ကသိုလ်ရဲ့ ဒေတာအရ ရောဂါဖြစ်ပွားသူ ၂၀၂ သန်းကျော်နဲ့ သေဆုံးသူ ၄ ဒသမ ၃ သန်းနီးပါးရှိပါတယ်။ ကမ္ဘာပေါ်မှာ ရောဂါဖြစ်ပွားမှုတွေနဲ့ သေဆုံးမှုတွေက မြင့်တက်နေတယ်ဆိုတာကို သိစေချင်ပါတယ်။

ဒီလိုရောဂါကူးစက်ဖြစ်ပွားမှုတွေကို အမြန်ဆုံး ထိန်းချုပ်နိုင်ဖို့အတွက် ကာကွယ်ဆေးထိုးခြင်းက အရေးပါတဲ့အခန်းကဏ္ဍမှာ ပါဝင်ပါတယ်။ ဒီနေရာမှာ ကာကွယ်ဆေးထိုးခြင်းဖြင့်သာ ကိုဗစ် – ၁၉ ရောဂါကို ထိန်းချုပ်နိုင်တယ်လို့ဆိုလိုတာ မဟုတ်ပါဘူး။ ကာကွယ်ဆေးထိုးခြင်းနဲ့အတူ ကိုဗစ်ရောဂါဆိုင်ရာ လိုက်နာရမယ့် စည်းကမ်းချက်တွေဖြစ်တဲ့ Mask တပ်ခြင်း၊ လက်ဆေးခြင်း၊ လူအုပ်စုတွေကို ရှောင်ကြဉ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ ချောင်းဆိုးနှာချေတဲ့အခါ ဖုံးအုပ်၍ဆိုးခြင်း၊ လေကောင်းလေသန့်ရတဲ့နေရာမှာ နေထိုင်ခြင်း ဒါတွေက ကိုဗစ်ကာကွယ်ဆေးထိုးခြင်းကဲ့သို့ အရေးပါတယ်ဆိုတာကို သိစေချင်ပါတယ်။

နိုင်ငံတိုင်းက ကာကွယ်ဆေးတွေကို အမြန်ဆုံး ရရှိပြီး မိမိနိုင်ငံသားတွေ ထိုးနှံနိုင်ဖို့အတွက် အစွမ်းကုန်ကြိုးစားနေပါတယ်။ သို့သော် လက်ရှိကမ္ဘာရဲ့ ရောဂါဖြစ်ပွားမှုတွေ၊ ကူးစက်မှုတွေ၊ သေဆုံးမှုတွေနဲ့ ကာကွယ်ဆေးထိုးနှံနိုင်မှုတွေကို ကြည့်ရင် ကာကွယ်ဆေးထိုးနှံနိုင်မှု နည်းနေတာကို တွေ့ရပါတယ်။ ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံ ၁၀ နိုင်ငံလောက်ကပဲ ကာကွယ်ဆေးကို ၅၀ ရာခိုင်နှုန်းနဲ့ အထက် ထိုးနှံနိုင်တာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးဖို့လိုအပ်တဲ့ နိုင်ငံတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံမှုက ၁ ဒသမ ၁ ရာခိုင်နှုန်းသာရှိပါတယ်။ ဒီ ၁ ဒသမ ၁ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးတာ မဟုတ်ပါဘူး၊ ကာကွယ်ဆေး တစ်ကြိမ်သာ ထိုးနှံပြီးတဲ့ အရေအတွက် ဖြစ်ပါတယ်။

လက်ရှိကမ္ဘာပေါ်မှာ ကမ္ဘာ့လူဦးရေရဲ့ ၃၀ ရာခိုင်နှုန်းက ကိုဗစ်ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ၁၅ ရာခိုင်နှုန်းကျော်က ကာကွယ်ဆေးအကြိမ်ပြည့် နှစ်ကြိမ် ထိုးနှံပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံပြီးမှု အနေနဲ့ ၄ ဒသမ ၄ ဘီလီယံဆိုတဲ့အတွက် သန်း ၄၄၀၀ ကို ကာကွယ်ဆေးတွေထိုးပြီးပြီဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ နေ့စဉ်ကာကွယ်ဆေးထိုးနှံမှု အနေနဲ့ လူသန်း ၄၀ ထိုးနေပါတယ်။

နိုင်ငံတိုင်းက မိမိတို့နိုင်ငံသားတွေအတွက်




ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး Sinopharm ကို မြေပြင်အအေးလမ်းကြောင်း မော်တော်ယာဉ်ဖြင့် ပို့ဆောင်ဖြန့်ဖြူးစဉ်။

ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့ ဘက်ပေါင်းစုံကနေ ကြိုးစားနေပါတယ်။ မြန်မာနိုင်ငံမှာလည်း နိုင်ငံတော်အစိုးရအနေနဲ့ ကာကွယ်ဆေးတွေ အမြန်ဆုံးထိုးနှံနိုင်ဖို့အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကနေ အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေကို မှာယူပြီး ပြည်သူတွေကို ထိုးနှံပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ကာကွယ်ဆေးအတော်များများ ရောက်ရှိနေပြီဖြစ်ပါတယ်။ ဩဂုတ် ၈ ရက်မှာ မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ ကာကွယ်ဆေး လေးသန်းအနက် Sinovac ကာကွယ်ဆေး တစ်သန်း ထပ်မံရောက်ရှိလာတဲ့အတွက် Sinovac ကာကွယ်ဆေး စုစုပေါင်းနှစ်သန်းရောက်ရှိနေပြီဖြစ်ပါတယ်။ ဒ့ါအပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ လှူဒါန်းထားတဲ့ Sinopharm (Beijing) ကာကွယ်ဆေး နှစ်သန်း ရောက်ရှိပြီး ဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ ကာကွယ်ဆေး လေးသန်း လက်ဝယ်ရရှိပြီး ဖြစ်ပါတယ်။

ဩဂုတ်လအတွင်းမှာ နောက်ထပ် မြန်မာနိုင်ငံက ဝယ်ယူထားတဲ့ Sinopharm (Beijing) ကာကွယ်ဆေး နှစ်သန်း ထပ်မံရောက်ရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေကို ထိုးနှံပေးဖို့အတွက် ကိုဗစ်ကာကွယ်ဆေး ခြောက်သန်း ရရှိမှာဖြစ်ပါတယ်။ ကာကွယ်ဆေး ခြောက်သန်းဖြစ်တဲ့အတွက် လူဦးရေ သုံးသန်းကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။ လက်ရှိရောက်ရှိနေတဲ့ ကာကွယ်ဆေးတွေကို ပထမအကြိမ်အဖြစ် လူဦးရေ သုံးသန်းကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒီလိုကာကွယ်ဆေး ထိုးနှံပေးတဲ့အခါ ရောဂါကူးစက်လွယ်ပြီး ရောဂါဖြစ်ပွားရင် သေဆုံးနိုင်တဲ့ အုပ်စုတွေကို ဦးစားပေးထိုးနှံပေးမှာ ဖြစ်ပါတယ်။ ဒီလို ထိုးနှံပေးတဲ့အတွက် ကိုဗစ်ရောဂါဖြစ်ပွားသေဆုံးမှုတွေကို အတိုင်းအတာတစ်ခုအထိ လျော့ကျစေမှာ သေချာပါတယ်။

မြန်မာနိုင်ငံမှာ ကိုဗစ်ကာကွယ်ဆေး စတင်ထိုးနှံတဲ့ ဇန်နဝါရီလ ၂၇ ရက်မှစတင်ပြီး ဇူလိုင်လ ၂၁ ရက်အထိ ကာကွယ်ဆေးနှစ်ကြိမ် အပြည့်ထိုးနှံပြီးတဲ့ လူဦးရေသည် ၁ ဒသမ ၈ သန်းကျော်ရှိပါတယ်။ ရည်မှန်းလူဦးရေ အသက် ၁၈ နှစ်အထက်ရဲ့ ခြောက်ရာခိုင်နှုန်းကျော် ၆ ဒသမ ၀၈ ရာခိုင်နှုန်း ထိုးနှံပြီးဖြစ်ပါတယ်။ လက်ရှိမှာ တစ်နေ့ကို ကာကွယ်ဆေး ပျှမ်းမျှ တစ်သိန်းခွဲဝန်းကျင် ထိုးနှံပေးနေတာ ဖြစ်တဲ့အတွက်ကြောင့် ကာကွယ်ဆေး သုံးသန်းသည် ရက်၂၀၊ တစ်လအတွင်းမှာ ထိုးနှံပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။ ယခုလက်ရှိမှာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ထိုးနှံပေးလျက်ရှိပါတယ်။

ဒီလိုကာကွယ်ဆေး ထိုးနှံပေးတဲ့အခါမှာ ကာကွယ်ဆေးထိုးနှံပေးရမယ့် ဦးစားပေးအုပ်စုထဲမှာ ပါဝင်တဲ့သူတွေက ကာကွယ်ဆေးထိုးနှံနိုင်မယ့် အခွင့်အရေးကို လက်မလွှတ်တမ်း ဖမ်းဆုပ်နိုင်ဖို့ လိုအပ်ပါတယ်။ နိုင်ငံတော်အစိုးရက ကိုဗစ်ကာကွယ်ဆေးတွေ ထိုးနှံပေးနေသလို တစ်ဖက်ကလည်း ပြည်သူတွေအနေနဲ့ ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ဒီနေရာမှာ ပြည်သူထဲမှာ ပါဝင်တဲ့ ဆေးဝါးတင်သွင်းဖြန့်ဖြူးတဲ့သူတွေဟာ ပုဂ္ဂလိကကဏ္ဍအနေနဲ့ အရည်အသွေးပြည့်မီတဲ့ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ဖြူးကာ ပြည်သူတွေကို ထိုးနှံပေးခြင်းဖြင့် ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါမှသာ ကာကွယ်ဆေးလွှမ်းခြုံမှု ပိုမိုရရှိပြီး ကိုဗစ်ရောဂါကို အမြန်ဆုံးကာကွယ်ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ယခု ကာကွယ်ဆေးတွေကို ဦးစားပေးအုပ်စုအလိုက် ထိုးနှံပေးနေမှုမှာ မပါဝင်သူတွေကို ပုဂ္ဂလိကကဏ္ဍကနေ ဘယ်လိုမျိုး ပူးပေါင်းပါဝင်ဆောင်ရွက်လို့ရတယ်ဆိုတာ ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး ။ ။** လက်ရှိမှာ ကာကွယ်ဆေးတွေကို ဘယ်လိုလူတွေကို ဦးစားပေးထိုးနှံပေးနေတယ်ဆိုတာ အရင်ဆုံး ဆွေးနွေးလိုပါတယ်။ ဘယ်သူတွေလဲဆိုတော့ အသက် ၆၅ နှစ် အထက် ဘိုးဘွားတွေ ဖြစ်ပါတယ်။ သူတို့အနေနဲ့ ရောဂါဖြစ်ရင် အလွန်ပြင်းထန်စွာ ခံစားရနိုင်ပြီး အသက်သေဆုံးတဲ့အထိ ဖြစ်နိုင်ပါတယ်။

သူတို့ဟာ Senior Citizen လို့ခေါ်တဲ့ လူ့အဖိုးတန်တွေ ဖြစ်ပါတယ်။ ပြည်သူပြည်သား တစ်ယောက်စီတိုင်းရဲ့ တန်ဖိုးဖြတ်လို့မရတဲ့ မိဘတွေ၊ အဘိုးအဘွားတွေဖြစ်တဲ့အတွက်ကြောင့် သူတို့က ပထမဦးစားပေး ဖြစ်ပါတယ်။ လက်ရှိမှာလည်း အသက် ၆၅ နှစ်အထက်ကို ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပါတယ်။

ထက်လျှံ

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၆၅ နှစ်အထက် လူဦးရေက ၂ ဒသမ ၈ သန်းရှိပါတယ်။ လူဦးရေ ၂ ဒသမ ၈ သန်းထဲမှာ ပထမအကြိမ် ကိုဗစ်ကာကွယ်ဆေးထိုးနှံပေးစဉ်က သုည ဒသမ ၈ သန်းက ပြီးစီးသွားပြီ ဖြစ်တဲ့အတွက် လက်ရှိမှာ ကျန်တဲ့ နှစ်သန်းကို ဦးစားပေးထိုးနှံပေးဖို့ ရည်မှန်းထားပါတယ်။

ဒုတိယအနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းတွေ ဖြစ်ပါတယ်။ ဒါက အားလုံးသိတဲ့အတိုင်းပါပဲ ပြည်သူကို ကျန်းမာအောင် စောင့်ရှောက်ပေးမယ့် ကျန်းမာရေးဝန်ထမ်းတွေကိုယ်တိုင် ရောဂါပိုးအန္တရာယ်ကနေ ကာကွယ်နိုင်ပြီးသားဖြစ်မှသာ သူတို့အနေနဲ့ အင်ပြည့်အားပြည့်နဲ့ ပြည်သူကိုစောင့်ရှောက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို ဒုတိယ ဦးစားပေးအနေနဲ့ထည့်သွင်းပြီး တစ်ပြိုက်နက်တည်း ကာကွယ်ဆေးထိုးနှံပေးပါတယ်။

နောက် စေတနာ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတွေက အလွန်လေးစားဖွယ်ကောင်းပါတယ်။ သူတို့တွေရဲ့ ပါဝင်ဆောင်ရွက်မှု၊ ကိုယ်ကျိုးစွန့်အနစ်နာခံမှုတွေက အံ့ဩလောက်ဖွယ်ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ကို ကာကွယ်ဆေးထိုးနှံမယ့် စာရင်းထဲမှာထည့်ပြီး ဦးစားပေး ထိုးနှံနေပါတယ်။

နောက်တစ်ခုက ဘိုးဘွားရိပ်သာတွေ ဖြစ်ပါတယ်။ ဘိုးဘွားရိပ်သာမှာရှိတဲ့ ဘိုးဘွားတွေအနေနဲ့ အသက်အရွယ်ကြီးပြီး သူများတွေနဲ့မတူဘဲ အစုလိုက်၊ အပြုံလိုက်နေထိုင်ရတဲ့အတွက် တစ်ယောက်ဖြစ်လျှင် နောက်တစ်ယောက်က ကူးစက်ပြန့်ပွားလွယ်ပါတယ်။ ဒါကြောင့် ဘိုးဘွားရိပ်သာမှာ နေထိုင်ကြတဲ့ ဘိုးဘွားတွေနဲ့ ဘိုးဘွားတွေကို စောင့်ရှောက်မှုပေးနေတဲ့ ဝန်ထမ်းတွေကို ကာကွယ်ဆေးထိုးနှံပေးသွားမှာဖြစ်ပါတယ်။

နောက် သာသနာ့ဝန်ထမ်းတွေနဲ့ နိုင်ငံ့ဝန်ထမ်းတွေ ဖြစ်ပါတယ်။ နိုင်ငံတစ်ခုရဲ့ ယန္တရားကြီး ပုံမှန်လည်ပတ်နိုင်ဖို့အတွက် နိုင်ငံ့ဝန်ထမ်းတွေရဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အထူးအရေးပါပြီး အရေးကြီးပါတယ်။ သူတို့တွေက နိုင်ငံတိုင်းရဲ့ Skeleton Staff လို့ခေါ်တဲ့ အခြေခံကျတဲ့ ဝန်ထမ်းတွေ ဖြစ်တဲ့အတွက်ကြောင့် သူတို့ကို ထိုးနှံပေးမှာ ဖြစ်ပါတယ်။

နောက်ပြီး ပုဂ္ဂလိက ဘဏ်ဝန်ထမ်းတွေ ဖြစ်ပါတယ်။ သူတို့တွေကလည်း အလွန်အရေး ပါပါတယ်။ ရုံးပိတ်ရက်ရှည်ကာလမှာ သူတို့တွေက ပိတ်ရက်မယူဘဲ လုပ်ငန်းတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေ ဖြစ်ပါတယ်။ ဒ့ါအပြင် ပုဂ္ဂလိက အလုပ်ရုံ၊ စက်ရုံတွေက ဝန်ထမ်းတွေ၊ ဟိုတယ်နဲ့ တည်းခိုခန်းတွေက ဝန်ထမ်းတွေ၊ အကျဉ်းထောင်တွေ၊ ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ဝန်ထမ်းတွေ၊ စူပါမားကက်နဲ့ ဈေးတွေက ဝန်ထမ်းတွေ ဒါတွေက ဦးစားပေးအုပ်စု ဖြစ်ပါတယ်။

ဒီနေရာမှာ ဦးစားပေးအုပ်စုတွေ သတ်မှတ်ထားတဲ့အတွက် မိသားစုဝင်တွေက ကာကွယ်ဆေးထိုးနှံပေးမယ့် ဦးစားပေးအုပ်စုအစီအစဉ် တစ်ခု မဟုတ်တစ်ခုမှာ ပါဝင်ထိုးနှံခွင့် ရရှိမှာဖြစ်ပါတယ်။ သို့သော် နိုင်ငံ့လူဦးရေက ၅၅ သန်းရှိပြီး အသက် ၁၈ နှစ်အထက်က ၃ ဒသမ ၃ သန်းကျော်ရှိတဲ့အတွက်

စာမျက်နှာ ၁၇ သို့ ✻

✻ စာမျက်နှာ ၁၆ မှ

ကာကွယ်ဆေးတွေရရှိမှု၊ ထိုးနှံနိုင်မှုက အချိန်တိုတို အတွင်း အားလုံးကို ခြုံငုံမိဖို့ဆိုတာ မလွယ်ပါဘူး။ ဦးစားပေးအုပ်စုထဲမှာ မပါဝင်တဲ့ ပြည်သူလူထုတွေကိုလည်း ထိုးနှံပေးနိုင်ဖို့က အရေးကြီးပါတယ်။

အချို့တွေက အသင့်အတင့်တတ်နိုင်ပါတယ်။ ရာသီတုပ်ကွေးကာကွယ်ဆေးတွေ၊ ကလေးတွေအတွက် လိုအပ်တဲ့ကာကွယ်ဆေးတွေကိုလည်း ထိုးနှံနေကြပါတယ်။ အချို့အလယ်အလတ်အဆင့် လူတွေလည်း ထိုးနှံချင်တယ်။ နိုင်ငံတော်အစိုးရက ထိုးနှံပေးတာကိုစောင့်ရင် အချိန်ကြာမယ်၊ မစောင့်ချင်တော့ဘူး။ ဒီကြားထဲမှာ ရောဂါကူးစက်မှာ စိုးရိမ်တယ်။ သူတို့တွေအတွက်လည်း ကာကွယ်ဆေးတွေ အမြန်ဆုံးရရှိဖို့၊ အချို့တွေက အသက် ၁၈ နှစ်ကျော်၊ လူလတ်ပိုင်းတွေ၊ လူငယ်တွေဖြစ်တဲ့ အတွက် ကာကွယ်ဆေးရရှိဖို့က အချိန်စောင့်ရဦးမှာ ဖြစ်ပါတယ်။

ဒီအခါမှာ သူတို့အနေနဲ့ မြန်မြန်ဆန်ဆန်ထိုးနှံချင်တယ်၊ မိသားစုလိုက်ထိုးနှံချင်တယ်။ အစုအဖွဲ့လိုက် ထိုးနှံချင်တယ်။ ဘယ်ကာကွယ်ဆေးထိုးမလဲ ကာကွယ်ဆေးတွေကို ရွေးချယ်ချင်တယ်။ ဒီလိုမျိုးတွေရနိုင်ဖို့က ပုဂ္ဂလိကအခန်းကဏ္ဍရဲ့ ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိမှုက အရေးပါလာပါတယ်။ ပြည်သူတွေ ကာကွယ်ဆေး အမြန်ဆုံးလွှမ်းခြုံမှုရရှိဖို့ကလည်း ရောဂါကာကွယ် ထိန်းချုပ်ရေးမှာ အရေးပါပါတယ်။ ဒါကြောင့် ဦးတည်အုပ်စုထဲမှာ မပါဝင်တဲ့ ပြည်သူလူထုကို ကာကွယ်ဆေးထိုးနှံနိုင်ဖို့အတွက် ပုဂ္ဂလိကကဏ္ဍကနေ ကာကွယ်ဆေးတင်သွင်းဖြန့်ချိနိုင်ဖို့ဆိုတာ အရေးကြီးပါတယ်။

လက်ရှိအချိန်မှာ မိမိတို့အနေနဲ့ Risk နဲ့ Benefit ကို ချင့်ချိန်ရပါတယ်။ အန္တရာယ် အရှိနိုင်ဆုံး၊ ထိုးရင် အကျိုးအာနိသင်အရနိုင်ဆုံး၊ ဖြစ်ပွားသေဆုံးမှု အများဆုံးဖြစ်နိုင်တဲ့ လူအုပ်စုတွေကို ဦးစားပေးပြီး ရွေးချယ်ရတယ်ဆိုတာ နားလည်ပေးစေချင်ပါတယ်။ ကျန်တဲ့သူတွေအနေနဲ့ အမြန်ဆုံးထိုးနှံနိုင်ဖို့ နိုင်ငံတော်အစိုးရပိုင်းက စီစဉ်နေသလို ပုဂ္ဂလိကကဏ္ဍကိုလည်း ကာကွယ်ဆေးတင်သွင်းဖြန့်ချိခွင့် ပေးထားပြီးဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ဖေဖော်ဝါရီ ၁၁ ရက်မှာ နိုင်ငံတော်အကြီးအကဲက ကာကွယ်ဆေးတင်သွင်းဖြန့်ချိဖို့ ခွင့်ပြုတယ်လို့ ပြောထားပြီးဖြစ်သလို သတင်းစာကလည်း ကြေညာပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အင်တာနက်စာမျက်နှာကလည်း ကြေညာထားပြီးဖြစ်ပါတယ်။

**အစီအစဉ်မှူး ။ ။ ပုဂ္ဂလိက အခန်းကဏ္ဍက ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိမယ်ဆိုရင် ဘယ်လိုအချက်တွေကို လိုက်နာဆောင်ရွက်ရမယ်ဆိုတာနဲ့ ပတ်သက်ပြီး ပြောကြားပေးပါဦး။**

**ဒေါက်တာခင်ခင်ကြီး ။ ။** ပုဂ္ဂလိကအခန်းကဏ္ဍက ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိတဲ့အခါ စနစ်တကျရှိစေဖို့ လမ်းညွှန်ချက်တွေ ရှိထားပြီးဖြစ်ပါတယ်။ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ချိတာ၊ ထိုးနှံတဲ့အခါ ဘေးအန္တရာယ်ကင်းရှင်းစေဖို့၊ အာနိသင်ရှိစေဖို့၊ ကာကွယ်ဆေးတွေရဲ့ ထိရောက်မှု ပိုမိုကောင်းမွန်စေဖို့ ရည်ရွယ်တဲ့အနေနဲ့ လမ်းညွှန်ချက်တွေကို ထုတ်ပြန်တာဖြစ်ပါတယ်။ ကာကွယ်ဆေးတွေ တင်သွင်းဖြန့်ချိဖို့ဆောင်ရွက်မယ်ဆိုရင် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက သတ်မှတ်ထားတဲ့အချက်တွေကို သိရှိဖို့လိုအပ်ပါတယ်။

နံပါတ်(၁) တင်သွင်းဖြန့်ချိသူရဲ့ လျှောက်လွှာလိုပါတယ်။ နံပါတ်(၂) NRA/FDA က ကာကွယ်ဆေးကို အသုံးပြုခွင့်ပေးတယ်ဆိုတဲ့စာ လိုပါတယ်။ နံပါတ် (၃) တင်သွင်းမယ့် ကုမ္ပဏီအကြောင်း၊ ကာကွယ်ဆေးထုတ်လုပ်တဲ့သူရဲ့ GNP Certificate တွေလိုပါတယ်။ နံပါတ်(၄) ကာကွယ်ဆေးနဲ့ ပတ်သက်တဲ့၊ တင်သွင်းမယ့်ထုတ်ကုန်ရဲ့ အချက်အလက်အကျဉ်းလိုပါတယ်။ နံပါတ်(၅) ကာကွယ်ဆေးတစ်ခုက ဘယ် Batch နဲ့ထုတ်တာလဲ၊ Lot နံပါတ်ဘယ်လောက်လဲ ဒါကိုသိခြင်းဖြင့် ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ရပ်တွေ ဖြစ်လာပြီဆိုရင် ဒါနဲ့ဆက်ပြီး ခြေရာခံလိုက်စုံစမ်းရတာဖြစ်တဲ့အတွက် ဒါက အရေးကြီးပါတယ်။

နံပါတ်(၆) Clinical Trial လူမှာစမ်းသပ်လုပ်ဆောင်ထားတယ်၊ ဒါနဲ့ပတ်သက်တဲ့ အချက်အလက်မှတ်တမ်းတွေ ထည့်ပေးရမှာဖြစ်ပါတယ်။ နံပါတ်(၇) ကာကွယ်ဆေးတွေပို့တဲ့ ကွန်တိန်နာပေါ်မှာ ကာကွယ်ဆေးနဲ့ပတ်သက်တဲ့ အချက်အလက်ကို ကတ်နဲ့ Label ဘယ်လိုတပ်မယ်ဆိုတာကို ပြောရမှာဖြစ်ပါတယ်။ နံပါတ်(၈) ကာကွယ်ဆေးသိုလှောင်တဲ့ကိစ္စ၊ ကာကွယ်ဆေးဖြန့်ဖြူးတဲ့ကိစ္စတွေမှာ ဘယ်လိုအစီအစဉ်နဲ့လုပ်ထားတယ်ဆိုတာ ပြောရမှာဖြစ်ပါတယ်။

ကာကွယ်ဆေးက လူ့အသက်နဲ့ဆိုင်တဲ့ကိစ္စတွေဖြစ်တဲ့အတွက် အလွန်အရေးကြီးပါတယ်။ အစားအသောက်တောင် အပူအအေးအပေါ်မူတည်ပြီး စားသုံးသူလက်ဝယ်အရောက် ပို့ဆောင်ရတာဖြစ်ပါတယ်။ အစားအသောက်ထက် အဆပေါင်းများစွာ အရေးကြီးတဲ့၊ လူ့အသက်နဲ့ဆိုင်တဲ့၊ ရောဂါတွေကို ကာကွယ်ပေးနိုင်စွမ်းရှိတဲ့ ကာကွယ်ဆေးတွေကို ပေါ့ပေါ့ဆဆ သိုလှောင်လို့၊ ပို့ဆောင်လို့၊ ထိုးနှံလို့မရပါဘူး။

ကာကွယ်ဆေးတွေကို အသက် ၁၈ နှစ်အထက်တွေ ထိုးနှံရမယ်။ ကလေးတွေ ထိုးလို့မရပါဘူး။ ဆိုရှယ်မီဒီယာတွေမှာ တွေ့ရပါတယ်။ ကာကွယ်ဆေးတွေကို ရေခဲပုံးလိုမျိုးမှာထည့်ပြီး သာမန်ပစ္စည်းရောင်းချသလို ရောင်းချနေတယ်။ ဘယ်လိုထိုးရမှာလဲဆိုရင် တစ်ယောက်ကို ၁၀ ကြိမ်ဆိုပြီး ပြောဆိုနေတာတွေ ရှိပါတယ်။ ပြည်သူလူထုအတွက် အလွန်စိုးရိမ်မိပါတယ်။ ကာကွယ်ဆေးက သူ့ရဲ့အအေးလမ်းကြောင်းစနစ်ကို သေသေချာချာထိန်းသိမ်းနိုင်မှသာ သတ်မှတ်ထားတဲ့အတိုင်း အာနိသင်ရှိမှာဖြစ်ပါတယ်။

**ဒီနေရာမှာ အလွန်အရေးကြီးတဲ့ ကာကွယ်ဆေးတွေကို ရေခဲချောင်းရောင်းသလို ရောင်းလို့မရပါဘူး။ အလွန်အန္တရာယ်များပါတယ်။ မလိုအပ်ဘဲ နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်နိုင်ပါတယ်။ ကာကွယ်ဆေးကို အအေးလမ်းကြောင်းတွေနဲ့ စနစ်တကျထားသိုဖို့လိုအပ်သလို ထိုးနှံရမယ့် အသက်အရွယ်၊ နောက်ခံရောဂါအခြေအနေ၊ လက်ရှိခံစားနေရတဲ့ ရောဂါလက္ခဏာ၊ ကိုဗစ် - ၁၉ ဖြစ်နေသလား၊ ရောဂါလက္ခဏာတွေပေါ်နေသလား စသဖြင့် ဒီလိုအချက်တွေပေါ်မူတည်ပြီး ကျွမ်းကျင်တဲ့လူတွေက စိတ်ချရမှ ကာကွယ်ဆေးထိုးနှံပေးပါတယ်**

အန္တရာယ်ကင်းမှာဖြစ်ပါတယ်။ ဒါမှသာ ကာကွယ်ဆေးရဲ့ စိတ်ချရမှု၊ ဘေးကင်းလုံခြုံမှုက အပြည့်အဝရှိမှာဖြစ်ပါတယ်။

**ဒီနေရာမှာ အလွန်အရေးကြီးတဲ့ ကာကွယ်ဆေးတွေကို ရေခဲချောင်းရောင်းသလို ရောင်းလို့မရပါဘူး။ အလွန်အန္တရာယ်များပါတယ်။ မလိုအပ်ဘဲ နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်နိုင်ပါတယ်။ ကာကွယ်ဆေးကို အအေးလမ်းကြောင်းတွေနဲ့ စနစ်တကျထားသိုဖို့လိုအပ်သလို ထိုးနှံရမယ့် အသက်အရွယ်၊ နောက်ခံရောဂါအခြေအနေ၊ လက်ရှိခံစားနေရတဲ့ ရောဂါလက္ခဏာ၊ ကိုဗစ် –၁၉ ဖြစ်နေသလား၊ ရောဂါလက္ခဏာတွေ ပေါ်နေသလား စသဖြင့် ဒီလိုအချက်တွေပေါ်မူတည်ပြီး ကျွမ်းကျင်တဲ့လူတွေက စိတ်ချရမှ ကာကွယ်ဆေးထိုးနှံပေးပါတယ်။**

ထိုးနှံတဲ့အခါမှာလည်း ကာကွယ်ဆေးနဲ့ ပတ်သက်လို့ လေ့ကျင့်ပြီးသားလူက ထိုးနှံပေးရတာ ဖြစ်ပါတယ်။ အသားထဲရောက်ရင်ပြီးရော ထိုးလို့မရပါဘူး။ တချို့ကာကွယ်ဆေးက အသားထဲထိုးနှံရတာ ရှိတယ်။ အချို့ကာကွယ်ဆေးတွေက အရေပြားအောက်ကို ထိုးနှံရတာရှိတယ်။ အချို့ကာကွယ်ဆေးတွေက အရေပြားထဲကိုထိုးရတာ ရှိပါတယ်။ သို့သော် ကိုဗစ် – ၁၉ ကာကွယ်ဆေးက အသားထဲကို ထိုးနှံရတာဖြစ်ပါတယ်။

**ကာကွယ်ဆေး စနစ်တကျထိုးနှံဖို့က ဘယ်လောက်အရေးကြီးတယ်ဆိုတာကို သိပြီဆိုရင် ကာကွယ်ဆေးတင်သွင်းဖြန့်ချိမယ့်ကိစ္စကို အထူးသတိထားပြီး လုပ်ဆောင်ရမယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါကြောင့် လက်ရှိအနေအထားမှာ FDA က ကာကွယ်ဆေးတင်သွင်းဖို့ အသိအမှတ်ပြုထားတဲ့ ကုမ္ပဏီ နှစ်ခုပဲရှိပါသေးတယ်။ တစ်ခုက တရုတ်ကုန်သည်ကြီးများအသင်းက Sinopharm ကာကွယ်ဆေးတင်သွင်းဖို့အတွက် ခွင့်ပြုချက်တောင်းထားတာဖြစ်ပြီး နောက်ကုမ္ပဏီတစ်ခုက အိန္ဒိယနိုင်ငံ Bharat Institute ကနေထုတ်တဲ့ Covaxin ကာကွယ်ဆေးတင်သွင်းဖို့အတွက် ခွင့်ပြုချက်တောင်းထားတာဖြစ်ပါတယ်။ ဒီနှစ်မျိုးကလွဲပြီး FDA က ခွင့်ပြုချက်ပေးထားတာမရှိပါဘူးဆိုတာကို သိစေချင်ပါတယ်။ ဒီကုမ္ပဏီနှစ်ခုကလည်း လောလောဆယ် ကာကွယ်ဆေးတင်သွင်းနိုင်ခြင်းမရှိသေးပါဘူး**

ကာကွယ်ဆေးတွေကို ထုတ်လုပ်ရတဲ့ရည်ရွယ်ချက်ကိုက ကပ်ရောဂါတွေကို နှိမ်နင်းအောင်မြင်နိုင်ဖို့ ဖြစ်ပါတယ်။ ဒ့ါအပြင် ကိုဗစ် – ၁၉ ကာကွယ်ဆေးက အချိန်တိုအတွင်း ထုတ်လုပ်ရတာဖြစ်ပါတယ်။ ဒ့ါကြောင့် အခြားကာကွယ်ဆေးတွေနဲ့ ရောထိုးလို့မရပါဘူး။ အနည်းဆုံး နှစ်ပတ်ခြားပြီးမှ ထိုးရမှာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကာကွယ်ဆေးမထိုးခင်မှာ မေးမြန်းရမှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့နည်းစနစ်နဲ့ ထိုးနှံရမှာဖြစ်သလို ထိုးနှံပြီးပစ္စည်းတွေကိုလည်း စနစ်တကျ စွန့်ပစ်ရမှာ ဖြစ်ပါတယ်။ ထိုးနှံပြီးသွားရင်လည်း နောက်ဆက်တွဲလက္ခဏာတွေ ဖြစ်ပွားမှုရှိ၊ မရှိ နာရီဝက်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲလက္ခဏာတွေဖြစ်တယ်ဆိုတာက ၁၅ မိနစ်ကနေ မိနစ် ၂၀ အတွင်း ဖြစ်တာများပါတယ်။ မြန်မြန်ဆန်ဆန်သိရှိပြီး လိုအပ်တဲ့ကုသမှုတွေ ပေးနိုင်ဖို့အတွက် ကာကွယ်ဆေးထိုးစုရပ်တိုင်းမှာ ကာကွယ်ဆေးထိုးနှံပေးမယ့် လူဦးရေအပေါ် မူတည်ပြီး အရေးပေါ်ဆေးသေတ္တာတွေကို အများကြီးထားရှိပေးထားပါတယ်။ တစ်ခုခုဖြစ်ပြီဆိုရင် ချက်ချင်းကုသမှုပေးနိုင်အောင် ဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးပြီးနောက် ပြင်းထန်နောက်ဆက်တွဲဖြစ်ပွားမှုက လူတစ်သန်းမှာ တစ်ယောက်ကနေ သုံးယောက်လောက်ပဲ ဖြစ်ပေမယ့် ဒီတစ်ယောက်ကနေ သုံးယောက်ကိုလည်း အဖြစ်မခံနိုင်ပါဘူး။

အခုထိုးနှံပေးနေတဲ့ Sinopharm (Beijing) နဲ့ Sinovac က ကာကွယ်ဆေးထဲမှာ ဘေးအကင်းဆုံး အုပ်စုထဲမှာ ပါဝင်ပါတယ်။ ကာကွယ်ဆေးထုတ်လုပ်တဲ့ ရှေးရိုးနည်းအတိုင်း ထုတ်လုပ်ထားတာဖြစ်တဲ့ အတွက် သူနဲ့ပတ်သက်ပြီး ပြင်းထန်နောက်ဆက်တွဲဆိုတာ မရှိသလောက်နည်းပါတယ်။

ကာကွယ်ဆေးကို အသက် ၁၈ နှစ်ကနေ အသက်ကန့်သတ်ချက်မရှိ ထိုးနှံနိုင်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ Sinopharm ၊ Sinovac နဲ့ပတ်သက်တဲ့ လမ်းညွှန်ချက်တွေမှာ တိတိကျကျပြောကြားထားပြီး ဖြစ်ပါတယ်။ အချို့တွေက စိုးရိမ်တယ်။ ဒီဆေးတွေဟာ အသက် ၁၈ နှစ်က အသက် ၆၀ ထိုးနှံရတာမဟုတ်ဘူးလား၊ အသက် ၆၀ အထက်တွေကို ထိုးနှံတာဟာ ဆေးစမ်းနေတာလားဆိုပြီး ထင်တတ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး အသက် ၁၈ နှစ်နဲ့အထက် အသက်ကန့်သတ်ချက်မရှိ ထိုးနှံနိုင်တယ်ဆိုတာကို တစ်ဆက်တည်းပြောကြားလိုပါတယ်။

**ကာကွယ်ဆေး စနစ်တကျထိုးနှံဖို့က ဘယ်လောက်အရေးကြီးတယ်ဆိုတာကို သိပြီဆိုရင် ကာကွယ်ဆေးတင်သွင်းဖြန့်ချိမယ့်ကိစ္စကို အထူးသတိထားပြီး လုပ်ဆောင်ရမယ်ဆိုတာကို သိစေချင်ပါတယ်။ ဒါကြောင့်လက်ရှိအနေအထားမှာ FDA က ကာကွယ်ဆေးတင်သွင်းဖို့ အသိအမှတ်ပြုထားတဲ့ ကုမ္ပဏီ နှစ်ခုပဲရှိပါသေးတယ်။ တစ်ခုက တရုတ်ကုန်သည်ကြီးများအသင်းက Sinopharm ကာကွယ်ဆေးတင်သွင်းဖို့အတွက် ခွင့်ပြုချက်တောင်းထားတာဖြစ်ပြီး နောက်ကုမ္ပဏီတစ်ခုက အိန္ဒိယနိုင်ငံ Bharat Institute ကနေထုတ်တဲ့ Covaxin ကာကွယ်ဆေးတင်သွင်းဖို့အတွက် ခွင့်ပြုချက်တောင်းထားတာဖြစ်ပါတယ်။ ဒီနှစ်မျိုးကလွဲပြီး FDA က ခွင့်ပြုချက်ပေးထားတာမရှိပါဘူးဆိုတာကို သိစေချင်ပါတယ်။ ဒီကုမ္ပဏီနှစ်ခုကလည်း လောလောဆယ် ကာကွယ်ဆေးတင်သွင်းနိုင်ခြင်း မရှိသေးပါဘူး။**

ဒါကြောင့် ဈေးကွက်တွေထဲမှာ ခွင့်ပြုချက်ပေးထားတယ်။ ကာကွယ်ဆေးရနေပြီ၊ ဘယ်လောက်နဲ့ထိုးနှံနိုင်တယ် စသဖြင့်တွေဟာ တရားဝင်မဟုတ်ပါဘူး။ ဆေးဝါးဥပဒေအရ အရေးယူခံရနိုင်ပါတယ်။ ကာကွယ်ဆေးတွေက လူ့အသက်နဲ့ဆိုင်တဲ့အတွက် လူသုံးကုန်ပစ္စည်းရောင်းဝယ်သလို ရောင်းဝယ်လို့မရပါဘူး။

အချုပ်အားဖြင့် ကာကွယ်ဆေးထိုးထားရင် ကိုဗစ် – ၁၉ ကြောင့် ရောဂါပြင်းထန်စွာဖြစ်ပွားမှု၊ ဆေးရုံတက်ရောက်ရမှု၊ သေဆုံးမှုတွေက ကာကွယ်နိုင်တာ အသေအချာပဲဖြစ်ပါတယ်။ ကာကွယ်ဆေးမထိုးထားတဲ့ သူတစ်ယောက်ဟာ သူတစ်ယောက်တည်းပဲ အန္တရာယ်ရှိနေနိုင်တာမဟုတ်ပါဘူး။ ကိုဗစ် – ၁၉ ရောဂါပိုးကူးစက်ခံရရင် ရောဂါပြင်းထန်စေနိုင်သလို သူများကိုလည်း ရောဂါပိုးဖြန့်ဖြူးသူဖြစ်နိုင်ပါတယ်။ ဒ့ါအပြင် ကာကွယ်ဆေးမထိုးထားသူဟာ ဗီဇပြောင်းပိုးတွေပေါက်ပွားဖို့ စက်ရုံကြီးသဖွယ်လည်းဖြစ်ပါတယ်လို့ ပညာရှင်တွေက ပြောထားပါတယ်။

ကာကွယ်ဆေးမထိုးထားရင် အလွန်အန္တရာယ်ရှိပါတယ်။ နိုင်ငံတော်အစိုးရက ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်မှာ **စာမျက်နှာ ၁၈ သို့ ✻**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

✻ စာမျက်နှာ ၁၇ မှ

အကျုံးဝင်တဲ့လူတွေ၊ ဦးစားပေးလူအုပ်စုတွေ အနေနဲ့ ထိုးနှံပါတယ်။ ပုဂ္ဂလိကကဏ္ဍကလည်း မိမိနိုင်ငံ၊ မိမိတိုင်းသူပြည်သားတွေအတွက်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက် မိမိရဲ့ သွေးချင်းတွေအတွက် အရည်အသွေးမီတဲ့ ကာကွယ်ဆေးတွေကို တင်သွင်းဖြန့်ချိပါ။

**အရည်အသွေးပြည့်မီတဲ့ ကာကွယ်ဆေးတွေက ဘာလဲဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ် အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေဖြစ်ပါတယ်၊ တင်သွင်းလို့ရပါတယ်။ နောက်တစ်ခုက ထုတ်လုပ်တဲ့နိုင်ငံရဲ့ FDA က အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေတင်သွင်းလို့ရပါတယ်။ နောက်တစ်မျိုးက ထုတ်လုပ်တဲ့နိုင်ငံက သက်ဆိုင်ရာ FDA က အရေးပေါ်အသုံးပြုခွင့် ပေးထားတဲ့ ကာကွယ်ဆေးတွေ တင်သွင်းလို့ရပါတယ်။ ဒီအချက်သုံးချက်ထဲက တစ်ခုခုနဲ့ကိုက်ညီတဲ့ ကာကွယ်ဆေးတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေက တင်သွင်းဖြန့်ချိပါ။ ပြည်သူတွေကို မျှတတဲ့ ဈေးနှုန်းတွေနဲ့ ဖြန့်ဝေပြီး စနစ်တကျ ထိုးနှံပေးပါ။**

ဒီလိုထိုးနှံတဲ့အခါ အရေးအကြီးဆုံးတစ်ချက်က ကာကွယ်ဆေးတွေကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ကိုဗစ်ကြီးကြပ်ရေးကော်မတီတွေနဲ့ဆက်သွယ်ပြီး အချက်အလက်တွေကို ဖြည့်ရမှာ ဖြစ်ပါတယ်။ ဒီလိုဖြည့်ထားခြင်းအားဖြင့် နိုင်ငံမှာ ကာကွယ်ဆေးထိုးနှံပြီးသူ ဘယ်လောက်တိုးလာတယ်။ ပုဂ္ဂလိကကဏ္ဍက ထိုးနှံပေးတဲ့အတွက် ဘယ်လောက်တက်သွားပြီ ဒါကိုလည်း သိနိုင်သလို ကာကွယ်ဆေးထိုးနှံပြီးနောက် တစ်စုံတစ်ခု နောက်ဆက်တွဲတွေဖြစ်ပေါ်ရင် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ထိုးနှံပြီးရင် ကာကွယ်ဆေးထိုးနှံပြီးကြောင်း ကတ်ထုတ်ပေးမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍအနေနဲ့ ထုတ်ပေးဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဒီတော့ Vaccine Management Information System လို့ခေါ်တဲ့ ကာကွယ်ဆေးထိုးနှံခြင်းနဲ့ဆိုင်တဲ့ အချက်အလက်တွေကို ထိန်းချုပ်တဲ့စနစ်နဲ့ ချိတ်ဆက်ပြီး လုပ်ကိုင်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကိုဗစ်ထိန်းညှိရေးကော်မတီနဲ့ ဆက်သွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ကာကွယ်ဆေးထိုးလုပ်ငန်း အောင်မြင်ဖို့ဆိုတာ နိုင်ငံတော်အစိုးရနဲ့ တိုင်းသူပြည်သားတွေ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ တိုင်းသူပြည်သားဆိုရာမှာ ကာကွယ်ဆေး တင်သွင်းဖြန့်ချိသူတွေလည်း ပါပါတယ်။ မိမိတတ်နိုင်တဲ့ကဏ္ဍက အချိုးညီညီ၊ ဟန်ချက်ညီညီ ဒီတာဝန်ကို ဝိုင်းကူပြီး ထမ်းလိုက်မယ်ဆိုရင် ကာကွယ်ဆေးလွှမ်းခြုံနိုင်မှု အမြန်ဆုံးပြည့်မီပြီး နိုင်ငံသူ နိုင်ငံသားတွေ ရောဂါမှ ဝေးကွာအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ခေတ်အဆက်ဆက်မှာ ကပ်ရောဂါတွေကို လူသားတွေကပဲ အနိုင်ယူခဲ့တဲ့အစဉ်အလာရှိပြီး ဖြစ်ပါတယ်။ ကျွန်မတို့လူသားတွေပဲ ကိုဗစ် – ၁၉ ကပ်ရောဂါကို မကြာခင်အနိုင်ယူနိုင်မှာ ဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာလည်း ရောဂါဖြစ်ပွားမှုက တချို့နေရာတွေမှာ ယခင်နဲ့နှိုင်းစာရင် ၄၅ ရာခိုင်နှုန်းအထိ ကျဆင်းနေပြီဆိုတာကို သတင်းကောင်းပေးလိုပါတယ်။ ကာကွယ်ဆေး ထိုးနှံသင့်တဲ့လူတိုင်း ထိုးနှံခွင့်ရရှိစေဖို့အတွက် အစိုးရနဲ့ပြည်သူ အားလုံးပူးပေါင်းဆောင်ရွက်လိုက်မယ်ဆိုရင် မကြာမီအချိန်အတွင်းမှာ ရောဂါကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ မအောင်မြင်နိုင်စရာ မရှိပါဘူး။ အားလုံးအတူ ပူးပေါင်းလုပ်ဆောင်ကြပါစို့လို့ ကျွန်မအနေနဲ့ တိုက်တွန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

---

## သီပေါမြို့နယ်၌ လူဦးရေ ၃၈၇၀ အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီး



**သီပေါ ဩဂုတ် ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မထိုးနှံရသေးသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၃ ရက်အထိ တစ်ကြိမ်၊ ဩဂုတ် ၆ ရက်မှ ဩဂုတ် ၉ ရက်အထိတစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် သတ်မှတ်စုရပ်နေရာများ၌ ဦးစားပေး အစီအစဉ်အလိုက် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံ ပေးခဲ့ရာ ယခုအခါ လူဦးရေ ၃၈၇၀ အား ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများ၊ ပရဟိတလုပ်ငန်းဆောင်ရွက်နေသူများ၊ ဘုန်းတော်ကြီးများ၊ သီလရှင်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သူများစသည့်ဦးစားပေးအစီအစဉ်အလိုက် သတ်မှတ်စုရပ်နေရာလေးနေရာတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်းနှင့် ကာကွယ်ဆေးများ ထပ်မံရောက်ရှိပါက ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်လေး(ပြန်/ဆက်)**

---

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ကိုဗစ်စင်တာများသို့ ဆေးဝါးနှင့် အစားအစာများ ထောက်ပံ့လှူဒါန်း

**တောင်ကြီး ဩဂုတ် ၁၂**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသော လူနာများအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဆေးဝါးနှင့် အစားအစာများအား ထောက်ပံ့ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ ကိုဗစ်စင်တာများတွင် တက်ရောက်ကုသနေသည့် လူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်အစားအစာများ၊ ကြက်ဥနှင့် သောက်ရေသန့်များအား ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနှင့် အား/ကာသိပ္ပံ (အေးသာယာ) ကိုဗစ်စင်တာများသို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၂**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ ကန့်သတ်စောင့်ကြည့်ရေးစခန်းများ ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။



**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၇၅ ဦးနှင့် အမျိုးသမီး ၁၅၀ စုစုပေါင်း ၃၂၅ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း ၂၁ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၂၄၃ ဦးနှင့် အမျိုးသမီး ၂၀၆ ဦး စုစုပေါင်း ၄၄၉ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၈၃ ဦး နှင့် အမျိုးသမီး ၆၀ စုစုပေါင်း ၁၄၃ ဦးကို လည်းကောင်း အသီးသီးလက်ခံထားရှိကြောင်း သိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ငါန်းဇွန်မြို့နယ်၌ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ငါန်းဇွန် ဩဂုတ် ၁၂**

ငါးလုပ်ငန်းဦးစီးဌာနမှ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးမှု အထောက်အကူပြုစေရေး၊ ဒေသတွင်း ငါးသယံဇာတပေါများစေရေးအတွက် ရည်ရွယ်ပြီး ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်ရှိ ဧရာဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်များကို သရက်ကုန်းငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ တစ်သိန်းနှင့် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း၊ ကူမဲငါးလုပ်ငန်းစခန်းမှ ငါးမြစ်ချင်းကောင်ရေ သုံးသိန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းမှ ငါးခုံးမကြီးကောင်ရေ ငါးသောင်းနှင့် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်း ငါးသောင်း စုစုပေါင်းကောင်ရေ ကိုးသိန်းကို မျိုးစိုက်ထည့်ပေးခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးခင်မောင်ထွန်း၊ မြင်းခြံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်နှင့် ဝန်ထမ်းများ၊ ငါန်းဇွန်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌ ဦးမျိုးမင်းသိန်းနှင့် အဖွဲ့ဝင်-၁ ဗိုလ်မှူးနေမင်းထွန်း၊ ငါန်းဇွန်မြို့နယ် ငါးမျိုးစိုက်ထည့်ကြီးကြပ်မှုကော်မတီဝင်များ၊ ငါန်းဇွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်ခိုင်နှင့် ဝန်ထမ်းများ၊ စခန်းတာဝန်ခံများနှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဇန်းမော်မြို့ မံရွတ်ချောင်းအတွင်း ငါးမျိုးများစိုက်ထည့်


**ဇန်းမော် ဩဂုတ် ၁၂**

ကချင်ပြည်နယ်အတွင်း ငါးလုပ်ငန်းများ ရေရှည်စဉ်ဆက်မပြတ် ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ငါးရိက္ခာဖူလုံစေရန်၊ ငါးသယံဇာတများတိုးပွားလာစေရန်နှင့် ကျေးလက်နေပြည်သူများ ငါးများပိုမိုစားသုံးနိုင်စေရန် ရည်ရွယ်၍ ဇန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြသိန်း ဦးဆောင်၍ ဇန်းမော်မြို့နယ် ငါးမျိုးစိုက်ထည့်ခြင်းကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့တို့သည် ဩဂုတ် ၁၁ ရက်က မံရွတ်ချောင်းအတွင်းသို့ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၃၀၀၀၀ နှင့် ငါးခုံးမကြီးကောင်ရေ ၁၀၀၀၀ မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

စာတည်း




ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

# ဩဂုတ် ၁၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၃၄၃၀ တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှအိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၁-၈-၂၀၂၂)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၂-၈-၂၀၂၂)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်းဓာတ်ခွဲ နမူနာ စုစုပေါင်း(၁၂,၈၀၁)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၃,၄၃၀) တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၃၁၀,၈၀၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၃၄၄,၇၃၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၃၅၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း(၂၆၀,၀၂၅)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၂၁၅)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၂,၆၆၇) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၂-၈-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၃၄၉)ခု | (၉၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၃)ခု | (၂၆)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၁)ခု | (၅၇)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၉)ခု | (၂၅၁)ဦး |
| ကလေးမြို့၊ တပ်မတော် Mobile PCR Team | (၉)ခု | (၃)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂)ခု | (၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၉၃၀)ခု | (၆၅၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၁၃၉)ခု | (၂,၃၂၀)ဦး |
| စုစုပေါင်း | (၁၂,၈၀၁)ခု | (၃,၄၃၀)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၇၀၆၀၄၅၄ | ၃၀၀၅၀၀၆၄ | ၆၃၅၂၁၉ |
| ၂။ | အိန္ဒိယ | ၃၂၀၇၇၇၀၆ | ၃၁၂၆၀၀၅၀ | ၄၂၉၇၀၂ |
| ၃။ | ဘရာဇီး | ၂၀၂၄၉၁၇၆ | ၁၉၀၉၂၈၃၂ | ၅၆၆၀၁၃ |
| ၄။ | ရုရှား | ၆၅၃၄၇၉၁ | ၅၈၂၈၉၇၂ | ၁၆၈၀၄၉ |
| ၅။ | ပြင်သစ် | ၆၃၇၀၄၂၉ | ၅၈၂၁၁၀၀ | ၁၁၂၄၁၀ |
| ၆။ | ဗြိတိန် | ၆၁၄၆၈၀၀ | ၄၇၂၁၈၉၉ | ၁၃၀၆၀၇ |
| ၇။ | တူရကီ | ၅၉၉၆၂၂၄ | ၅၅၄၃၀၃၇ | ၅၂၅၆၅ |
| ၈။ | အာဂျင်တီးနား | ၅၀၅၂၈၈၄ | ၄၇၀၀၀၃၀ | ၁၀၈၃၈၈ |
| ၉။ | ကိုလံဘီယာ | ၄၈၅၂၃၂၃ | ၄၆၆၈၇၉၀ | ၁၂၂၉၅၃ |
| ၁၀။ | စပိန် | ၄၆၆၀၄၇၃ | ၃၈၆၆၂၇၆ | ၈၂၃၂၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၇၇၄၁၅၅ | ၃၂၄၇၇၁၅ | ၁၁၃၆၆၄ |
| ၂။ | ဖိလစ်ပိုင် | ၁၇၀၀၃၆၃ | ၁၅၈၃၁၆၁ | ၂၉၅၃၉ |
| ၃။ | မလေးရှား | ၁၃၄၂၂၁၅ | ၁၀၉၃၅၀၃ | ၁၁၆၉၁ |
| ၄။ | ထိုင်း | ၈၃၉၇၇၁ | ၆၂၃၈၀၁ | ၆၉၄၂ |
| ၅။ | မြန်မာ | ၃၄၄၇၃၀ | ၂၆၀၀၂၅ | ၁၂၆၆၇ |
| ၆။ | ဗီယက်နမ် | ၂၄၁၅၄၃ | ၈၅၁၅၄ | ၄၄၈၇ |
| ၇။ | ကမ္ဘောဒီးယား | ၈၃၈၃၉ | ၇၈၄၃၁ | ၁၆၃၄ |
| ၈။ | စင်ကာပူ | ၆၆၀၁၂ | ၆၄၂၉၃ | ၄၃ |
| ၉။ | လာအို | ၉၃၆၃ | ၄၂၄၀ | ၉ |
| ၁၀။ | ဘရူနိုင်း | ၅၄၃ | ၃၂၂ | ၃ |

## လသာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးဗီနိုင်းများချိတ်ဆွဲ



**ရန်ကုန် ဩဂုတ် ၁၂**

ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးဗီနိုင်းများချိတ်ဆွဲခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ကြောင်း သိရသည်။

**ဗီနိုင်းများချိတ်ဆွဲ**

လသာမြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များသည် အမှတ်(၁)ရပ်ကွက် လမ်းမတော်လမ်းနှင့်ကမ်းနားလမ်းထောင့်၊ အမှတ်(၇)ရပ်ကွက် မဟာဗန္ဓုလလမ်း(ဗိုလ်ရွဲလမ်းနှင့် (၂၃)လမ်းကြား)၊ အမှတ်(၂)ရပ်ကွက် အနော်ရထာလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ အမှတ်(၈)ရပ်ကွက် ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေး (D)ရုံ ဝင်ပေါက် (၁၃)ဘေးတို့တွင် ကိုဗစ်-၁၉ရောဂါကာကွယ်ရေး ဗီနိုင်းများချိတ်ဆွဲခဲ့ကြောင်းသိရသည်။

အဆိုပါဗီနိုင်းများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် တပ်ဆင်ရန် မသင့်လျော်သော ပါးစပ်နှင့်နှာခေါင်းစည်းခြောက်မျိုး၊ အိမ်အပြင်ထွက်လျှင်ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ထားရန်၊ လူအများနှင့်ထိတွေ့ဆက်ဆံရပါက မျက်နှာအကာကို တွဲဖက်တပ်ဆင်ထားရန်၊ တစ်ဦးနှင့်တစ်ဦးတတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြရန်၊ လူစုလူဝေး ရှောင်ကြဉ်ရန်၊ လက်ကို စက္ကန့် ၂၀ ကြာ မကြာခဏဆေးကြောရန် စသည့် အချက်များပါဝင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ အောက်ဆီဂျင်ထုတ်စက် စတင်မောင်းနှင် တစ်ရက်လျှင် လီတာ ၄၀ ဆံ့အောက်ဆီဂျင်အိုးအလုံး ၆၀ ခန့်ထုတ်ပေးမည်

**ကျောက်ပန်းတောင်း ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သုဂတိရှင်နာရေးကူညီမှုအသင်း အစီအစဉ်ဖြင့် တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သည့် အောက်ဆီဂျင်ထုတ်စက်သည် ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ကျောက်ပန်းတောင်းမြို့နယ်သို့



ရောက်ရှိ၍ သုဂတိရှင်အသင်းရုံးလေးထပ်အဆောက်အအုံ၏အောက်ထပ်တွင် နေရာချထားကာ အောက်ဆီဂျင်ဆောလျင်စွာ ထုတ်လုပ်ပေးနိုင်ရေးဆောင်ရွက်ခဲ့ကြရာ ယနေ့နံနက် ၈ နာရီမှစတင်၍ အောက်ဆီဂျင်များ ထုတ်ပေးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်အမျိုးအစားမှာ တရုတ်နိုင်ငံ Hambelm ကုမ္ပဏီမှ ထုတ်လုပ်သည့် Boly Plant အမျိုးအစားဖြစ်ပြီး တစ်ရက်လျှင် ၁၀ နာရီလည်ပတ်၍ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၆၀ ခန့် ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ကျောက်ပန်းတောင်း မြို့နယ်တွင် အောက်ဆီဂျင်စက် စတင်ထုတ်လုပ်ပေးနေပြီဖြစ်၍ ရပ်ကွက်၊ ကျေးရွာများနှင့် မြို့နယ်ဆေးရုံ၊ ကိုဗစ်ကုသရေးစင်တာများရှိ အောက်ဆီဂျင်လိုအပ်နေသည့် လူနာများအတွက်လည်း အချိန်နှင့်တစ်ပြေးညီ ရယူသုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



## မန္တလေးမြို့၌ အောက်ဆီဂျင်ထုတ်စက်တပ်ဆင်မည့် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်

**မန္တလေး ဩဂုတ် ၁၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်တွင် အောက်ဆီဂျင်ထုတ်စက် တပ်ဆင်ထားရှိမည့် အဆောက်အအုံ ဆောက်လုပ်ရန်မြေနေရာပန္နက်တင် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ပြည်ကြီး ရန်လုံရပ်ကွက် ၁၂ လမ်း၊ ၈၆ လမ်း နှင့် ၈၇ လမ်းကြားရှိ ဓာတ်ပေါင်းစုလူမှုကူညီရေးအသင်း(မန္တလေး)ရုံး၏ အရှေ့ဘက်မြေကွက်လပ် နေရာ၌ ပြုလုပ်သည်။

မဟာဂူကြီးတိုက်သစ်ဆရာတော်၏(ကိုယ်စား) ပင့်သံဃာတစ်ပါး၊ ဓာတ်ပေါင်းစု လူမှုကူညီရေးအသင်း (မန္တလေး)ဥက္ကဋ္ဌဦးကျော်တင့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြပြီး တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီးတွင် နေရာယူ၍ မင်္ဂလာအချိန်တွင် ပန္နက်ရိုက်ခြင်း၊ အမွှေးနံ့သာရည်များ ပက်ဖျန်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက် တပ်ဆင်ပြီးပါက နေ့စဉ် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၇၀ ခန့် ထုတ်ယူရရှိမည်ဖြစ်သည့်အတွက် အောက်ဆီဂျင်လိုအပ်သူများအား ဓာတ်ပေါင်းစု လူမှုကူညီရေးအသင်းမှ ကူညီထောက်ပံ့ လှူဒါန်းမှုများ ပြုလုပ်ပေးနိုင်မည်ဖြစ်ရာ စက်လည်ပတ်နိုင်ရန်လိုအပ်လျက်ရှိသော ထရန်စဖော်မာ တပ်ဆင်နိုင်ရန်အတွက် ဓာတ်ပေါင်းစု လူမှုကူညီရေးအသင်း (မန္တလေး)ဥက္ကဋ္ဌ ဦးကျော်တင့် ဖုန်း-၀၉၂၆၆၅၈၃၁၁၈ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ဇော်လင်းဦး(အောင်စံ)**

## မာန်အောင်မြို့နယ်၌ တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံအတွက် အိုးသစ်များလှူဒါန်းမည်

**မာန်အောင် ဩဂုတ်၁၂**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ အောက်ဆီဂျင်စက်ရုံ ဖြစ်မြောက်ရေးကော်မတီမှ အလှူရှင်များ၏ အလှူငွေဖြင့်တည်ဆောက်လျက်ရှိသည့် အောက်ဆီဂျင်စက်ရုံတွင် လိုအပ်လာမည့် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးသစ် အလုံး ၅၀ (တန်ဖိုးငွေကျပ်၁၂၅သိန်း)ကိုမာန်အောင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မာန်အောင်မြို့နယ်စေတနာရှင် လူမှုကူညီရေးအသင်းမှတစ်ဆင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်အိုး အလုံး ၅၀ သည်တောင်ကုတ်မြို့သို့ ရောက်ရှိနေပြီး စေတနာရှင်လူမှုကူညီရေးအသင်း ကိုယ်စားလှယ်များက ဩဂုတ် ၁၀ ရက်တွင် လွှဲပြောင်းလက်ခံ ရယူထားပြီး အောက်ဆီဂျင် ဖြည့်ဆည်းကာ မာန်အောင်မြို့နယ်သို့ ရောက်ရှိလာမည်ဟု သိရသည်။

မာန်အောင်မြို့နယ်တွင် တည်ဆောက်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီး၍ လည်ပတ်နိုင်ပါက နေ့စဉ် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၄၀ ဖြည့်ဆည်းထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■



## မြို့သစ်မြို့နယ်၌ အောက်ဆီဂျင်စက်ရုံစတင်တည်ဆောက်

**မြို့သစ် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါပိုးတွေ့အတည်ပြုလူနာများနှင့် အခြားသော နာမကျန်းလူနာများအတွက် အောက်ဆီဂျင်လိုအပ်ချက် အခက်အခဲမဖြစ်စေရေးအတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ဦးဆောင်မှုဖြင့် မြို့သစ်မြို့နယ် ရပ်မိရပ်ဖများ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ယနေ့နံနက်ပိုင်းက မြို့သစ်မြို့နယ် ပုလင်းကျေးရွာအနီးရှိ မြေကွက်တွင် အောက်ဆီဂျင်စက်ရုံတည်ဆောက်နိုင်ရေးအတွက် စတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တည်ဆောက်မည့် အောက်ဆီဂျင်စက်မှာ 30 Nm3/h အမျိုးအစားဖြစ်ပြီး တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံးရေ ၉၆ လုံးခန့်ထွက်ရှိမည်ဖြစ်ကြောင်း၊ ယင်းအောက်ဆီဂျင်စက်အား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးခြင်းဖြစ်ကာ စက်တန်ဖိုးအနေဖြင့် ငွေကျပ်သိန်း ၉၀၀ ကျော်ရှိကြောင်း၊ လိုအပ်သောစက်ရုံတည်ဆောက်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများကို မြို့နယ်ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ရှိမြို့မိမြို့ဖများနှင့် ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများပူးပေါင်း၍ အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး စက်ရုံတည်ဆောက်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၆၅၀ ကျော်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ကိုဇော်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ အောက်ဆီဂျင်လုံလောက်မှုရှိရေး ဆောင်ရွက်လျက်ရှိ

**အထက်မင်းလှ ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် လူနာများအနက် အောက်ဆီဂျင်ပေးရန်လိုအပ်နေသည့်လူနာများအား အောက်ဆီဂျင်လုံလောက်မှု ရှိစေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှု၊ တပ်နယ်မှူး(မလွန်)နှင့် စက်ရုံမှူးများ၊ သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကူညီပံ့ပိုးမှု၊ မင်းလှမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မင်းလှမြို့နယ်အတွင်းရှိ နာရေးကူညီမှုအသင်း၊ ပရဟိတအဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာများဖြစ်သည့် မင်းလှမြို့နယ်ပြည်သူ့ဆေးရုံ၊ လင်းကယ်တိုက်နယ်ဆေးရုံ၊ ရေနံမတိုက်နယ်ဆေးရုံတို့တွင် အောက်ဆီဂျင်ပေးနေရသည့် ကိုဗစ်-၁၉ ရောဂါလူနာများ အောက်ဆီဂျင်လုံလောက်မှု ရှိစေရန်အတွက် ယနေ့အထိ အမှတ်(၆) ကာကွယ်ရေး ပစ္စည်းစက်ရုံ (ညောင်ခြေထောက်)မှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၆၂ လုံး၊ အမှတ်(၂၄)ကာကွယ်ရေး ပစ္စည်းစက်ရုံ(ပေါက်)မှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၄၆ လုံးနှင့် သံမဏိစက်ရုံ ပြင်ဦးလွင်မြို့ (အနီးစခန်း)မှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၂၄ လုံးတို့အား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပြီး အပမာဒနာရေးကူညီမှုအသင်းမှ အဖွဲ့ဝင်များက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးငါးလုံးအား မကွေးမြို့နယ်ရှိ ကမ္ဘာကျော် အောက်ဆီဂျင်စက်ရုံတွင် သွားရောက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကုသရေးစင်တာနှင့် ဆေးရုံများအရောက် အောက်ဆီဂျင်အိုးများ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**

## နောင်ချိုမြို့နယ်၌ အောက်ဆီဂျင်အိုးများထပ်မံရောက်ရှိ

**နောင်ချို ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်း ကိုဗစ်စင်တာများရှိပိုးတွေ့လူနာများအသုံးပြုရန် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၈၀ ထပ်မံရောက်ရှိလာကြောင်း ပရဟိတအသင်းများထံမှ သိရသည်။

အဆိုပါ အောက်ဆီဂျင်များကို နမ့်ခမ်းမြို့နယ်၌ သွားရောက်ဖြည့်သွင်းရခြင်းဖြစ်ပြီး နောင်ချိုမြို့ ပရဟိတလူငယ်များမှ လမ်းခရီးသွားလာခြင်း၊ အောက်ဆီဂျင်စောင့်ဆိုင်းရခြင်းတို့ကြောင့် ခြောက်ရက်ကြာမြင့်ပြီးမှ ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။

နောင်ချိုမြို့ပရဟိတအသင်းများသည် ကိုဗစ်-၁၉ ရောဂါခံစားနေရသူများ အောက်ဆီဂျင်လုံလောက်စွာ ရရှိနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နောင်ချိုမြို့နယ်နှင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များကလည်း အဆိုပါအသင်းများအား လှူဒါန်းပေးလျက်ရှိကြောင်း၊ မြို့နယ်၏သာရေး၊ နာရေးကိစ္စရပ်များတွင်လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွေးငယ်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆက်မပြတ်တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ



မူဆယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာသည့်ယာဉ်ကို တွေ့ရစဉ်။



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာသည့်ယာဉ်ကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အများပြည်သူရုံးပိတ်ရက်များတွင်လည်း လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ စဉ်ဆက်မပြတ်တင်သွင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

### တင်သွင်းနိုင်ခဲ့

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၂၂၉၆ ခု၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၃၀၀၀၀ အပါအဝင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ ကော့သောင်း ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်(Bowser)ယာဉ် နှစ်စီးဖြင့် ၃၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) သုည ဒသမ ၁၁ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၅၈၇၅ ခု၊ Oxygen Plant လေးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၈၉၅ ခု၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၈၈၀၀၊ လက်အိတ် နှစ်တန်နှင့် နှာခေါင်းစည်း ၅၈ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၃၁ ခုမှ ယာဉ်စီးရေ ၅၅ စီးဖြင့် တင်သွင်းလာခြင်းဖြစ်သည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၆၉၇ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser) ယာဉ်ဖြင့် ၆၂၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၁၅၆ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၆၆ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၈၃၆၇၉ ခု၊ Oxygen Plant ၂၀၊ အောက်ဆီဂျင် Generator ၁၀ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၄၈၄၉ ခု၊ Test Kit ၁၅၀၂၆၈ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၄၀၀၆၅၂ စုံ၊ လက်အိတ် တန် ၆၀ နှင့် နှာခေါင်းစည်း ၉၀၇ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ဩဂုတ် ၁၂ ရက်ထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည်(Bowser)ယာဉ် စုစုပေါင်း ၆၅ စီးမှာ ရန်ကုန်မြို့သို့ ၄၈ စီး၊ မန္တလေးမြို့သို့ ၁၁ စီး၊ ပဲခူးမြို့သို့ နှစ်စီး၊ မော်လမြိုင်မြို့သို့ သုံးစီး၊ သထုံမြို့သို့ တစ်စီးဖြစ်ကြောင်း သိရသည်။ Oxygen Plant စုစုပေါင်း ၂၈ ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ လားရှိုးမြို့သို့ ငါးခု၊ ပဲခူးမြို့သို့ လေးခု၊ ပခုက္ကူမြို့သို့ နှစ်ခု၊ မန္တလေးမြို့သို့ နှစ်ခု၊ ဘားအံမြို့သို့ နှစ်ခု၊ မော်လမြိုင်မြို့သို့ နှစ်ခု၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

### ဦးစားပေးတင်သွင်းခွင့်ပြုပေးမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အများပြည်သူရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေညာထားသည့် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း နယ်စပ်ကုန်သွယ်ရေးစခန်းများအနေဖြင့် အလုပ်တာဝန်များ ရပ်ဆိုင်းထားမည်မဟုတ်ဘဲ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းမှုများကိုလည်း သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးမည်ဖြစ်ပြီး အဆိုပါရက်များတွင်လည်း ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်) ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုများကိုလည်း ရုံးချိန်အတွင်း ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဩဂုတ် ၈ ရက်နေ့စွဲဖြင့် အသိပေးကြေညာချက် ထုတ်ပြန်ထားကြောင်း သိရသည်။




**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေး ပစ္စည်းများကို လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ် အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၇၃ ခုမှ Azeath 500mg Tablet ၅၉၂၉၀၊ Enoxaparin Injection ၃၀၁၃၇ ခု၊ Flow Meter ၉၉၆ ခု၊ Oxygen Tube ၁၀၈၃ ခု၊ Oxygen Mask အခု ၁၅၉၄၀၊ Oximeter ၃၅၉၃၇ ခု၊ Oxygen Cannula အခု ၂၁၅၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၂၉၆ ခု၊ Oxygen Regulator ၁၅၄၅ ခု၊ Oxygen Concentrator Spare Parts အခု ၅၇၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၄၁၂၂၇ ဒသမ ၁၄ ကီလိုဂရမ်၊ နယ်စပ်(ကန်ပိုက်တီး၊ ချင်းရွှေဟော်၊ လွယ်ဂျယ်၊ ကော့သောင်း၊ မူဆယ်၊ မြဝတီ)တွင် ကုမ္ပဏီ ၄၇ ခုမှ Oxygen Cylinder အခု ၆၀၇၀၊ အိမ်သုံးအောက်ဆီဂျင်စက် အခု ၈၉၀၊ Disposable Face Mask ၅၁၅၂၅ ကီလိုဂရမ်၊ Liquid Oxygen ၁၅၃၆၁ ကုဗမီတာ၊ Liquid Oxygen ၁၈ ဒသမ ၃၇ တန်၊ Flow Meter အခု ၁၄၄၄၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၉၅၆၀၊ Oximeter အခု ၁၁၀၀၊ Oxygen Plant လေးခု၊ Gloves ၉၅၀၀ ကီလိုဂရမ်၊ Oxygen Regulator အခု ၂၄၅၀၊ Spray Gun အခု ၁၅၀၀၊ Protective Goggle အခု ၄၈၀၀၀၊ Disposable Surgical Gown ၇၈၀၀ ကီလိုဂရမ်၊ Sodium Chloride Injection ၃၀၀၀၀ ကီလိုဂရမ်၊ မျက်နှာအကာ ၂၅၀၀ ကီလိုဂရမ်၊ Oxygen Mask အခု ၂၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




(၁၁-၈-၂၀၁၂ မှ အဆက်)

- ၅ -

“ဘာပြောတာလဲ သက်သက်၊ ဘာကိစ္စကို ဘယ်လိုရှင်းရမှာလဲ”

နိုင်လင်းက သက်သက်စကားအဆုံးမှာ မျက်မှောင်ကြုတ်ကြည့်ရင်း ပြန်မေးသည်။ သက်သက်က ကုလားထိုင်များဘက်သို့ လက်ညွှန်ရင်း

“ကဲ ... အပြင်က ပြန်လာလို့ သိပ်ပင်ပန်းနေရင်လည်း အဲဒီမှာ ခဏထိုင်ပါ ကိုနိုင်။ ဘာကိစ္စဆိုတာ သက်သက် ရှင်းပြပါ့မယ်”

နိုင်လင်းက တစ်စုံတစ်ရာ ပြန်ပြောတော့မလို တစ်ချက်လှမ်းကြည့်ပြီးမှ မပြောတော့ဘဲ ကုလားထိုင်ဆီ လျှောက်သွားပြီး ခြေပစ်လက်ပစ် ထိုင်သည်။ ပြီးမှ

“ ပြော သက်သက်၊ ဘာပြောမှာလဲ” သက်သက်ကလည်း ကုလားထိုင်တွင် ဝင်ထိုင်သည်။

“တစ်အချက်က ကန်တော်ကလေးက တိုက်ခန်းကိစ္စပဲ ကိုနိုင်။ အဲဒီအခန်း အကြောင်း သက်သက် သိချင်တယ်”

နိုင်လင်းကိုယ်က ဆတ်ခနဲ မတ်သွားသည်။ နောက်မှ အံ့ဩတုန်လှုပ်သည့် အရိပ်အယောင်ကို မသိမသာ ဖျောက်လိုက်ပြီး

“အဲဒီအခန်းအကြောင်း သက်သက်ကို ဘယ်သူက လာထောင်သွားပြန်ပြီလဲ”

“အဲဒါ မမေးပါနဲ့ ကိုနိုင်။ အကြောင်းအရာကိုပဲ ပြောရအောင်ပါ”

“အကြောင်းအရာ ပြောရရင်တော့ အဲဒီအခန်းဟာ မြမိုးသူရဲ့ အခန်းပဲ သက်သက်။ သူ သီချင်းဆိုလို့ရတဲ့ ပိုက်ဆံကို တစ်ခုခု အဖတ်တင်အောင် လုပ်ထားချင်တယ်ဆိုလို့ ကိုယ်ရှာပြီး ဝယ်ပေးထားခဲ့တာ”

“ကိုနိုင် ဝယ်ပေးထားတယ်ပေါ့”

“သူ့ပိုက်ဆံနဲ့ ဝယ်ပေးရတာပါ သက်သက်ရယ်၊ အခု စီစဉ်ထားတဲ့ စီးရီးနှစ်ခုအတွက် သူ ရသင့်တဲ့ ပိုက်ဆံရယ်။ နောက်ထပ် သူ့ကို ကြိုပေးထားရတဲ့ ငွေရယ်ပေါင်းပြီး ဝယ်ပေးထားတာပါ”

“ဒါဖြင့် အဲဒီအခန်းကို ကိုနိုင်တို့ နှစ်ယောက်တည်း သွား... သွား... နေတယ် ဆိုတာကကော..”

“ဩော်... ကိုယ့်ကားရှိနေတဲ့အချိန် သူ အဲဒီအိမ်ကို ခဏသွားချင်တယ်ဆိုရင် လိုက်ပို့ပေးရတာပေါ့ သက်သက်။ ပရိဂျူဆာဆိုတာ ဒီလိုပဲ လုပ်ပေးရတာပဲ”

“ဒီလိုဆို ကိုနိုင်နဲ့ မြမိုးသူ ဘာမှ မဖြစ်ကြသေးဘူးပေါ့”

“ဟာ... ဘာဖြစ်ရမှာလဲ သက်သက်ရာ။ ဘာမှ မဖြစ်ဘူး၊ ဘာမှ ဖြစ်စရာ အကြောင်းလည်း မရှိဘူး”

“ကိုနိုင် တကယ်သေချာလား”

“ကိုယ့်ကို အဲဒီလို မစော်ကားနဲ့ သက်သက်။ သက်သက်ကို လိမ်ညာနေစရာအကြောင်း ဘာတစ်ခုမှ မရှိဘူး”

“ကောင်းပြီလေ၊ သက်သက်က စော်ကားတာ မဟုတ်ပါဘူး။ သေချာအောင် မေးကြည့်တာပါ။ အဲဒါဆို သက်သက် တစ်ခုထပ်မေးဦးမယ်။ ကိုနိုင့် တေးသံသွင်းလုပ်ငန်းက မြမိုးသူ မပါဘဲ လုပ်လို့ မရဘူးလား။ ဒိပြင်အဆိုတော်တွေပဲ ထုတ်မယ်ဆိုတာမျိုး”

“ဒါလည်း မရဘူးတော့ ဘယ်ဟုတ်မလဲ သက်သက်ရယ်။ ဒါပေမဲ့ အခုချိန်မှာ အမြတ် မြိုးမြိုးမြက်မြက်ရနိုင်တာက သူပဲရှိတာ မဟုတ်လား။ ဒိပြင် လူတွေနဲ့ပဲ အခု လုပ်နေတာပဲ။ ဒါပေမဲ့ သိပ်မကျန်ဘူး”

“အရေးမကြီးပါဘူး ကိုနိုင်။ အမြတ်ငွေများများမကျန်တာက သက်သက်ဘဝအတွက် အရေးမကြီးဘူး။ သက်သက်ဆီမှာ ကိုနိုင်ကျန်နေဖို့က သိပ်အရေးကြီးတယ်။ အဲဒီတော့ သက်သက်တစ်ခုပဲ ပြောမယ်။ မနက်ဖြန်ကစပြီး မြမိုးသူက ကြိုက်တဲ့တေးသံသွင်းနဲ့ လုပ်ပါစေတော့။ ကိုနိုင်လုံးဝ သူနဲ့ အလုပ်မလုပ်ရဘူး။ ဖြတ်ချင်တဲ့နည်းနဲ့သာ ဖြတ်ပစ်လိုက်”

နိုင်လင်း ဝုန်းခနဲ ထရပ်သည်။

“ဒီလိုလုပ်လို့ ဖြစ်မလား သက်သက်ရဲ၊ လုပ်လက်စ လုပ်ငန်းတွေလည်း အများကြီး ရှိသေးတယ်။ ပြီးတော့ သူ့ကို ကြိုပေးထားရတာလည်း မနည်းဘူး။ ဘယ်လိုလုပ်ချက်ချင်း သွားဖြတ်လို့ ဖြစ်မလဲ”

“ ဖြစ်တယ် ကိုနိုင်၊ အဲဒါတွေ အကုန်ရှုံးပါစေ။ အဲဒါတွေ ရှုံးလို့ ကိုနိုင့်လုပ်ငန်းကြီး တစ်ခုလုံး ရပ်ပစ်လိုက်ရရင် သက်သက် ဈေးရောင်းပြီး ပိုက်ဆံရှာပေးမယ်။ အဲဒီအလုပ် မလုပ်နဲ့တော့”

“ကျွတ်... အဓိပ္ပာယ်မရှိတာ သက်သက်ရာ”

“အဓိပ္ပာယ်ရှိတယ် ကိုနိုင်၊ အဓိပ္ပာယ် သိပ်ရှိတယ်၊ ကိုနိုင် တစ်ခုမှတ်ထားနော်၊ သက်သက်ဟာ မမဦးမဟုတ်ဘူး၊ သက်သက်က ရိုင်းတယ်။ သက်သက် ဘဝကို အဆုံးရှုံးခံပြီး ကိုနိုင့်ကို ယူထားပြီးမှ သက်သက်လက်ထဲမှာ ကိုးရိုးကားရား လုပ်ရင် သက်သက် ထင်ရာလုပ်မှာပဲ။ အကုန်လုံး အရှက်တကွဲ အကျိုးနည်း မဖြစ်စေချင်ရင် အခုတည်းက နောက်ဆုတ်သင့်တာတွေ နောက်ဆုတ်လိုက်၊ မဟုတ်ရင် ကိုနိုင်ပါ ဒုက္ခရောက်မယ်”

“ခက်နေပါလား သက်သက်ရာ၊ သက်သက် အထင်လွဲသလို မဟုတ်ပါဘူးလို့ ကိုယ်ဘယ်နှခါ ပြောရမလဲ”

“ပြောရုံနဲ့တော့ ဘယ်နှခါပြောပြော မယုံဘူးကိုနိုင်၊ ဒီစကားမျိုးတွေက သက်သက်ကိုယ်တိုင် ပြောလာတဲ့စကားတွေ၊ နောက်ဒီအလုပ်မျိုးက သက်သက်နဲ့ ကိုနိုင် တစ်ခါက နှစ်ယောက်သဘောတူ လုပ်လာခဲ့တဲ့အလုပ်။ အဆိပ်ရှိတဲ့သူချင်း ဘယ်သူ့ကို ဘယ်သူမှ မယုံရဲဘူး။ အဲဒီကောင်မလေးကို သနားရင် မဟုတ်တာဖြစ်မှာစိုးရင် ကိုနိုင် အခုတည်းက နောက်ဆုတ်ထား။ သက်သက်က ပြောရုံပြောတာမဟုတ်ဘူး။ လုပ်စရာရှိရင် ပြတ်ပြတ်လုပ်တတ်တယ်။ သူများလင်တောင် ကြောင်တောင်လုလာသေးတာ၊ လောကမှာ မလုပ်ရဲစရာအလုပ် ဘာတစ်ခုမှ မရှိတော့ဘူး”

သက်သက်၏ ပက်စက်သောစကားကြောင့် နိုင်လင်းက လက်ကာပြီး

“ကဲ တော်ပါတော့ သက်သက်ရယ်၊ အဲလောက် ကြမ်းကြမ်းတမ်းတမ်းစကားတွေလဲ မပြောပါနဲ့တော့၊ သက်သက် ဖြစ်စေချင်သလို ဖြစ်ရမယ်၊ ကျေနပ်ပြီလား”

“ဘယ်တော့ဖြစ်မှာလဲ”

“ကိုယ့်ကို တစ်ပတ် ဆယ်ရက်တော့ အချိန်ပေးပါ၊ လုပ်လက်စအလုပ်လေးကို ဒီတစ်ပတ်အတွင်း အမြန်ဖြတ်လိုက်မယ်။ နောက်လုပ်မဲ့အလုပ်တွေတော့ နေပါစေတော့၊ ကြိုပေးထားတဲ့ငွေတွေ အရှုံးခံပြီး ဖြတ်မယ်။ ဆယ်ရက်ကျော်လို့ သက်သက်ပြောသလို မဖြစ်ရင် သက်သက် လုပ်ချင်ရာလုပ်တော့”

“သေချာလား ကိုနိုင်”

“သေချာပါတယ် သက်သက်”

“ကောင်းပြီလေ၊ ဒါဆို ဒီနေ့ကစပြီး ကိုနိုင့်ကို အချိန် ဆယ်ရက်ပေးမယ်။ ဆယ်ရက်ထက် တစ်မိနစ်တောင် အပိုမခံဘူး”

“အင်း... အင်း”

နိုင်လင်းပုံစံက နားအေးဖို့ လိုရင်းဆိုပြီး အလွယ်တကူ ခေါင်းညိတ်နေတာလား။ သက်သက်က တကယ်ကြမ်းတော့မည်ထင်ပြီး အထိတ်တလန့် ခေါင်းညိတ်နေတာလား ဝေခွဲမရ။

သို့သော် ပြောချင်တာပြော၊ လုပ်ချင်တာ လုပ်လိုက်ရပြီမို့ သက်သက် ကျေနပ်သည်။ ထို့ပြင် သည်လို လုပ်လိုက်တော့လည်း သူ့နည်းနှင့်သူ လွယ်လွယ်လေး အဆင်ပြေသွားတာပါပဲလားဟုလည်း အောက်မေ့သည်။

ထိုစဉ် စောစောက အိပ်ခန်းထဲမှာ အိပ်နေသော သားသား အိမ်ရှေ့သို့ ထွက်လာတာ မြင်သဖြင့် သက်သက် ဆက်မပြောတော့ဘဲ ကလေးဆီ လျှောက်သွားသည်။ ကလေးက မျက်နှာရှုံ့မဲ့ပြီး ငိုလုလုဖြစ်နေသဖြင့် သက်သက်က

“သားသား ဘာဖြစ်လို့လဲ။ အိပ်ရာက လန့်နိုးလာတာလား”

သားသား ခေါင်းညိတ်သည်။ ပြီး ရှုံ့မဲ့လျက်ပင် ခေါင်းကိုကိုင်၍

“သားသား ခေါင်းမူးတယ်”

သက်သက် အလန့်တကြားနှင့် သားနဖူးကို စမ်းကြည့်လိုက်သည်။ ကိုယ်တွေ ပူနေ၏။

“ကိုနိုင် လာစမ်းပါဦး၊ သား ကိုယ်တွေ ပူနေလို့”

စောစောက ရာဇသံပေးစဉ်က လေသံမျိုး သက်သက်မှာ မရှိတော့။

- ၆ -

တစ်ဖက်မှ ဖုန်းကိုင်သံ ကြားရသည်။ တစ်ဆက်တည်းပင် “ဟုတ်ကဲ့၊ အမိန့်ရှိပါ” ဆိုသော အသံကြားရ၏။

သက်သက်က သူဘယ်သူဖြစ်ကြောင်း ပြောလိုက်ပြီး သွက်သွက်ပင်၊

“အဲဒီမှာ ကိုနိုင်ရှိလား မောင်တိုး”

“ဟာ... မရှိဘူး မမ။ မနက်က ခဏလာပြီး ပြန်ထွက်သွားတယ်”

“ဘယ်သွားသလဲ နင်တို့မသိဘူးလား”

“မသိဘူး မမရယ်။ ကျွန်တော်တို့ကိုလည်း ဘာမှ မှာမသွားဘူး”

“ဒုက္ခပါပဲဟာ၊ ဒီမှာ ကလေး အရမ်းနေမကောင်းဖြစ်နေလို့”

“ဆရာပြန်လာရင် ပြောလိုက်မယ်လေ မမ၊ ညနေပိုင်းတော့ ပြန်လာပါတယ်”

“အေး.. အေး... ပြီးရော”

သက်သက် စိတ်ပျက်လက်လျှော့စွာဖြင့် ဖုန်းခွက်ကို ပြန်ချလိုက်သည်။ သူ့အမူအရာကြောင့် ခင်မြင့်ဆွေက လှမ်း၍

“သူရှိလို့လည်း ဘာမှမထူးပါဘူး သက်သက်။ တို့ရှိနေတာပဲ ရှာမနေပါနဲ့တော့”

“မဟုတ်ဘူးလေ မမဆွေ၊ အရေးရယ် အကြောင်းရယ်ဆို ကားလေး ဘာလေး သုံးရတာပေါ့။ အခုတော့ သက်သက် တစ်ယောက်တည်း ”

ပြောရင်းနှင့် သက်သက်အသံများ နစ်ဝင်သွားသည်။ မျက်ရည်များက ကျချင်လာသဖြင့် စိတ်ကိုတင်း၍ထိန်းလိုက်ပြီး

“ကလေးကို ဆေးရုံပို့ရင် ကောင်းမလားမသိဘူး မမဆွေ”

ခင်မြင့်ဆွေက ခုတင်ပေါ်တွင် ငြိမ်ပြီး မှိန်းလိုက် ဆတ်ခနဲ လန့်သွားလိုက်ဖြစ်နေသော ကလေးကို ကြည့်၍

“အေး... အဲဒါလည်း ကောင်းတာပဲ သက်သက်။ ဟိုမှာဆိုတော့ ဆရာဝန်၊ သူနာပြု အဆင်သင့်ရှိတာပေါ့ ”

သက်သက် သက်ပြင်းလေးလေးချ၍ ကလေးကို လှမ်းကြည့်သည်။ အသက်ကို ခက်ခက်ခဲခဲ ရှူနေရဟန်တူသော သားသားကို ကြည့်၍ တအား အော်ငိုချင်စိတ်တွေ ပေါ်လာသည်။ သည်နေ့ပါဆို သားသား အပြင်းဖျားနေသည်မှာ လေးရက်ရှိသွားပြီ။ ဆရာဝန်ပေးသော ဆေးများတိုက်၊ ဆရာဝန် ညွှန်ကြားသည့်အတိုင်း လိုက်နာနေသည့်ကြားက သားသား မသက်သာ။ ကြည့်ရတာ ပိုပိုဆိုးလာသလား ထင်ရသည်။

“မနက်ကတည်းက သူ့ကို ဘယ်မှ မသွားခိုင်းဘဲ ထားလိုက် ပြီးရော သက်သက်ရယ်...”

ခင်မြင့်ဆွေက သက်သက် ပေါ့သည် ဆိုသော သဘောမျိုးဖြင့် လှမ်းပြောသည်။ သက်သက်က ကျလာသော မျက်ရည်များကို လက်ဖြင့်သုတ်ရင်း ...

“ပြောတယ် မမဆွေ ပြောတယ်၊ ကလေးအခြေအနေက သိပ်မကောင်းဘူး။ ဒီနေ့ ဘယ်မှမသွားပါနဲ့လို့ ပြောလျက်သားနဲ့ သူက ခဏပဲသွားမှာပါကွာ။ မသွားမဖြစ်တဲ့ ကိစ္စလေးရှိနေလို့ပါဆိုပြီး ဇွတ်ထွက်သွားတာ”

ပြောရင်းနှင့် ကလေးမျက်နှာနားကပ်၍ ပါးချင်းကပ်ကြည့်သည်။

“ အို ”

သက်သက်ရင်ထဲ ပူပန်စိတ်များ ဆူတက်လာသည်။ သားသား၏ ပါးလေးက ချစ်ချစ်တောက် ပူနေ၏။

“ကဲ... ဒါဖြင့်လည်း တို့ဘာသာတို့ပဲ ဆေးရုံသွားတာပေါ့ သက်သက်ရယ်။ ကဲ... ပြင်လိုက်ဆင်လိုက်တော့၊ မမဆွေ လမ်းထိပ်မှာ ကားသွားငှားလိုက်မယ်”

သက်သက် ခေါင်းညိတ်ရုံမှအပ ဘာမှ မလုပ်တတ်တော့။

x x x x x

**ဆက်လက်ဖော်ပြပါမည်**

“ကဲ တော်ပါတော့ သက်သက်ရယ်၊ အဲလောက်ကြမ်းကြမ်းတမ်းတမ်း စကားတွေလဲ မပြောပါနဲ့တော့၊ သက်သက် ဖြစ်စေချင်သလို ဖြစ်ရမယ်၊ ကျေနပ်ပြီလား”

(ဆရာနွမ်ဂျာသိုင်း၏ “ဒေါင်းယာဉ်ပျံ့ ဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်” စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

# ယခုနှစ် စမ်းသပ်စိုက်ပျိုးထားသည့် Pilkerton မျိုး ထောပတ်သီးများကို ယခုလ တတိယပတ်အတွင်း ဈေးကွက်သို့ ပို့ဆောင်ရောင်းချပေးသွားမည်

မန္တလေး ဩဂုတ် ၁၂

ယခုနှစ်တွင် ပြင်ဦးလွင်မြို့နယ်၌ ပထမဆုံး စမ်းသပ်စိုက်ပျိုးထားပြီး ထွက်ရှိလာသည့် ဈေးကွက်ဝင် Pilkerton မျိုး ဖြစ်သော ထောပတ်သီးများကို ယခုလာမည့် တတိယပတ်အတွင်း ဈေးကွက်သို့ ပို့ဆောင်ရောင်းချပေးသွားမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးညွန့်က ပြောသည်။

လက်ရှိတွင် အဆိုပါ Pilkerton ထောပတ်မျိုးများသည် စတင်ထွက်ရှိလာပြီ ဖြစ်၍ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချနိုင်ရန် အသီးနမူနာများကို ခူးပြီး ရန်ကုန်ဈေးကွက်သို့ ပို့ဆောင်ရန်ပြင်ဆင်နေပြီဖြစ်ကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ဂယက်ကြောင့် ဈေးနှုန်းကို မသတ်မှတ်ရသေးကြောင်း၊ ကုန်သည်နှင့် တောင်သူများကြား အဆင်ပြေမည့် ဈေးနှုန်းကို ညှိနှိုင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ပုံမှန်ထွက်ရှိနေကြဖြစ်သည့် မြန်မာမျိုး ထောပတ်သီးများလည်း စတင်ထွက်ရှိနေပြီး ပိဿာ ၃၀ ကျော်ပါသည့် ဆာလာအိတ်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ မှ ၃၀၀၀၀ အထိ ဈေးခေါ်ရောင်းချနေကြောင်း သိရသည်။

"စမ်းသပ်စိုက်ပျိုးထားတဲ့ Pilkerton ထောပတ်သီးတွေကတော့ လာမယ့် တစ်ပတ်နှစ်ပတ်အတွင်းမှာ ဈေးကွက်ထဲကို ရောက်ရှိတော့မှာပါ။ ပေါက်ဈေးကတော့ လက်ရှိဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် မနှစ်ကဈေးကိုတော့ မျှော်မှန်းလို့မရပါဘူး။ အဆင်ပြေမယ့် ဈေးနှုန်းကိုတော့ ညှိနှိုင်းဖော်ဆောင်ရမှာပါ။ ရန်ကုန်ဈေးကွက်နဲ့ မန္တလေးဈေးကွက်ကို တစ်ပြိုင်တည်း ပို့ဆောင်ဖြန့်ဖြူးသွားမှာပါ။ ဈေးကွက်အနေအထားက ပထမကိုဗစ်လှိုင်းကလို အခြေအနေက မတူဘူး။ ငွေကြေးစီးဆင်းမှုတွေကလည်း အခက်အခဲဖြစ်နေတဲ့အပြင် ကိုဗစ်-၁၉ ရောဂါကလည်း ပိုပြီးပြင်းထန်လာတယ်ဆိုတော့ ဒီနှစ်ဈေးကွက်ကို ဘယ်လိုနည်းလမ်းသုံးရမယ်ဆိုတာ ကုန်သည်တွေနဲ့ ညှိနှိုင်းတိုင်ပင်ထားတာတော့ ရှိပါတယ်။ လက်ရှိမှာတော့ စမ်းသပ်စိုက်ပျိုးထားတဲ့ ခြံတွေကပဲ ထွက်ပါသေးတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ထောပတ်သီးဈေးနှုန်းများသည် ပြီးခဲ့သည့်နှစ်က Pilkerton မျိုး ထောပတ်သီး တစ်ကီလိုလျှင် ငွေကျပ် ၄၅၀၀ မှ ၅၀၀၀၊ ဟက်(စ်)မျိုး ထောပတ်သီး တစ်ကီလိုလျှင် ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ အထိ ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်က ရရှိခဲ့သည့်ဈေးကို လက်ရှိတွင် မမျှော်မှန်းနိုင်သေးကြောင်း၊ ဈေးကွက်၏ တုံ့ပြန်မှုကို စောင့်ကြည့်ရမည်ဖြစ်၍ ဈေးနှုန်းကို မသတ်မှတ်ရသေးကြောင်း၊ ဟက်(စ်)မျိုး ထောပတ်သီးများသည်လည်း လာမည့်အောက်တိုဘာလတွင် စတင်ထွက်ရှိပြီး ဈေးကွက်အတွင်းသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)





# နယ်စပ်ရေးရာဝန်ကြီးဌာနက လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်း

လှိုင်းဘွဲ့ ဩဂုတ် ၁၂

မြန်မာနိုင်ငံတစ်ဝန်း လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ အခြေအနေများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်းသံဃာတော်များ၊ သီလရှင်များ ဆွမ်းကွမ်းခက်ခဲမှုမရှိစေရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက လှူဒါန်းပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မြို့မပရိယတ္တိစာသင်တိုက်၊ ငွေလှိုင်းဖွေးပရိယတ္တိစာသင်တိုက်၊ အောင်မြေသာယာပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် ၂၈ အိတ်၊ ဆီ ၃၅ ပိဿာ၊ ပဲ ၆၉ ဒသမ ၅ ပိဿာတို့အား နယ်စပ်ရေးရာဝန်ကြီးဌာန လှိုင်းဘွဲ့မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ငွေကြယ်


## အနုပညာ

### ဂျနီဖာအန်နစ်စတန်နဲ့ သတင်းတွေကို ငြင်းဆိုလိုက်တဲ့ ဒေးဗစ်ဆွင်းမား

ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ မင်းသား တစ်ဦးဖြစ်တဲ့ ဒေးဗစ်ဆွင်းမားက သူ့အနေနဲ့ မင်းသမီး ဂျနီဖာအန်နစ်စတန်နဲ့ ချစ်သူတွေအဖြစ် လက်တွဲနေခြင်းမရှိကြောင်း လတ်တလောမှာ ငြင်းဆိုခဲ့တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒေးဗစ်ဆွင်းမားနဲ့ ဂျနီဖာအန်နစ်စတန်တို့ဟာ မကြာသေးမီက ပြုလုပ်ခဲ့တဲ့ သူတို့ရဲ့ ရုပ်သံအစီအစဉ်သစ် Friends အတွက် ရုပ်သံအင်တာဗျူးတစ်ခုမှာ တစ်ယောက်ကိုတစ်ယောက် တိတ်တခိုး နှစ်သက်လာတာ ကြာခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြပါတယ်။ ဒါကြောင့် သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း ကောလာဟလတွေ ပေါ်ထွက်ခဲ့ပေမယ့် လတ်တလောမှာ ဒေးဗစ်ဆွင်းမားက ဒါတွေဟာ မှန်ကန်မှုမရှိကြောင်း ပြန်လည်ဖြေရှင်းခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အသက် ၅၄ နှစ်အရွယ် ဒေးဗစ်ဆွင်းမားနဲ့ ၅၂ နှစ်အရွယ် ဂျနီဖာအန်နစ်စတန်တို့ဟာ Friends ရဲ့ မူရင်းရုပ်သံဇာတ်လမ်းတွဲမှာ စုံတွဲအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သူတွေပါ။ မကြာသေးမီက အဆိုပါ အစီအစဉ်ကို ပြန်လည်ဆန်းသစ် ရိုက်ကူးထုတ်လွှင့်ခဲ့ပြီး ၎င်းနဲ့ပတ်သက်တဲ့ အင်တာဗျူးမှာ တစ်ဦးကိုတစ်ဦး စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဒါပေမဲ့ သူတို့နှစ်ဦး ချစ်သူတွေအဖြစ် ချိန်းဆိုတွေ့ဆုံတာမျိုးတွေ မရှိဘူးလို့ ဒေးဗစ်ဆွင်းမားဘက်က ပြောကြားခဲ့တယ်လို့ သိရပါတယ်။



**အေးပြည့် - စုစည်းသည်**

### Thirty Nine တွင် ဆိုဟီး ပါဝင်သရုပ်ဆောင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်တဲ့ ဆန်းရယ်ဂျင် အဓိကဇာတ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်သွားမယ့်ရုပ်ရှင် Thirty Nine တွင် မင်းသမီး ဆိုဟီးတွဲဖက်ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲရုပ်ရှင်ဟာ အချစ်ဇာတ်လမ်းဆန်ဆန် ရိုက်ကူးသွားမှာဖြစ်ပြီး ဒီဇာတ်လမ်းတွဲမှာ အဓိကဇာတ်ဆောင်တွေအဖြစ် ဆန်းရယ်ဂျင်အပြင် ယွန်ဝူးဂျင်၊ ဂျွန်မီဒိုနဲ့ ကင်ဂျီယွန်းတို့ ပါဝင်သွားမှာဖြစ်ပါတယ်။ JTBC ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လုပ်သွားမယ့် အဆိုပါဇာတ်လမ်းတွဲမှာ ဆိုဟီးဟာ မင်းသား ယွန်ဝူးဂျင်ပါဝင်ထားတဲ့ဇာတ်ကောင်ရဲ့ ညီမအဖြစ် သရုပ်ဆောင်မှာဖြစ်ပါတယ်။

ကျော်ကြားခဲ့တဲ့ အမျိုးသမီး ကေပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Wonder Girls ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဆိုဟီးဟာ အဆိုပါဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားမှာဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်က ထုတ်ပြန်ကြေညာခဲ့တာပါ။ Thirty Nine ဟာ အသက် ၄၀ ပြည့်ခါနီး သူငယ်ချင်းသုံးယောက်ရဲ့ဘဝကို ပုံဖော်ထားတာ ဖြစ်ပါတယ်။ သူငယ်ချင်းတွေ အကြားက အချစ်၊ သံယောဇဉ်နဲ့ ဘဝဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေကိုလည်း ဒီဇာတ်လမ်းတွဲမှာ ထည့်သွင်းဖန်တီးထားပြီး အဆိုပါဇာတ်လမ်းတွဲကို ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း စတင်ပြသနိုင်ဖို့ရာ စီစဉ်ထားကြောင်း သိရပါတယ်။

### ဆန်းရီ ထောင်ဒဏ်သုံးနှစ် ကျခံရ

တောင်ကိုရီးယား ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆန်းရီဟာ အမျိုးသားတေးဂီတအဖွဲ့ BIG BANG ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ပါတယ်။ သူဟာ ယခင်နှစ်ကတည်းက တရားရင်ဆိုင်ခဲ့ရတာတွေ ရှိခဲ့ပြီး လက်ရှိမှာတော့ သူဟာ ပြည့်တန်ဆာလုပ်ငန်းနဲ့ လောင်းကစားပြစ်မှုတွေကြောင့် ထောင်ဒဏ်သုံးနှစ် ချမှတ်ခံခဲ့ရကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဆန်းရီဟာ လက်ရှိမှာ စစ်မှုထမ်းဆောင်နေတာကြောင့် သူ့ရဲ့ ပြစ်မှုတွေနဲ့ပတ်သက်ပြီး အချိန်ယူစစ်ဆေးခဲ့ကာ စစ်ဘက်ဆိုင်ရာ တရားရုံးက ဩဂုတ် ၁၂ ရက်မှာ အမိန့်ချမှတ်ခဲ့တာလည်း ဖြစ်ပါတယ်။ ဆန်းရီဟာ ဆိုးလ်မှာရှိတဲ့ ဘန်းနင်းဆန်းနိုက်ကလပ်နဲ့ပတ်သက်တဲ့ ပြစ်မှုတွေမှာ ပါဝင်ပတ်သက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ယခုလို ထောင်ဒဏ်သုံးနှစ်ကျခံစေဖို့ရာ အမိန့်ချမှတ်ခံခဲ့ရတာဖြစ်တယ်လို့ သိရပါတယ်။

ဆန်းရီဟာ တရားမဝင်ငွေကြေးလဲလှယ်ကာ ပြည်ပမှာ လောင်းကစားပြုလုပ်ခဲ့တာ အပါအဝင် သူ့ကို စွဲဆိုထားတဲ့ ပြစ်မှုကိုးခုလုံးမှာ အပြစ်ရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့တာပါ။ ဒါပေမဲ့ ဆန်းရီကတော့ တရားခွင်တွေမှာ အပြစ်မရှိကြောင်း အမြဲလိုလို ငြင်းဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။ ဆန်းရီဟာ ထောင်ဒဏ် သုံးနှစ်အပြင် ငွေဒဏ်အဖြစ် တောင်ကိုရီးယားဝမ် ၁ ဒသမ ၁၅ ဘီလီယံ ပေးဆောင်ဖို့ရာလည်း အမိန့်ချမှတ်ခံခဲ့ရကြောင်း သိရပါတယ်။



## ဥရောပစူပါဖလား နှစ်ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တဲ့ ချယ်လ်ဆီး

ချန်ပီယံလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းနဲ့ ယူရိုပါလိဂ်ချန်ပီယံ ဗီလာရီးယဲလ်အသင်းတို့ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ဥရောပစူပါဖလားပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ဥရောပစူပါဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းနဲ့ ဗီလာရီးယဲလ်အသင်းတို့ ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းဟာ ပွဲကစားချိန် ၂၇ မိနစ်မှာ ရရှိခဲ့တဲ့ ဇီယက်ရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး ပွဲကစားချိန် ၇၃ မိနစ်မှာ ဗီလာရီးယဲလ်အသင်းက မိုရီနိုရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒီနှစ်သင်းရဲ့ ဥရောပစူပါဖလားလုပွဲဟာ အကြိတ်အနယ်ရှိပေမယ့် ဘယ်အသင်းကမှ သာမန်ပွဲကစားချိန်အတွင်း ဂိုးထပ်မံမသွင်းယူနိုင်ခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ် ခံယူရတဲ့အဆင့်အထိ ရောက်ရှိခဲ့ပြီး ချယ်လ်ဆီးအသင်းဂိုးသမား ကီပါက ပင်နယ်တီကန်သွင်းခွင့် နှစ်ကြိမ်အထိ ကာကွယ်နိုင်ခဲ့တာ ကြောင့် ချယ်လ်ဆီးအသင်းက ဗီလာရီးယဲလ်အသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။




ပင်နယ်တီအဆုံးအဖြတ် ခံယူရာမှာ ချယ်လ်ဆီးအသင်းက ဗီလာရီးယဲလ် အသင်းကို ခြောက်ဂိုး-ငါးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ချယ်လ်ဆီးအသင်းဟာ ဥရောပစူပါဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးရရှိခဲ့ပြီလည်း ဖြစ်ပါတယ်။ အခုဥရောပစူပါဖလားပွဲစဉ်ကို မြောက်အိုင်ယာလန်နိုင်ငံမှာ ပထမဆုံးအကြိမ်ကျင်းပခဲ့တာဖြစ်ပြီး ပရိသတ် ၁၃၀၀၀ တက်ရောက်ကြည့်ရှုခဲ့တယ်လို့ သိရပါတယ်။

## ပီအက်စ်ဂျီနဲ့အတူ ချန်ပီယံလိဂ်ဖလားထပ်မံဆွတ်ခူးဖို့ မျှော်လင့်နေတဲ့ မက်ဆီ




အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ ပီအက်စ်ဂျီအသင်းဆီ ရောက်ရှိလာခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားထပ်မံဆွတ်ခူးဖို့မျှော်လင့်ထားတာဟာ သူ့ရဲ့အိပ်မက်ဖြစ်တယ်လို့ ဖွင့်ဟပြောကြားလာပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားလေးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ်ဖလားကို ၂၀၁၅ ခုနှစ်က နောက်ဆုံးရယူဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

လက်ရှိမှာ ပီအက်စ်ဂျီအသင်းကလည်း အသင်းရဲ့ပထမဆုံးသော ချန်ပီယံလိဂ်ဆုဖလားကိုရယူနိုင်ဖို့ ကြိုးပမ်းနေတာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းအနေနဲ့ ၂၀၂၀ ပြည့်နှစ်အတွင်းက ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပေမယ့် ဗိုလ်လုပွဲမှာ ဘိုင်ယန်မြူးနစ်အသင်းကိုရှုံးပြီး ချန်ပီယံလိဂ်ဖလားရရှိရေး အိပ်မက်ပျက်ခဲ့ရတာဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းရဲ့ ကစားသမားတစ်ဦးဖြစ်လာချိန်မှာ ကျွန်တော့်ရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ အိပ်မက်ကတော့ ပီအက်စ်ဂျီအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလား တစ်ကြိမ်မကရရှိရေးပဲဖြစ်တယ်လို့ တိုက်စစ်မှူး မက်ဆီက ဆိုပါတယ်။

တိုက်စစ်မှူး မက်ဆီဟာ အသက် ၁၃ နှစ်အရွယ်ကတည်းက ဘာစီလိုနာအသင်းဆီ ရောက်ရှိခဲ့ပြီး ဘာစီလိုနာ ကစားသမားဘဝတစ်လျှောက်မှာ ပွဲစဉ်စုစုပေါင်း ၇၇၈ ပွဲပါဝင်ကစားခဲ့ပြီး သွင်းဂိုးစုစုပေါင်း ၆၇၂ ဂိုးအထိ စံချိန်တင်သွင်းယူနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် တိုက်စစ်မှူး မက်ဆီဟာ ဘာစီလိုနာအသင်းနဲ့အတူ ဘလွန်းဒီအောဆုကို ခြောက်ကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့ပြီး ဘာစီလိုနာအသင်းအတွက် ဆုဖလားစုစုပေါင်း ၃၅ လုံးအထိ ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။



## ခြေထောက်ဒဏ်ရာရရှိခဲ့တဲ့ ရာဖေးလ်နာဒယ် စင်စင်နတီတင်းနစ်ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရ

စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ ခြေထောက်ဒဏ်ရာရရှိထားတာကြောင့် စင်စင်နတီတင်းနစ်ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရပြီဖြစ်ပါတယ်။ အဲဒီ စင်စင်နတီတင်းနစ်ပြိုင်ပွဲဟာ ဩဂုတ် ၁၄ ရက်ကနေ ဩဂုတ် ၂၂ ရက်အထိ ကျင်းပသွားမှာဖြစ်ပါတယ်။

### ကစားနိုင်ခဲ့ခြင်းမရှိ

အသက် ၃၅ နှစ်အရွယ်ရှိ ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်အနေနဲ့ ပြီးခဲ့တဲ့လအတွင်းက ကျင်းပခဲ့တဲ့ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာလည်း ပါဝင်ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းမရှိခဲ့သလို ဂျပန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲမှာလည်း ဝင်ရောက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ လွဲချော်ခဲ့ရတာ ဖြစ်ပါတယ်။

ရာဖေးလ်နာဒယ်ဟာ ဇူလိုင် ၃၁ ရက်ကနေ ဩဂုတ် ၈ ရက်အထိ ကျင်းပခဲ့တဲ့ ဝါရှင်တန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာတော့ ပါဝင်ကစားခဲ့ပြီး ဒုတိယအဆင့်ပြိုင်ပွဲမှာ တင်းနစ်ကစားသမား ဂျက်ဆော့ခ်ကို အနိုင်ရရှိခဲ့ပေမယ့် တတိယအဆင့်ပြိုင်ပွဲမှာတော့ တောင်အာဖရိကတင်းနစ်ကစားသမား အယ်လွိုက်ဟားရစ်ကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲကနေထွက်ခဲ့ရတာဖြစ်ပါတယ်။

### မသေမချာဖြစ်နေ

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ လေးကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ ရာဖေးလ်နာဒယ်ဟာအခုရရှိထားတဲ့ခြေထောက်ဒဏ်ရာကြောင့် အခုနှစ်အတွင်းမှာ ကျင်းပမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကစားနိုင်ဖို့ မသေမချာဖြစ်နေပြီး အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲဟာ ဩဂုတ် ၃၀ ရက်ကနေ စက်တင်ဘာ ၁၂ ရက်အထိ ကျင်းပသွားဖို့ရှိနေတာ ဖြစ်ပါတယ်။

တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ဟာ စင်စင်နတီတင်းနစ်ပြိုင်ပွဲကနေ ဒဏ်ရာပြဿနာကြောင့် နုတ်ထွက်ခဲ့ရတဲ့အပြင် ဩဂုတ် ၇ ရက်ကနေ ဩဂုတ် ၁၅ ရက်အထိ ကျင်းပလျက်ရှိတဲ့ ကနေဒါအိုးပင်းတင်းနစ်ပြိုင်ပွဲမှာလည်း ပါဝင်ကစားနိုင်ခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။

ငွေကြယ် - ရေးသားသည်

## အာရီးလ်စပန့်စ် မျက်လုံးဒဏ်ရာရရှိခဲ့လို့ ယော်ဒန်းနစ်ယူဂတ်စ်နဲ့ ထိုးသတ်ရတော့မယ့် ပက်ကွီယို

အမေရိကန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား အာရီးလ်စပန့်စ်ဟာ မျက်လုံးဒဏ်ရာရရှိခဲ့တာကြောင့် ဒဗလျူဘီအေ ဝယ်တာဝိတ် ချန်ပီယံခါးပတ်လုပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်တော့မှာ မဟုတ်တဲ့အတွက် ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယိုဟာ ဒဗလျူဘီအေဝယ်တာဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ကျူးဘားလက်ဝှေ့ကျော် ယော်ဒန်းနစ်ယူဂတ်စ်နဲ့ ယှဉ်ပြိုင်ကစားရတော့မှာ ဖြစ်ပါတယ်။

ပက်ကွီယိုနဲ့ အာရီးလ်စပန့်စ်တို့ဟာ ဒဗလျူဘီအေဝယ်တာဝိတ်ချန်ပီယံခါးပတ်လုပွဲအဖြစ် ဩဂုတ် ၂၁ ရက်မှာ လက်စ်ဗီးဂက်မြို့မှာ ယှဉ်ပြိုင်ထိုးသတ်သွားဖို့ ယခင်က စီစဉ်ထားခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အာရီးလ်စပန့်စ်ဟာ မျက်ကြောလွှာပေါက်ပြဲခဲ့လို့ ခွဲစိတ်ကုသဖို့လုပ်ဆောင်ရမှာဖြစ်တဲ့အတွက် ပက်ကွီယိုဟာ အာရီးလ်စပန့်စ်နဲ့ ထိုးသတ်ရမယ့်အစား ကျူးဘားလက်ဝှေ့ကျော်ယော်ဒန်းနစ်ယူဂတ်စ်နဲ့ ယှဉ်ပြိုင်ထိုးသတ်ဖို့ အကြောင်းဖန်လာခဲ့တာဖြစ်ပါတယ်။

ပက်ကွီယိုဟာ ၂၀၁၉ ခုနှစ် ဇူလိုင်လအတွင်းက ဒဗလျူဘီအေဝယ်တာဝိတ်ပြိုင်ပွဲမှာ ကိသ်သာမန်ကို အနိုင်ရရှိခဲ့ပြီးနောက်ပိုင်းကတည်းက ဘယ်ပြိုင်ပွဲကိုမှ ပါဝင်ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းမရှိခဲ့တာ ဖြစ်ပါတယ်။ အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ လက်ဝှေ့ကျော် ပက်ကွီယိုဟာ လက်ရှိမှာ ဇာတိမြေဖိလစ်ပိုင်နိုင်ငံမှာ ဥပဒေပြုအထက်လွှတ်တော်အမတ်တစ်ဦးအနေနဲ့ တာဝန်ထမ်းဆောင်နေတာ ဖြစ်ပါတယ်။



News and Periodicals Enterprise
NPE
Myanmar Digital News
နောက်ဆုံးရပြည်တွင်းနှင့်နိုင်ငံတကာ သတင်းတွေကို အချိန်နှင့်တစ်ပြေးညီကြည့်ရှုနိုင်ပြီ။
မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light Of Myanmar နေ့စဉ်ထုတ်
သတင်းစာ (၃)စောင်ကို အွန်လိုင်းကနေ အလွယ်တကူ ဖတ်ရှုနိုင်ပြီ။
www.mdn.gov.mm

Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- ၂၀၁၇ ခုနှစ်မှ ယနေ့အထိ ထုတ်ဝေခဲ့တဲ့ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာများကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

သစ်တောမှန်လျှင်အသုံးဝင် အစဉ်ထာဝရထိန်းသိမ်းကြ

## ဘဏ်ပိတ်ရက်ကြေငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်နေ့မှ (၂၀) ရက်နေ့အထိ အများပြည်သူ အလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်များတွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ကုသရေးဦးစီးဌာန
## မွန်ပြည်နယ်
## အိတ်ဖွင့်တင်ဒါကြော်ငြာခေါ်ယူခြင်း

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်ကုသရေးဦးစီးဌာန အတွင်းရှိ ခရိုင်/မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သော ခွဲခန်းနှင့် ခွဲမှန်ခန်းသုံးဆေးနှင့်ဆေးပစ္စည်းများ၊ Oxygen နှင့် Dialysis သုံးဆေးနှင့်ဆေးပစ္စည်းများနှင့် အခြား Consumable များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်ကုသရေးဦးစီးဌာနရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - ၁၆-၈-၂၀၂၁ရက် |
| တင်ဒါပိတ်မည့်ရက် | - ၃၁-၈-၂၀၂၁ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၄:၃၀ နာရီ |
| ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ် | - ၀၉-၅၃၂၁၀၈၅၊ ၀၅၇-၂၇၁၈၇ |

**တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာန**
**မွန်ပြည်နယ်**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အရိုးရောဂါအထူးကုဆေးရုံကြီး
## အမှတ်(၁၃၂)၊ ဟံသာဝတီလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီး၌ တက်ရောက်ကုသကြသည့် လူနာများအားကုသပေးရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါဆေးနှင့် ဆေးပစ္စည်းများ ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရ အသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) ခွဲစိတ်ခန်းသုံးဆေးပစ္စည်းများ
(ခ) ခွဲမှန်ဖလင်များနှင့် ဆေးရည်များ
(ဂ) FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများ (Consumables)

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ

| | |
|---|---|
| စတင်ရောင်းချမည့်ရက် | - ၁၂-၈-၂၀၂၁ ရက် (ကြာသပတေးနေ့) |
| တင်ဒါပိတ်မည့်ရက် | - ၃၁-၈-၂၀၂၁ ရက် (အင်္ဂါနေ့) |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ရန်ကုန်မြို့၊ အရိုးရောဂါအထူးကုဆေးရုံကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**အရိုးရောဂါအထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၂၇၀၈၇၊ ၀၁-၅၂၇၀၈၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၀)၊ မြေကွက်အမှတ်(၂၃၀)၊ အကျယ်အဝန်း (အလျား ၄၀ပေxအနံ ၆၀ပေ)၊ နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက်မှ (တရားဝင်မခွဲစိတ်ရသေးသည့်)ခြေရင်းဘက်ခြမ်းရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ သဇင်လမ်း၊ မြေကွက်အမှတ် (၂၃၀-ခ)ဟုခေါ်တွင်သော မြေကွက်တစ်ကွက် နှင့်တကွ နေအိမ်အဆောက်အဦ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး စီမံခန့်ခွဲ၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်လင်းသန္တာ [၁၂/ဒဂမ(နိုင်)၀၀၅၈၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးလတ်ကိုကိုလှိုင် [၁၄/မအန(နိုင်)၁၄၃၄၁၉]+ဦးထက်ကောင်းလွင် [၁၂/ဥကတ(နိုင်)၁၉၉၀၁၂]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလူမော်ထိုက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၉)**
**အမှတ် (၉၄၁)၊ မာဃ(၁၂)လမ်း၊ ၁၂-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၀၀၀၆၂၆၊ ၀၉-၄၅၆၃၃၂၇၃၃**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ထိုင်းနိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာအလုပ်သမားများအား တရားဝင်လုပ်ကိုင်နိုင်ရေးအတွက် ၃-၃-၂၀၁၇ ရက်မှ ၃၀-၆-၂၀၁၈ ရက်အထိ စာအုပ်သက်တမ်း ၄နှစ်ဖြင့် ထုတ်ပေးခဲ့သည့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identity-CI) များသည် ၃-၃-၂၀၂၁ ရက်မှစ၍ ထုတ်ပေးခဲ့သည့် ရက်များအလိုက် သက်တမ်းကုန်လျက်ရှိပါသဖြင့် ယင်းတို့အား စာအုပ်အသစ်လဲလှယ်ထုတ်ပေးနိုင်ရေး CI သက်တမ်းတိုးစခန်းများအား ထိုင်းနိုင်ငံ၊ စမုစခွန်မြို့ (မဟာချိုင်)၊ စမုပရာကန်မြို့၊ ရနောင်းမြို့၊ ချွန်ဘူရီမြို့နှင့် ချင်းမိုင်မြို့တို့၌ စခန်း(၅)ခု ဖွင့်လှစ်၍ လုပ်ငန်းများအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းအထောက်အကူပြုအဖွဲ့ ကိုယ်စားလှယ်ကုမ္ပဏီတစ်ခုအဖြစ် ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါပေးသွင်းရန် ၆-၈-၂၀၂၁ရက်တွင် အိတ်ဖွင့်တင်ဒါ ခေါ်ယူပြီးဖြစ်၍ ဒုတိယအကြိမ် ထပ်မံဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန်မှာ ၉-၈-၂၀၂၁ ရက်မှ ၈-၉-၂၀၂၁ ရက် အထိဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ရွှေ့ပြောင်းအလုပ်သမားဌာနခွဲ(နေပြည်တော်)၊ ဖုန်း-၀၆၇-၄၃၀၁၈၃ နှင့် ၀၆၇-၄၃၀၄၄၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့**
**ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် အသုံးပြုရန် အတွက် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး Software နည်းပညာများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | YCDC One Map မြေပုံရရှိရေးလုပ်ငန်းအတွက် ArcGIS Software | 1 Lot |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၆-၈-၂၀၂၁ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၃-၈-၂၀၂၁ ရက် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## လေလံတင်ရောင်းချရန်ကြော်ငြာခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်(၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ ထိ) (၆)လ ကာလအတွက် အောက်ပါအရပ်ရပ်အခွင့်အရေးလိုင်စင်(၅၅)ခုအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ယာဉ်အပ်နှံမှုကောက်ခံခွင့်လိုင်စင် | (၁၀) ခု |
| (ခ) | ရေလောင်းအိမ်သာလိုင်စင်၊ ရေချိုးခန်းနှင့်ရေလောင်းအိမ်သာလိုင်စင် | (၁၉) ခု |
| (ဂ) | ပျံကျဈေးကောက်လိုင်စင် | (၂၆) ခု |
| | **စုစုပေါင်း** | **(၅၅) ခု** |

၂။ ဈေးပြိုင်စနစ် လေလံတင်ရောင်းချခြင်းကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | လေလံတင်ရောင်းချမည့်ရက် | - (၃၀- ၈.-၂၀၂၁) ရက် (တနင်္လာနေ့) (၃၁-၈-၂၀၂၁) ရက် (အင်္ဂါနေ့) |
| (ခ) | လေလံတင်ရောင်းချမည့်အချိန် | - နံနက် (၁၀:၀၀) နာရီ၊ |
| (ဂ) | လေလံတင်ရောင်းချမည့်နေရာ | - အုပ်ချုပ်မှုကြီးကြပ်ရေးကော်မတီ အစည်းအဝေးခန်းမ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ |
| (ဃ) | လျှောက်လွှာပိတ်မည့်ရက် | - (၂၅-၈-၂၀၂၁) ရက် (ဗုဒ္ဓဟူးနေ့) |

၃။ လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဈေးများဌာန (၀၆၇-၃၄၁၄၂၉၃၊ ၀၆၇-၃၄၁၄၁၆၈)သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။


**လေလံတင်ရောင်းချရေးအဖွဲ့**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**





သင့်သွေးဖြင့် အသက်ကယ်ပါ

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သောည့် [illegible] ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးတော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြောင်း [illegible]









[illegible]

# အထူးကျေးဇူးဥပကာရတင်ရှိစွာဖြင့်ဂါရဝပြုခြင်း

အနန္တကျေးဇူးရှင်ဖခင်ကြီး သရေစည်သူ ဦးသောင်းညွန့် ကွယ်လွန်အနိစ္စရောက်ရာတွင် ဝမ်းနည်းကြောင်း သဝဏ်လွှာအား သတင်းစာများတွင်ပေးပို့ပါသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ ဖခင်ကြီးနှင့် မိခင်ကြီး ဒေါ်နီနီတို့ မနာမကျန်းဖြစ်စဉ်မှ ကွယ်လွန်ချိန်အထိ ဂရုတစိုက်ကုသလမ်းညွှန်မှုပေးခဲ့ပါသော ပါမောက္ခ ဦးခင်မောင်ဝင်း(အသည်း)၊ နှလုံးအထူးကု ပါမောက္ခ ဦးဆန်းလွင်၊ အာရှတော်ဝင်ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဆွေ၊ လိုအပ်သောဆေးဝါးများပံ့ပိုးပေးပါသော တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့်ဆေးဝါးတချို့ အချိန်မီရောက်အောင်ကူညီပေးပါသော ဒု.က.စမှူး (ကလေး)မှ ဗိုလ်မှူးချုပ်သန့်စင်ဦးအားလည်းကောင်း၊ အောက်ဆီဂျင် လိုအပ်သလိုကူညီခဲ့ပါသော Unity Oxygen Plant မှ ဒေါ်စုစန္ဒာကျော်အားလည်းကောင်း၊ နာရေးကိစ္စကို အဆင်ပြေအောင်ဆောင်ရွက်ကူညီပေးပါသော YCDC ဒုတိယမြို့တော်ဝန် ဦးညီညီ၊ စည်ပင်သာယာဝန်ထမ်းများနှင့်တကွ အဘက်ဘက်မှ စိတ်ဓာတ်အင်အား၊ လူအင်အားဖြင့် စေတနာ ကရုဏာ ထက်သန်စွာ ပံ့ပိုးကူညီခဲ့ကြသော ကျေးဇူးတင်ထိုက်သူများအား အထူးကျေးဇူးတင်ရှိစွာဖြင့် ဂါရဝပြုအပ်ပါသည်။

ကျန်ရစ်သူသားသမီးမြေးတစ်စု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြညွန့်**

**မြရတနာအထည်ဆိုင်(မော်လမြိုင်မြို့)**

**အသက်(၉၂)နှစ်**

ဦးကိုကိုလွင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်မော်တို့၏ မိခင်သည် ၁၁-၈-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**

**ဆေးဝါးစက်ရုံ(အင်ရောင်း)**

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ နာဂဦးသိန်းလှိုင်**

**M.B.,B.S(Ygn)**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့နေ(ဒေါ်အုန်းအုန်း)၏ချစ်လှစွာသော ခင်ပွန်း၊ မြင့်မြတ်စိတ်ထားပိုင်ရှင် ဒေါက်တာ နာဂဦးသိန်းလှိုင်သည် ၁၀-၈-၂၀၂၂ ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်ကြောင်းကြားသိရသဖြင့် ဆရာကြီး၏ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဆရာကြီးကောင်းရာသုဂတိလားပါစေ)**

**သတင်းစာဆရာကြီး ဦးကျော်လှ (သား) ဦးဝင်းကျော်**

**သမာဓိမိသားစု၊ တောင်ငူမြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဒေါ်ခင်စု**

**အသက်(၈၇)နှစ်**

International Business Promotion Center အဖွဲ့ဝင် ဦးမျိုးသန့်၏ မိခင်ကြီး ဒေါ်ခင်စု အသက် (၈၇)နှစ်သည် ၉-၈-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့**

**International Business Promotion Center**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြညွန့်**

**မြရတနာအထည်ဆိုင်(မော်လမြိုင်မြို့)**

**အသက်(၉၂)နှစ်**

ဦးကိုကိုလွင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်မော်တို့၏ မိခင်သည် ၁၁-၈-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**

**အရာထမ်း၊ အမှုထမ်းများ**

**မြန်မာ့ဆေးဝါးလုပ်ငန်း**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြညွန့်**

**မြရတနာအထည်ဆိုင်(မော်လမြိုင်မြို့)**

**အသက်(၉၂)နှစ်**

ဦးကိုကိုလွင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်မော်တို့၏ မိခင်သည် ၁၁-၈-၂၀၂၂ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**

**ဆေးဝါးစက်ရုံ(အင်းစိန်)**

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကာဟိုး(ခ)ဒေါ်မြင့်မြင့်သန်း**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁) စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင် ဦးဇော်မင်း(RUBY FIBRE GLASS) ၏ မိခင်ကြီးသည် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

**တောင်ဒဂုံ၊ အမှတ်(၁)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များ**

---

**ဦးစံညွန့်**

**အသက်(၉၄)နှစ်**

**(ပင်လုံ)**

ပင်လုံမြို့နေ ဦးဆုပညာ၊ ဒေါ်နန်းဖန်တို့၏သား၊ (ဒေါ်စဝ်မြညွန့်)၏ ခင်ပွန်း၊ ဦးမြင့်အောင်၊ ဒေါ်နန်းညိုညိုစံတို့၏ဖခင် ဦးစံညွန့်သည် ၁၂-၈-၂၀၂၂ ရက် နံနက် ၄ နာရီတွင် ဇမ္ဗူသီရိမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် နေပြည်တော် ကျွဲကြီးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မူးယစ်ကို**

**ပစ်**

**ပန်းတိုင်သစ်**

**စိတ်သစ်**

**လူသစ်**

**ဘဝသစ်**

---

**ဒေါ်သက်သက်မွန်(ဖားအောက်)**

**အသက်(၅၁)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးစိုးမြင့်-ဒေါ်အေးမြင့်)တို့၏သမီး၊ ဦးစိုးပိုင်(ဖားအောက်၊ မွန်ပြည်နယ်)၏ညီမ၊ ဦးကျော်သူ၏ဇနီး၊ မခင်ရတနာပြည့်၊ မသီရိရွှေစင်တို့၏ မိခင်သည် ၈-၈-၂၀၂၂ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပြီး ၉-၈-၂၀၂၂ ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ဖြူဖြူသွင်**

**အထက (၂) လသာ(ငြိမ်း)**

**အသက် (၆၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ စူနီယံပါတ် သုခဝတီလမ်း၊ အမှတ်(၂၃)၊ ဘီ/၂နေ (ဦးသွင်-ဒေါ်အုန်းမေ)တို့၏သမီး၊ ဦးသိန်းထွန်း၏ဇနီး၊ ကိုစိုးထွန်းလင်း-မမေဇင်ကို၊ ကိုဝေမင်းဖြိုး-မရွှေရည်မျိုး၊ မအေးငြိမ်းဖြူတို့၏မိခင်၊ လင်းရံမင်းဖြိုး(ခ)ရွှေမို၊ သုထက်မင်းဖြိုး(ခ)ညီမိုတို့၏အဘွားသည် ၁၂-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ဦးထွန်းနိုင်အောင်-ဒေါ်မြမြအေး**

**Kaung Kyaw Say Engineering Co.,Ltd**

## ဒေါ်မြသိန်း
**(ဦးစီးအရာရှိ-ငြိမ်း၊ ပြည်သူ့လွှတ်တော်ရုံး)**
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ (၁၀၈)လမ်းနေ (ဦးစံဖေ-ဒေါ်သန်းတင်)တို့၏သမီး၊ (ဦးကျော်မြင့်-ဒေါ်အမာရီ)တို့၏ညီမ၊ ဦးတင်ထွဋ်-ဒေါ်တင်မြ၊ (ဦးဖေသန်း-ဒေါ်လှလှဝင်း)၊ (ဦးအောင်သန်း)-ဒေါ်ထွေးမြင့်၊ (ဦးထင်အောင်)-ဒေါ်အေးအေးသန်း၊ (ဦးငွေစိုး-ဒေါ်မြမြသန်း)တို့၏ အစ်မ၊ ဒေါ်ခင်ဝင်းမြင့်၊ ဦးကျော်မိုးနိုင်တို့၏အဒေါ် ဒေါ်မြသိန်းသည် ၁၁-၈-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပဲခူးမြို့၊ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးစောဝေလျံ
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ P.P.D**
**အသက်(၈၀)**

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့၊ ရှမ်းစုရွာနေ (ဦးစောဂေးဖြလ်-နော်မလေး)တို့၏ သား၊ [ဦးလှတင်(ခ)ဦးဂျိုးသိန်း-ဒေါ်အေးစိန်]တို့၏ သားသမက်၊ (စောဆေရီ၊ နော်အိုင်ဒါ၊ စောမောင်မောင်ကလေး-နော်ရှိမာနား၊ စောဟင်နရီ)တို့၏ ညီ/မောင်၊ စောမိုးဇက်ကိုကိုလေး-နော်ခင်လှမေတို့၏အစ်ကို၊ နော်စီစီလျာ၊ ဦးသိန်းနိုင်စိုးအေး-နော်မာဂရက်၊ သောမက်စ်ဂေးဖြလ်-ဖီလိုမီနားမချူး၊ အဲလ်ဘက်ဂေးဖြလ်-အက်စတာဂေးဖြလ်၊ စတီဗင်ဂေးဖြလ်-မစုမြတ်အောင်တို့၏မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ အမှတ်(၄၅၉)၊ ဗဟိုလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ (နော်မေရီခင်စန်း)၏ ချစ်လှစွာသောခင်ပွန်း ဦးစောဝေလျံသည် ၉-၈-၂၀၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင်ဆွေ
**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ (ဦးအောင်မြင့်-ဒေါ်သိန်းဟန်)တို့၏ သမီး၊ ဦးချောမောင်၏ ချစ်လှစွာသောဇနီး၊ (ဦးစန်းမောင်)-ဒေါ်နန်းဦးခိုင်၊ (ဦးကျော်ထွန်း-ဒေါ်ခင်အေးဆွေ)၊ ဦးဝင်းမောင်-ဒေါ်ခင်စောငြိမ်း (ခေတ္တ-စင်ကာပူ)၊ ဦးမောင်မောင်ညို-ဒေါ်ခင်မော်ကြည်၊ ဦးခင်မောင်ဝင်း (MYTCL-ငြိမ်း)-ဒေါ်ခင်ခင်ထွေးတို့၏ ချစ်လှစွာသော အစ်မကြီး၊ ဦးညွန့်ဝေ (ဒု-အရာခံဗိုလ်-ငြိမ်း) - ဒေါ်ခင်ခင်ဦး (ဆက်သွယ်ရေး-ငြိမ်း)၊ ရဲမှူးမောင်မောင်ဦး-ဒေါ်တင်တင်လှိုင်၊ ဒေါ်ခင်ခင်လတ်၊ ဦးသိန်းထူး (Finance Manager decision-Grand Royal International group)-ဒေါ်ခင်ခင်မြတ် (ဒု-ညွှန်ကြားရေးမှူး-စုပေါင်းခရိုင်ရုံး/ချင်းပြည်နယ်)၊ ရဲတပ်ကြပ်ကြီးခင်မောင်ထွန်း (ညောင်ခါးရှည်ရဲတပ်ဖွဲ့စခန်း/ပဲခူး) - ဒေါ်မိုးမိုးနိုင်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၁ ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၁၀-၈-၂၀၂၁ (အင်္ဂါနေ့) နံနက် ၁၀:၁၁ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၁-၈-၂၀၂၁ ရက် မွန်းလွဲ ၂နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ဝင်းကွန့်
**(စိန်ပီတာ ကျောင်းသားဟောင်း)**
**အသက်(၆၉)နှစ်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃၄)၊ ပိုက်ကျုံးရပ်နေ (ဦးတင်မောင်ကွန့်-ဒေါ်တင်တင်မြင့်)တို့၏ သား၊ (ဦးလှမျိုးသန်း-ဒေါ်တင်တင်ဝင်း)၊ ဒေါ်ခင်သန်းနွဲ့တို့၏ ညီ/မောင်၊ ဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)-ဒေါ်ရီဝင်းကွန့်(အလပြ-ငြိမ်း)၊ ဒေါ်လွင်မာကွန့် (အလပြ-ငြိမ်း)တို့၏ အစ်ကိုသည် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးညီညီမောင်
**အသက်(၄၃)နှစ်**
**မန်နေးဂျင်းဒါရိုက်တာ၊ Apex Resource General Services Co.,Ltd**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်(၁၀၅၆)နေ ဒေါ်သီတာအောင်၏ခင်ပွန်းဖြစ်သူ ဦးညီညီမောင်(မန်နေးဂျင်းဒါရိုက်တာ၊ Apex Resource General Services Co.,Ltd) သည် ၈-၈-၂၀၂၁ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်**

---

## ဦးမောင်မောင်သန်း(ဝါးခယ်မ)
**အသက်(၈၈)နှစ်**

ဝါးခယ်မမြို့၊ ရွာလယ်ရပ်ကွက်နေ(ဦးဖေါင်-ဒေါ်ကျင်ရိန်)တို့၏ သား၊ (ဒေါ်စန်းကြည်)၏ ခင်ပွန်း၊ ဦးတင်အောင်ဝင်း-ဒေါ်ညွန့်ညွန့်ငွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်ရီရီပြုံး၊ ဦးလှခိုင်(ညွှန်ကြားရေးမှူး-စီမံ၊ အနုပညာဦးစီးဌာန)-ဒေါ်ရီရီလွင်၊ ဦးသင်းလှိုင်-ဒေါ်သိင်္ဂီလွင်တို့၏ ဦးလေး/မွေးစားဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးမောင်မောင်သန်းသည် ၁၁-၈-၂၀၂၁ (ဗုဒ္ဓဟူးနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့)တွင် ထိန်ပင်သုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်တင်ဆွေ
**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၅/၂/၁၅၆)၊ ခရေလမ်းနေ (ဦးမြအေး-ဒေါ်စောရွှေ)တို့၏ သမီးကြီး၊ (ဦးသန်းရွှေ-ဒေါ်စောမြ)တို့၏ သမီးချွေးမ၊ ဦးခင်အေး၏ ဇနီး၊ ဒေါ်မေမြတ်နွယ်၊ ဒေါ်ရင်ရင်သွယ်၊ ဒေါ်လှလှငွေး၊ ဦးအောင်မော်စိုး၊ ဒေါ်ခင်ချိုထွေးတို့၏ အစ်မ၊ မရွှေရည်ဝင်း-ကိုလင်းထွဋ်သိန်းတို့၏ ချစ်လှစွာသောမိခင် ဒေါ်တင်တင်ဆွေသည် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၄:၅၄ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့နံနက် ၁၀ နာရီတွင် ရွှေပြည်သာကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ဖြူဖြူသွင်
**အထက(၂)လသာ(ငြိမ်း)**
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၆)ရပ်ကွက်၊ စူနီယံပါတ် သုခဝတီလမ်း၊ အမှတ်(၂၃-ဘီ/၂)နေ (ဦးသွင်-ဒေါ်အုန်းမေ)တို့၏သမီး၊ ဦးသိန်းထွန်း၏ဇနီး၊ ကိုစိုးထွန်းလင်း-မမေဇင်ကို၊ ကိုဝေမင်းဖြိုး-မရွှေရည်မျိုး၊ မအေးငြိမ်းဖြူတို့၏ မိခင်၊ လင်းရံမင်းဖြိုး(ခ)ရွှေမို၊ သုထက်မင်းဖြိုး(ခ)ညီမိုတို့၏အဘွား၊ (ဦးသိန်းတန်-ဒေါ်ခင်နွဲ့ဝင်း)၊ (ဦးသိန်းဝင်း-ဒေါ်ခင်သန်းမူ)တို့၏ညီမ၊ ဦးသူရသွင်-ဒေါ်ညိုညို၊ ဒေါက်တာကျော်စွာလှိုင်-(ဒေါက်တာကြူကြူသွင်)၊ ဒေါက်တာတင်မောင်ထွန်း-ဒေါက်တာနီနီသွင်(ခေတ္တ-USA)တို့၏ အစ်မသည် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၅:၄၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၄-၈-၂၀၂၁(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးသန်းဆွေ
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့နေ (ဦးတင်မောင်-ဒေါ်သန်းနွဲ့)တို့၏ သား၊ (ဦးတင်အောင်-ဒေါ်သောင်းကြည်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်ကျောင်းလမ်း၊ အမှတ်(၆/A)နေ ဒေါ်ရီရီခိုင်၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးပိုင်(ကမ္ဘာ့ရတနာဘဏ်)၊ မောင်မင်းခန့်ပိုင် (R.K Yangon Steel Co., Ltd)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းဆွေသည် ၉-၈-၂၀၂၁(တနင်္လာနေ့) ည ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၁(အင်္ဂါနေ့)တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးပါလာနီး(ခ)ဦးနေလင်း
**အသက်(၅၄)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၃)လမ်း၊ အမှတ်(၂၀)နေ [ဦးကန်ဒါဆွာမိ (ဗဟိုဘဏ်-ငြိမ်း)-ဒေါ်အနဲနာလက်ချမီး]တို့၏သားကြီး၊ ဦးဂျီဗလဲဆွာမိ၏ တူအကြီး၊ (ဦး p.D ရာချ်)-ဒေါ်ပရေမားတို့၏သားသမက်၊ ဒေါ်ဝင်းကြည်၊ ဒေါ်ယဉ်ယဉ်မြင့်၊ ဒေါ်ပူစ်ပါးတို့၏ မောင်လေး၊ ဦးမောင်မောင်၊ ဦးဇော်ဇော်၊ ဒေါ်ခင်သူဇာ၊ ဒေါ်ဇာဇာဝင်းတို့၏အစ်ကို၊ ဒေါ်ပရေဘာ၏ချစ်လှစွာသော ခင်ပွန်း၊ မောင်နိုင်အောင်လင်း၊ မမေသဇင်ဦးတို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးပါလာနီး(ခ)ဦးနေလင်းသည် ၁၀-၈-၂၀၂၁ (အင်္ဂါနေ့) ညနေ ၅:၄၅နာရီတွင် Sakura ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၁-၈-၂၀၂၁(ဗုဒ္ဓဟူးနေ့)တွင် ဟိန္ဒူရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကိုမျိုးဇော်သူ (ဇော်ဇော်)
**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ မြဝတ်ရည်လမ်း၊ အမှတ် (၁၀၇)နေ (ဦးဝင်းမြိုင်)-ဒေါ်အေးမြင့် (မြန်မာစာပါမောက္ခ-ငြိမ်း)တို့၏ ချစ်လှစွာသောသားငယ်၊ ဦးကျော်သူဝင်း(ကျော်ကျော်)-ဒေါ်ချိုချိုထိန်တို့၏ ညီ/မောင် ကိုမျိုးဇော်သူ (ဇော်ဇော်)သည် ၁၂-၈-၂၀၂၁ (ကြာသပတေးနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

# ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ ကား အလှူဒါယကာကြီး**
## ဦးအောင်ကျော်
**B.Sc, BL မြိတ်မြို့ (စက္ကူ/ဓာတုစက်မှု-၁)**
**အသက်(၈၆)နှစ်**

မြိတ်မြို့၊ တလိုင်းစုရပ်ကွက်နေ သတ္တုတွင်းပိုင်ရှင် (ဦးစစ်ရိန်-ဒေါ်ဟုန်စိန်)တို့၏သား၊ ဦးမောင်မောင်ကျော် (ညွှန်ချုပ်-စစစ)-(ဒေါ်ချိုလှဲ့ဦး)တို့၏ဖခင် ဦးအောင်ကျော်သည် ၃၁-၇-၂၀၂၁ ရက်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**သတင်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးနှင့်ဇနီး**
**တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြညွန့်
**အသက်(၉၂)နှစ်**
**မြရတနာအထည်ဆိုင် (မော်လမြိုင်မြို့)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ငန်းတေးလမ်း၊ ခြံအမှတ်(L/18)နေ (ဦးဘသိန်း)၏ဇနီး၊ ဦးဉာဏ်ဝင်း-ဒေါ်အေးအေးမူ၊ ဦးအောင်မျိုး-ဒေါ်ရွှေရည်၊ ဒေါက်တာစိုးဝင်း-ဒေါ်ဝင်းမာ၊ ဦးကိုကိုလွင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်မြင့်မြင့်မော်တို့၏မိခင်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွား ဒေါ်မြညွန့်သည် ၁၁-၈-၂၀၂၁ ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂-၈-၂၀၂၁ ရက် နံနက် ၁၀:၃၀ နာရီတွင် မော်လမြိုင်မြို့ ပိန္နဲကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ငွေးရီ
**(သထုံ)**
**အသက်(၈၀)**

သထုံမြို့နေ (ဦးဖိုးနွယ်-ဒေါ်သိန်းခင်)တို့၏ မြေး၊ [(ဦးသောင်းရွှေ-ဒေါ်သန်းကြည်(ဒေါ်ဓမ္မနန္ဒီ)]တို့၏ သမီးကြီး၊ (သီရိပုံချီ ဦးဘလှ-ဒေါ်ကြည်)တို့၏ သမီးချွေးမ၊ (ဦးစစ်ရင်)-ဒေါ်ခင်ရီ၊ ဒေါ်စံဝင့်ခိုင်တို့၏ ချစ်လှစွာသောအစ်မကြီး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးဝေလင်း(ငြိမ်း) (ဒုတိယညွှန်ကြားရေးမှူး၊ သံချပ်ကာယန္တရားတပ်ဖွဲ့)၏ ချစ်လှစွာသောဇနီး၊ ဦးကေလာသ (ဦးကျော်မင်းဦး)၊ ဒေါ်ရီရီမင်း၊ ဒေါက်တာသီတာမင်း(ကထိက၊ မြန်မာစာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဦးအောင်ကိုမင်းတို့၏ ချစ်လှစွာသောကျေးဇူးရှင်မိခင်ကြီးသည် ၈-၈-၂၀၂၁ (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ နံနက် ၁၁ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးညွန့်သန်း(စမ်းချောင်း)
**အသက် (၇၆) နှစ်**
**အငယ်တန်းအင်ဂျင်နီယာ (ရေ/သန့်)ဌာန (ငြိမ်း)**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အတွင်းရေးမှူး (စမ်းချောင်းမြို့နယ်ဂီတအစည်းအရုံး)**

ရန်ကုန်မြို့၊ အမှတ်(၇၅)၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်နေဒေါ်မြမြရီ၏ ချစ်လှစွာသောခင်ပွန်း။ ကိုဟိန်းစည်သူညွန့် (KMD Institute)၊ မချစ်ဖူးငုံညွန့် (Yangon Academy International School)၊ မဆုရတနာညွန့် (Unlimited Experss (Myanmar) Co.,Ltd.) တို့၏ မွေးသဖခင်ကျေးဇူးရှင်ဦးညွန့်သန်းသည်၁၀-၈-၂၀၂၁(အင်္ဂါနေ့)ညရနာရီ ၂၅မိနစ်ခန့်တွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၈-၂၀၂၁(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂:၀၀နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည် ။

ကျန်ရစ်သူမိသားစု

---

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ဒေါက်တာ ဦးချစ်ကြည်
**ဆေးရုံအုပ်ကြီး(ငြိမ်း)**
**မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံ**
### အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၇၃)နေ (ဦးအောင်ကြီး-ဒေါ်ကျော့ရီ)တို့၏သား၊ ဒေါ်မေရီ၏ခင်ပွန်း ဒေါက်တာ ဦးချစ်ကြည်သည် ၂၁-၇-၂၀၂၂(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွန့်
**လ/ထ ညွှန်မှူး(ငြိမ်း) စာရင်းစစ်ချုပ်ရုံး**
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁) ရပ်ကွက်၊ လမ်းသွယ်(၁၁)၊ တိုက်(၁၅/၆)နေ ဒေါ်ကြူကြူရှိန် (စာရင်းစစ်မှူး-ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး)၏ခင်ပွန်း၊ ဦးသက်ညွန့်ဦး(Seagram Myanmar)-ဒေါ်နီလာခိုင် (TMW Enterprise)၊ ဦးမင်းညွန့်ဟန်-ဒေါ်မေသူအောင်၊ ဗိုလ်မှူးနေလင်းထိုက်(ငြိမ်း)(DSA 44)-ဒေါ်အေးညွန့်သီ (Heliunion Myanmar)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မအိမ့်ခြူးမေ၊ မောင်ခန့် ပြည့်ဖြိုးတို့၏ ဘိုးဘိုးကြီးသည် ၁၁-၈-၂၀၂၂ ရက် ညနေ ၅:၂၀ နာရီတွင် နေအိမ်၌ ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
## ဒေါ်စိန်ရီ
### အသက် (၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၂၀)နေ (ဦးဝင်း-ဒေါ်စောခင်)တို့၏သမီး၊ ဒေါ်ခင်ခင်ဆင့်၊ ဦးနုတင်-ဒေါ်မေနီလာမောင်၊ (ဦးလှမင်း)-ဒေါ်ခင်ဆွေဆွေဝင်း၊ ဦးထွန်းလွင်-ဒေါ်ခင်လေးမြင့်(ခ)ဒေါ်ညိုမီ၊ (ဦးမင်းသော်)-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသောမိခင်၊ မြေး မောင်ဝေယံမင်းသော်-မဝင်းမွန်မွန်သူ၊ ဗိုလ်ကြီးဝေဖြိုး၊ မောင်ကောင်းဇော်ထွန်း-မမေဇွန်ပွင့်၊ မောင်ကောင်းမြတ်မင်းသော်၊ မောင်ဝေဟိန်း၊ မခင်မြတ်မွန်၊ မစုမြတ်နိုး၊ မောင်ကောင်းထက်မင်းသော်၊ မကေသီထွန်းတို့၏ ချစ်လှစွာသောအဘွား၊ မြစ် မယွန်းဝတီသော်၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်စိန်ရီသည် ၁၁-၈-၂၀၂၂ ရက် ည ၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း။ [ကွယ်လွန်သူ၏ဆန္ဒအရ ရေဝေးသုသာန်သို့ ၁၂-၈-၂၀၂၂ရက်တွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်အေး
**အလယ်တန်းပြဆရာမ (ငြိမ်း)**
**အမက(၉)၊ သာကေတ**
### အသက် (၇၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ် (၃၆၅)နေ (ဦးဘသန်း-ဒေါ်တင်ရီ)တို့၏သမီး၊ (ဦးဘမွန်း-ဒေါ်မြ)တို့၏ သမီးချွေးမ၊ ဦးမြင့်ကြည်(တရားလွှတ်တော်ရှေ့နေ)၏ဇနီး၊ မချောထက်မြတ်၊ ဦးရာဇာဝဏ္ဏ-မမြတ်မြတ်မင်း၊ ဒေါက်တာပြည့်စုံအောင်-မသုမြတ်သန့်ဇင်၊ မစုမွန်ရတနာ (တရားလွှတ်တော်ရှေ့နေ)တို့၏ မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၂-၈-၂၀၂၂ (ကြာသပတေးနေ့) နံနက် ၅:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၂ (စနေနေ့)တွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဆန်းတင်
**ဒု-ညွှန်မှူး(ငြိမ်း)စိစစ်တိုးဦးစီးဌာန**
**မိုးကုတ်နယ်လှည့်ခမ္မကထိက**
### အသက် (၈၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/ရပ်ကွက်၊ အောင်သစ္စာ(၅)လမ်းနေ ဒေါ်တင်မေဦး(အဖွဲ့ဝင် SECM)၏ ခင်ပွန်း၊ ဦးဌေးဦး-(ဒေါ်စုစုလှိုင်)၊ ဒေါ်စုစုလတ်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်သီဟရင်မြင့်၊ မမေသူခင်၊ မခင်မေဖြိုး၊ မရွှေယွန်းသံသာတို့၏ အဘိုး ဦးဆန်းတင်သည် ၁၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ တန်ဆောင်း ဒါယကာကြီး**
## ဦးအုန်းမြင့် (LL.B) (ကျိုက်လတ်မြို့)
**တရားလွှတ်တော်ရှေ့နေ**
### အသက်(၆၉)နှစ်

ကျိုက်လတ်မြို့၊ အမှတ်(၁၈)၊ (၄)လမ်းနေ (ဦးဝက်စီ-ဒေါ်မမလေး)တို့၏သား၊ အမှတ်(၁၀၀၁/ခ)၊ ဇဋ္ဌိလ (၁)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝေမာအောင် (တွံ့ဖက်မြို့နယ်တရားသူကြီး၊ ခေတ္တ-ဂျပန်)၊ မောင်ဇင်ကိုခန့်(3rd Year Law)တို့၏ ချစ်လှစွာသောဖခင် ဦးအုန်းမြင့်သည် ၁၀-၈-၂၀၂၂ ရက် နံနက် ၃နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီးဖြစ်ပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ကျောင်း ဒါယကာကြီး ဦးတိုးမောင်
**တိုင်းပညာရေးမှူး(ငြိမ်း)**
### အသက် (၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်နေ (ဦးကျော်ဇော-ဒေါ်အေးတင်)တို့၏သား၊ (ဦးမျိုးလွင်-ဒေါ်ဖွားတင်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာနေ ဒေါ်ထွားရီ၊ အထက်တန်းသူနာပြု(ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဟန်လင်းမောင်(ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး)-ဒေါ်အေးအေး(အထက်တန်းပြ)၊ ဦးသန်းထွေး(သံအမတ်၊ မြန်မာသံရုံး၊ ဗန်ကောက်မြို့)-ဒေါ်သေန္တာ(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဗိုလ်ကြီးပြည့်ဖြိုးအောင်(မျက်စိခွဲစိတ်ပါရဂူ၊ မဆရ ၁၂၊ ကျိုင်းတုံ)-ဒေါက်တာဆုသက်မှူးနိုင်(လက်ထောက်ကထိက၊ မွေးမြူရေးဆေး တက္ကသိုလ်)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဉာဏ်လင်းထက်(ခ)ပေါက်ပေါက်နှင့် မရွှေယွန်းပြည့်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၁၂-၈-၂၀၂၂ ရက် (ကြာသပတေးနေ့) ညနေ ၀၅:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာ အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြတ်သူ(ခ) ဦးအောင်မြတ်သူ
### အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာလုံးချင်း အိမ်ရာ၊ သုနန္ဒာ (၈)လမ်း၊ အမှတ် (၁၃၈)နေ ဦးတင်ဝင်း-ဒေါ်စန်းရီတို့၏ သားအငယ်ဆုံး၊ ဒေါ်ခိုင်သဇင်ဦး၏ခင်ပွန်း၊ မောင်ဘုန်းမြတ်သူ(ခ)ဝမ်းဝမ်း၊ မဖူးပြည့်မျက်ခြယ်(ခ)ယုကီတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၁၇-၇-၂၀၂၂ (စနေနေ့) နံနက် ၁၀:၁၅ နာရီတွင် (၉၆)ပါးရောဂါဝေဒနာဖြင့် အထက်ပါနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၇-၂၀၂၂ (သောကြာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်၌ တရားတော်နာပြီး ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း(ခ) ကိုဟိုက်တင်
**ထောက်ကြန့်**
### အသက်(၆၀)

ရန်ကုန်မြို့၊ ထောက်ကြန့်နေ [ဦးစာရေးလေး-ဒေါ်စောကျင် (ဖိုက်စတား စတိုး)]တို့၏ စတုတ္ထသား၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာကွန်ဒို၊ အခန်း (၇၀၅)နေ ဒေါ်မြမြဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မအိသဥ္ဇာသိန်း၊ မဆုမြတ်နိုးသိန်း၊ မောင်ကောင်းမင်းခန့်တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီးသည် ၁၂-၈-၂၀၂၂ ရက် နံနက် ၃:၂၂ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်ကြီးတင်သွယ်(ငြိမ်း)
**ကြည်း-၁၃၅၈၅၊ O.T.S(50)**
### အသက်(၇၆)နှစ်

ပုသိမ်ကြီးမြို့နယ်၊ အုန်းချောရွာနေ (ဦးစိန်ဝင်း-ဒေါ်မြရီ)တို့၏ သား၊ ဒေါ်အုံးမြိုင်၏ ခင်ပွန်း၊ ဗိုလ်မှူးကြီးသန်းနိုင်ဝင်း-ဒေါ်စိုးစိုးသွယ်၊ (ဦးဇော်မြင့်ဦး)-ဒေါ်မိုးမိုးသွယ်၊ ဗိုလ်ကြီးကျော်ဝင်းထွန်း(ငြိမ်း)-ဒေါ်ဝင်းသီတာထွန်းတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဗိုလ်ကြီးတင်သွယ်(ငြိမ်း)သည် ၁၁-၈-၂၀၂၂ ရက် ည ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်မြင့်မြင့်သိန်း(ခ) ဒေါ်ညို (ဒိုက်ဦး)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၃၉၆)၊ အောက်ပုဇွန်တောင်လမ်းမကြီးနေ (ဦးကျန်နား-ဒေါ်လှခင်)တို့၏ သမီး၊ (ဦးလျန်ဟင်း-ဒေါ်ခင်သွယ်)၊ (ဦးခလေးကျင်)-ဒေါ်ခင်သန်း၊ (ဦးသိန်းကျော်-ဒေါ်အင်ရွှေ)တို့၏ ညီမ၊ ဦးခင်မောင်လတ်-ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်ကလီတို့၏အစ်မ၊ (ဦးလှရွှေ)၏ချစ်လှစွာသောဇနီး၊ ဦးဝင်းအောင် (ရွှေစင်သိန်းမိသားစု)-ဒေါက်တာချိုချိုမြင့်၊ ဒေါ်သင်းသင်းအိ၊ ဒေါက်တာခင်စန္ဒာအေး၊ ဦးဝင်းဇော်-ဒေါက်တာစန်းစန်းခိုင်၊ ဦးလှမိုး-ဒေါ်လွင်မေသန့်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကိုမြတ်သီဟကျော်၊ မဖူးပွင့်လှိုင်၊ မဟေဇင်ဝင်းထွေး၊ မသင်းသဇင်တို့၏ အဘွားသည် ၁၁-၈-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန် ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**သင့် သွေးဖြင့် အသက် ကယ်ပါ**

## ဦးမြင့်သိန်း(ခ) ကိုဟိုက်တင်
**ထောက်ကြန့်**
### အသက်(၆၀)

ရန်ကုန်မြို့၊ ထောက်ကြန့်နေ [ဦးစာရေးလေး-ဒေါ်စောကျင် (ဖိုက်စတားစတိုး)]တို့၏ စတုတ္ထသား၊ (ဦးချိန်တီး)-ဒေါ်ရင်ရင်အေးတို့၏ မောင်၊ ဦးသောင်းထိုက်-မစန်းစန်းလွင်၊ ဦးလှမြင့်-ဒေါ်အေးအေးမွန်၊ ဦးစိုးမြင့်-ဒေါ်စန်းစန်းသွင်တို့၏ ညီ၊ ဦးမြင့်လွင်-ဒေါ်ကျင်နုတို့၏အစ်ကို၊ တူ/ တူမ ၁၅ ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၁၂-၈-၂၀၂၂ ရက် နံနက် ၃:၂၂ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမောင်နှမတစ်စု

## ဦးစစ်သိန်း
**နည်းပြ(ငြိမ်း)၊ အင်္ဂလိပ်စာဌာန၊ မုံရွာကောလိပ်**
**အယ်ဒီတာ(ငြိမ်း)၊ စာပေဗိမာန်**
### အသက်(၇၅)နှစ်

ညောင်တုန်းမြို့နယ်နေ (ဦးမောင်ပု-ဒေါ်စိန်ဖော့)တို့၏ သား၊ ဒေါ်မြစိန်၏မောင်၊ (၁၃၀/၆)၊ စမ်းချောင်းလမ်းနေ ဒေါ်အေးအေးလှိုင် (လ/ထ ကထိက-ငြိမ်း)၏ ခင်ပွန်း၊ ညီ၊ ညီမ ငါးယောက်တို့၏ အစ်ကို၊ ကိုဥက္ကာကျော်-မသဇင်တို့၏ဖခင်၊ မင်းလူသစ်၏အဘိုး ဦးစစ်သိန်းသည် ၂၇-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၇-၂၀၂၂ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု




## ဦးမြင့်သိန်း(ခ) ကိုဟိုက်တင်
**ထောက်ကြန့်**
### အသက်(၆၀)

ရန်ကုန်မြို့နေ ဦးခင်မောင် - (ဒေါ်သန်းကြည်)တို့၏ သားသမက်၊ (ဦးထွန်းမြင့်)-ဒေါ်အေးမြင့်သန်း၊ ဦးမောင်စိုး-ဒေါ်မာလာမြင့်၊ ဦးအောင်ဉာဏ်-ဒေါ်အေးမြင့်ရီ၊ ဦးသန်းဦး-ဒေါ်တင်တင်ခိုင်တို့၏ ညီ/မောင်၊ ဦးခင်မောင်ဇော်-ဒေါ်ဆွေဆွေ၊ ဦးဇော်မျိုးထွဋ်-ဒေါ်ဝေဝေလွင်တို့၏ အစ်ကို၊ တူ/တူမ ၁၅ ယောက်တို့၏ ချစ်လှစွာသောဦးလေးသည် ၁၂-၈-၂၀၂၂ ရက် နံနက် ၃:၂၂ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ထောက်ကြန့် မြို့ရှောင်လမ်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမောင်နှမတစ်စု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးဝင်းမြင့်
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
### အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဇာနည်အထက်(၁၂)လမ်း၊ အမှတ် (၄၄၀)နေ (ဦးခင်သောင်း-ဒေါ်မူ)တို့၏သား၊ (ဦးညီမောင်-ဒေါ်စောကြည်)တို့၏သားသမက်၊ ဒေါ်နှင်းနှင်းအေး၏ခင်ပွန်း၊ ကိုအောင်သူ-မသီရိရည်မွန်၊ မဟေမာန်သဇင်၊ ကိုမျိုးမင်းသူ-မကေသီဝင်းအောင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၂-၇-၂၀၂၂ရက် ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၇-၂၀၂၂ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၇-၂၀၂၂ရက်တွင် ရက်လည်ဆွမ်းကျွေး တရားနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## သတင်းထုတ်ပြန်ချက်

### အတည်ပြုနိုင်ခြင်းမရှိသော မှားယွင်းသည့် သတင်းအချက်အလက်များအပေါ် အခြေခံကာ တစ်ဖက်သတ်စွပ်စွဲမှုများကို လက်မခံ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener သည် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ၁၀-၈-၂၀၂၁ ရက်တွင် နယူးယောက်စံတော်ချိန် ၁၀:၀၀ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့်ပြုလုပ်ခဲ့မှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်သည်။

သတင်းစာရှင်းလင်းမှု၌ သူမအနေဖြင့် အတည်ပြုနိုင်ခြင်းမရှိသော မှားယွင်းသည့် သတင်းအချက်အလက်များအပေါ် အခြေခံကာ တစ်ဖက်သတ်စွပ်စွဲ ပြောကြားထားသည်။ ရှင်းလင်းပြောကြားရာတွင် အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကြားမှ အစိုးရ၏ ဒီမိုကရေစီကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် သက်ဆိုင်ရာ မြန်မာအာဏာပိုင်များမှ ပုံမှန်ထုတ်ပြန်အသိပေးနေသည့် သတင်းအချက်အလက်များကို လျစ်လျူရှုခဲ့သည်။ ထို့ပြင် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ဖွဲ့စည်းစေလိုကြောင်းဖြင့် အဆိုပြုမှုများသည် မြန်မာနိုင်ငံအပေါ် မလိုလားအပ်သော နိုင်ငံရေးဖိအားပေးသည့်သဘော သက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ဘုံသဘောတူညီချက်(၅)ချက်အား အကောင်အထည်ဖော်ဆောင်ရွက်လိုကြောင်း ပြသသည့်အနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်ခန့်အပ်မှုအား လက်ခံခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အားခန့်အပ်သည့်အဆိုအား လက်မခံ ပယ်ချခဲ့သော်လည်း ကုလသမဂ္ဂနှင့်အပြုသဘော ပူးပေါင်းဆောင်ရွက်မှုကိုပြသသည့်အနေဖြင့် အထူးကိုယ်စားလှယ်နှင့် ၂၀၁၈ ခုနှစ်မှစတင်၍ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐



## ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်သုံးဆေးဝါးများ သိုလှောင် အမြတ်တင်ရောင်းချနေသည့် ဆေးဂိုဒေါင်များကို စိစစ်အရေးယူ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေစဉ်ကာလအတွင်း အများပြည်သူအတွက် ဆေးဝါးဈေးနှုန်းမြင့်မားခြင်းမရှိစေရန်ရည်ရွယ်၍ ဆေးဂိုဒေါင်များကို မြို့နယ်အလိုက် အဖွဲ့များဖွဲ့၍ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် နေ့စဉ်ရောင်းဝယ်နေမှုများကို မထိခိုက်စေရန် ဆေးဝါးဖြန့်ချိရောင်းချနေသော မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေး၊ သိမ်ကြီးဈေး၊ ဗိုလ်ချုပ်ဈေးမှ လက်လီ၊ လက်ကားဆိုင်ကြီးများကို ဝင်ရောက်စစ်ဆေးခြင်းမပြုဘဲ သီးသန့်ဂိုဒေါင်များဖြင့် သိုလှောင်ထားသော ဆေးဂိုဒေါင် ၂၄ ခုကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးများ ကွပ်ကဲရေးဦးစီးဌာန၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

## အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို စက်တင်ဘာလတွင်ကျင်းပရန် စီစဉ်

ရန်ကုန် ဩဂုတ် ၁၂

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ပထမဆုံးပြိုင်ပွဲအဖြစ် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲကို စက်တင်ဘာလတွင်ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြီးခဲ့သည့်နှစ်ကတည်းက ပြိုင်ပွဲများကျင်းပနိုင်ခြင်းမရှိခဲ့သည့် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပထမဆုံးပြိုင်ပွဲအဖြစ် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲပြုလုပ်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍


### ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းဖြန့်ဖြူးရာတွင် လိုက်နာရမည့်အချက်များ**

စာမျက်နှာ » ၁၀

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသည့် ဦးအောင်ကျော်ဇံ၊ ဦးကျော်အေးသိန်း၊ ဦးမင်းအောင်နှင့် ဦးကျော်လွင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူ**

စာမျက်နှာ » ၁၅

**အာရီးလ်စပန့်စ် မျက်လုံးဒဏ်ရာရရှိခဲ့လို့ ယော်ဒန်းနစ်ယူဂတ်စ်နဲ့ ထိုးသတ်ရတော့မယ့် ပက်ကွီယို**

စာမျက်နှာ » ၂၅